# မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ

# Myanmar National Committee for Women's Affairs




| National Strategic Plan for the Advancement of Women(2013-2022) |
|---|
| လေ့လာဆန်းစစ်ချက်အစီရင်ခံစာ<br>Mapping Analysis Report |

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန

Ministry of Social Welfare,Relief and Resettlement

လူမှုဝန်ထမ်းဦးစီးဌာန

Department of Social Welfare

# အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)နှင့် ဆက်စပ်မှုရှိသည့် အမျိုးသမီးစွမ်းပကားမြှင့်တင်ရေး( သို့မဟုတ်) ကျား/မ တန်းတူညီမျှရေးအတွက် ကနဦးဆောင်ရွက်မှုများနှင့် လုပ်ငန်းစီမံချက်များ အပေါ် လေ့လာဆန်းစစ်ချက်

၂၀၁၆ခုနှစ် ဒီဇင်ဘာလ

## ဥယျောဇဉ်

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)၏ ရည်ရွယ်ချက်မှာ- မြန်မာနိုင်ငံရှိ အမျိုးသမီးအားလုံးသည် စွမ်းဆောင်ရည်မြင့်မားလာပြီး ၎င်းတို့၏ အခွင့်အရေး ရပိုင်ခွင့်များကို အပြည့်အဝခံစားရရှိနိုင်စေရန်ဖြစ်ပါသည်။ ဤမဟာဗျူဟာ စီမံကိန်းပါ လုပ်ငန်းနယ်ပယ်များကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှသာလျှင် ထိရောက် အောင်မြင်မည် ဖြစ်ပါ သည်။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂)တွင် ပါဝင်သောအဓိကလုပ်ငန်းနယ်ပယ်(၁၂)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အမျိုးသမီး ၊အမျိုးသား၊ ယောကျ်ားလေး၊ မိန်းကလေးငယ်များအားလုံးသည် တန်းတူညီမျှမှုရှိသည့် လူ့အသိုက်အမြုံတစ်ခုအဖြစ်သို့ ပြောင်းလဲဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ဤလုပ်ငန်းနယ်ပယ်(၁၂)ရပ်ကို အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (United Nations Convention on the Elimination of All Forms of Discrimination against Women : UNCEDAW)နှင့် ကမ္ဘာ့အမျိုးသမီးညီလာခံ ဘေဂျင်း(၁၉၉၅) တို့မှ ချမှတ်ထားသော လုပ်ငန်းစီမံချက်တို့နှင့်အညီ ရေးဆွဲထားပါသည်။

အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂) လေ့လာဆန်းစစ်ချက်အစီရင်ခံစာအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်၍ ဗြိတိန်နိုင်ငံ၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ နည်းပညာ အကူအညီဖြင့် ပြုစုထားခဲ့ပါသည်။ နှီးနွှယ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂနှင့် အဖွဲ့အစည်းများ၏ မဟာဗျူဟာစီမံကိန်းများအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု လမ်းပြမြေပုံဆိုင်ရာ အကြောင်းအရာများကိုလည်း ဆန်းစစ်လေ့လာသုံးသပ်မှုများ ပြုလုပ်ထား ပါသည်။ ဤသုံးသပ်ချက်များအရ အစိုးရဝန်ကြီးဌာနများ ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများမှ မဟာဗျူဟာ စီမံကိန်း၏ ဦးစားပေးကဏ္ဍအသီးသီးနှင့် ပတ်သက်သောလုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုထိရောက်စွာ အကောင် အထည်ဖော်ခြင်းဖြင့် နိုင်ငံတော်၏ဦးစားပေးကဏ္ဍများဖြစ်သော ငြိမ်းချမ်းရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး၊

အမျိုးသမီးများနှင့် အမျိုးသမီးငယ်ရွယ်များအပေါ် အကြမ်းဖက်မှု လျော့နည်းပပျောက်ရေးနှင့် သဘာဝဘေး အန္တရာယ်ကို ခံနိုင်ရည်စွမ်းအားမြင့်မားစေခြင်း စသည့်ကဏ္ဍများတွင်လည်း အကျိုးရှိလာမည် ဖြစ်ပါသည်။ ကျား၊မရေးရာတန်းတူညီမျှမှုမရှိခြင်းကို လျော့ချခြင်းအားဖြင့် ကုန်ထုတ်လုပ်မှုစွမ်းအားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက် စေမည့်အပြင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ ပူးပေါင်းပါဝင်ခြင်းအားဖြင့် ငြိမ်းချမ်းရေးသည် ရေရှည် တည်တံ့ခိုင်မြဲမှုရရှိစေနိုင်မည်ဖြစ်ပါသည်။ ကျား၊မရေးရာ တန်းတူညီမျှမှုရှိခြင်းသည် သဘာဝဘေးအန္တရာယ်များ အား ခုခံနိုင်ရန်အတွက် စွမ်းအားများ ပိုမိုအားကောင်းစေနိုင်ကြောင်းကိုလည်း ကမ္ဘာတစ်ဝန်းလုံးရှိ အထောက် အထားများအရ တွေ့ရှိရပါသည်။

ဤအစီရင်ခံစာသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်း အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို လက်ရှိတွင် မည်သို့အသုံးချနေသည်၊ မဟာဗျူဟာစီမံကိန်း၏ မည်သည့်ကဏ္ဍတွင် အရှိန်အဟုန် မြင့်မားစွာဖြင့် လုပ်ငန်းဆောင်ရွက်မှု ရှိနေသည်၊ မည်သည့်နေရာများတွင် လစ်ဟာချက်များ ဖြစ်ပေါ်နေသည်တို့ကို ညွှန်ပြထားသည့် စာတမ်းတစ်စောင်ဖြစ်ပါသည်။ အစီရင်ခံစာတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းသည် စဉ်ဆက် မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ(SDGs)၊ UNCEDAWကော်မတီ၏ အကြံပြုချက်များနှင့် မည်သို့ချိတ်ဆက်လျက် ရှိကြောင်းဖော်ပြထားပါသည်။ ဤလေ့လာဆန်းစစ်ချက်အစီရင်ခံစာသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ စီမံကိန်း၏ ဦးစားပေးနယ်ပယ်များအား လူမှုဝန်ထမ်း ၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများရှိ စီမံကိန်းများ၊ နည်းဗျူဟာများတွင် ထည့်သွင်း ဖော်ဆောင်ရန်အတွက် များစွာအကျိုးရှိနိုင်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ဦးဆောင်မှုဖြင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကို ပြဋ္ဌာန်းပြီး နောက်ပိုင်းတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး ပန်းတိုင်များ ထဲမှ အထူးပြုသည့် ပန်းတိုင်အမှတ်(၅)၊ UNCEDAW ကော်မတီ၏ မြန်မာနိုင်ငံအပေါ်အကြံပြုသုံးသပ်ချက်များ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅၊ အာဆီယံအမျိုးသမီးရေးရာကော်မတီ၊ အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ်များအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်နှင့် ၂၀၁၅ခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ ပုံမှန်သုံးသပ်လေ့လာမှုပါ အကြံပြုချက်များတို့အပေါ် ထားရှိသော ကတိကဝတ်များသည် ကျား၊မရေးရာလုပ်ငန်းစဉ်များအဖြစ် ဆောင်ရွက်ရန်လိုအပ်လာပါသည်။ အဆိုပါ ကတိကဝတ်များနှင့် လုပ်ငန်းစဉ်များသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာ ဗျူဟာစီမံကိန်းပါ လုပ်ငန်းနယ်ပယ်(၁၂)ရပ်နှင့် ဆက်စပ်လျက်ရှိပြီး ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကို ဤအစီရင်ခံစာ၌ ဖော်ပြထားပါသည်။

ဤလေ့လာဆန်းစစ်ချက် အစီရင်ခံစာသည် အစိုးရအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း များအကြား ရှေ့ဆက်ဆောင်ရွက်ရမည့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကို အထောက်အကူပြုစေမည်ဖြစ်ပြီး

မြန်မာနိုင်ငံ၏ ကျားမရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အားဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အနာဂတ်အတွက် ကောင်းကျိုးများ ဖြစ်ထွန်းပေါ်ပေါက်လာစေမည်ဟု ယုံကြည်မိပါသည်။

**ဒေါက်တာဝင်းမြတ်အေး**

**ပြည်ထောင်စုဝန်ကြီး၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ဥက္ကဋ္ဌ၊မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မာတိကာ


| | | |
|---|---|---|
| **မာတိကာ** | | ၂ |
| **အတိုကောက်စာလုံးများ** | | ၃ |
| **အခန်း ၁** | **နိဒါန်း** | ၅ |
| ၁.၁ | လေ့လာဆန်းစစ်ချက်အတွက် နည်းလမ်းများ | ၅ |
| ၁.၂ | လေ့လာဆန်းစစ်ချက် လုပ်ဆောင်ရာတွင် ကန့်သတ်ချက်များ နှင့်အားနည်းချက်များ | ၅ |
| **အခန်း ၂** | **တွေ့ရှိချက်များ** | ၇ |
| ၂.၁ | အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်း | ၇ |
| ၂.၂ | အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး | ၉ |
| ၂.၃ | အမျိုးသမီးများနှင့် ကျန်းမာရေး | ၁၁ |
| ၂.၄ | အမျိုးသမီးများအပေါ် အကြမ်းဖက်မှု | ၁၃ |
| ၂.၅ | အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ | ၁၆ |
| ၂.၆ | အမျိုးသမီးများနှင့် စီးပွားရေး | ၁၈ |
| ၂.၇ | အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး | ၂၀ |
| ၂.၈ | အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ | ၂၃ |

| | | |
|---|---|---|
| ၂.၉ | အမျိုးသမီးများနှင့် လူ့အခွင့်အရေး | ၂၅ |
| ၂.၁၀ | အမျိုးသမီးများနှင့် မီဒီယာ | ၂၇ |
| ၂.၁၁ | အမျိုးသမီးများနှင့် ဘဘာဝပတ်ဝန်းကျင် | ၂၈ |
| ၂.၁၂ | အမျိုးသမီးငယ်ရွယ်များ | ၂၉ |
| **အခန်း၃** | **နိဂုံးချုပ်နှင့်ရှေ့လုပ်ငန်းစဉ်များ** | **၃၁** |

# အတိုချုံးနှင့်အတိုကောက်စာလုံးများ

| | |
|---|---|
| ACW | အာဆီယံအမျိုးသမီးရေးရာကော်မတီ |
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| AGIPP | ငြိမ်းချမ်းရေးနှင့်ကျား/မတန်းတူညီမျှရေးမဟာမိတ်အဖွဲ့ |
| CDD | လူထုဗဟိုပြုစီမံကိန်း |
| CEDAW | အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ် |
| CSO | အရပ်ဖက်လူမှုရေးအဖွဲ့အစည်း |
| DFAT | ဩစတြေးလျနိုင်ငံနိုင်ငံခြားရေးနှင့်ကုးသန်းရောင်းဝယ်ရေးဌာန |
| DRR | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန |
| DSW | လူမှုဝန်ထမ်းဦးစီးဌာန |
| DFID | ဗြိတိသျှအစိုးရ၏အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာန |
| DoP | အကျဉ်းဦးစီးဌာန |
| EAO | တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ |
| FAO | စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ |

| | |
|---|---|
| FESR | စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင် |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| GBV | ကျား/မအခြေပြုအကြမ်းဖက်မှု |
| GEN | ကျား/မတန်းတူညီမျှရေးကွန်ရက် |
| GEWE SWG | ကျား/ မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ |
| GoM | မြန်မာနိုင်ငံအစိုးရ |
| IFES | ရွေးကောက်ပွဲစနစ်များအတွက်အပြည်ပြည်ဆိုင်ရာဖောင်ဒေးရှင်း |
| INGO | အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ |
| ILO | အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ |
| IOM | ရွှေ့ပြောင်းသွားလာရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း |
| JICA | ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| LIFT | အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ |
| LNGO | ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများ |
| MAPDDR | သဘာဝဘေးအန္တရာယ်လျော့ပါးရေးအမျိုးသားအဆင့်လုပ်ငန်းစီမံချက် |
| MEC | မြန်မာ့ပညာရေးအဖွဲ့ |
| MEI | မြန်မာ့သဘာဝပတ်ဝန်းကျင်အဖွဲ့ |
| MHRC | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် |
| MMCWA | မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း |
| MNCH | မိခင်၊မွေးကင်းစနှင့်ကလေးသူငယ်ကျန်းမာရေး |
| MNCWA | မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ |
| MRCB | မြန်မာတာဝန်ယူမှုရှိသည့်စီးပွားရေးဌာန |

| | |
|---|---|
| MSWRR | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| MWAF | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် |
| MWEA | မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း |
| NCPD | အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၁-၂၀၃၀) |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်းများ |
| NSPAW | အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း |
| PGMF | ပက်တ်အပြည်ပြည်ဆိုင်ရာအသေးစားငွေချေးရန်ပုံငွေအဖွဲ့ |
| PoVAW | အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေး |
| RRD | ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန |
| SDG | စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် |
| SGBV | လိင်ပိုင်းဆိုင်ရာနှင့်ကျား/မခွဲခြားအကြမ်းဖက်မှု |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့ |
| UNFPA | ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ |
| UNICEF | ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ |
| UN WOMEN | ကုလသမဂ္ဂအမျိုးသမီးများအဖွဲ့ |
| VAW | အမျိုးသမီးများအပေါ်အကြမ်းဖက်မှု |
| WCDI | မေ့စွမ်းရည် |
| WDD | အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ |
| WLB | ဗမာ့အမျိုးသမီးသမဂ္ဂ |
| WON | အမျိုးသမီးအဖွဲ့အစည်းများကွန်ရက် |
| WPA | အမျိုးသမီးများ၏နိုင်ငံရေးလှုပ်ရှားမှု |

## ၁. နိဒါန်း

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းတွင်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက်အစိုးရဌာနဆိုင်ရာများ၊ပြည်တွင်းပြည်ပအစိုးရမဟုတ်သေ ာအဖွဲ့အစည်းများ၊ကုလသမဂ္ဂအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့များ၊အရပ်ဖက်လူမှုရေးအဖွဲ့အစ ည်းများနှင့်အလှူရှင်အဖွဲ့တစ်ဖွဲ့ချင်းစီသည်ငွေကြေး၊နည်းပညာနှင့်ပစ္စည်းအကူအညီများပံ့ပိုးေ ပးသည့်နည်းလမ်းဖြင့်ပါဝင်ဆောင်ရွက်ရန်တာဝန်ရှိသည်ဟုဖော်ပြပါရှိပါသည် (စာ-၃၅)။ ယခုအစီရင်ခံစာသည်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊လ ူမှုဝန်ထမ်းဦးစီးဌာနနှင့်အခြားဆက်စပ်ဝန်ကြီးဌာနများ၊ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဘက်အဖွဲ့အစ ည်းများ၏အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-

၂၀၂၂)နှင့်ဆက်စပ်မှုရှိသည့်အမျိုးသမီးစွမ်းပကားမြှင့်တင်ရေး(သို့မဟုတ်)ကျား/မတန်းတူညီမ ျှရေးစွန့်ဦးဆောင်ရွက်မှုများနှင့်လုပ်ငန်းစီမံချက်များအပေါ်လေ့လာမှုဆန်းစစ်ချက်များအားဖေ ာ်ပြထားပါသည်။ဤအစီရင်ခံစာအတွက်တွေ့ဆုံမေးမြန်းစဉ်

ဖြေဆိုသူများကဖြေဆိုခဲ့သည့်ဆောင်ရွက်ပြီးစီးခြင်းမရှိသေးသည့်ကနဦးဆောင်ရွက်ချက်များကို လည်းထည့်သွင်းဖော်ပြထားပါသည်။

ဤအစီရင်ခံစာသည်အမျိုးသမီးများ၏အခွင့်အရေး(သို့မဟုတ်)ကျား/မရေးရာလုပ်ငန်းများ၊သို့ မဟုတ်ဖော်ပြပါလုပ်ငန်း၏အရည်အသွေးနှင့်အကျိုးသက်ရောက်မှုများအတွက်လမ်းပြမြေပုံတ စ်ရပ်သို့မဟုတ်ပြည့်စုံသည့်စာတမ်းတစ်စောင်အဖြစ်ရည်ရွယ်ပြုစုထားခြင်းမဟုတ်ပါ။အစီရင်ခံ စာသည်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း၏အ ကောင်အထည်ဖော်မှုလက်ရှိအ

ခြေအနေနှင့်အနာဂတ်ကာလပူးပေါင်းဆောင်ရွက်မှုများအတွက်အလားအလာရှိသည့်အခွင့်အ လမ်းများအပေါ်ကြားဝင်ဆောင်ရွက်ရန်နမူနာနည်းလမ်းများရရှိရေးလျက်တပြက်လေ့လာမှုတ စ်ရပ်ဖြစ်စေရန်သာရည်ရွယ်ခဲ့ပါသည်။

## ၁.၁လေ့လာဆန်းစစ်ချက် နည်းလမ်းများ

အချက်အလက်များကို ရှိရင်းစွဲအချက်အလက်များအား လေ့လာခြင်းနှင့် တယ်လီဖုန်းနှင့် လူတွေ့မေးမြန်းမှုများဖြင့် စုဆောင်းခဲ့ပါသည်။ အချက်အလက်များ၏ ရင်းမြစ်များတွင် အောက်ပါတို့ ပါဝင်သည်-

- အမျိုးသားအဆင့် မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် မဟာဗျူဟာများ
- အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း အပေါ် မြန်မာနိုင်ငံအစိုးရ ဝန်ကြီးဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုလမ်းကြောင်းများ
- လူမှုဝန်ထမ်းဦးစီးဌာနနှင့် ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ/ သဘောတူစာချုပ်/ နားလည်မှုသဘောတူစာချုပ် (၃၃) ခုနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချ ထားရေးဦးစီးဌာနနှင့် ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ (၁၇) ခု၊

  အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအပေါ် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ပါဝင်ပံ့ပိုးဆောင်ရွက်ပေးမှုများ[1]
- အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သော ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်းများ၏ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း နှင့် ဆက်စပ်မှုရှိသည့် လုပ်ငန်းဆောင်ရွက်မှု လမ်းကြောင်းများ[2]

လူတွေ့မေးမြန်းမှုများကို လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ဝန်ထမ်းများ၊ အခြားဝန်ကြီးဌာနများရှိ ကျား/မရေးရာလုပ်ငန်းများအတွက် အဓိကတာဝန် ပေးအပ်ထားသူများနှင့် ကျား/မတန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များနှင့် ဆောင်ရွက်ခဲ့ပါသည်။ ရင်းမြစ်များအားလုံးမှ အချက်အလက်များကို ခွဲခြားစိတ်ဖြာသုံးသပ်ပြီး လုပ်ငန်းဧရိယာ (၁၂)ရပ်အပေါ်အခြေခံ၍

---

[1] *ကုလသမဂ္ဂလုပ်ငန်းလမ်းပြမြေပုံ - အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းပါလုပ်ငန်းနယ်ပယ်များနှင့်ချိတ်ဆက်ဆောင်ရွက်မှု၊ကုလသမဂ္ဂကျား/မရေးရာနည်းပညာအဖွဲ့၊ဇွန်လ ၂၀၁၅နောက်ဆုံးပြင်ဆင်ပြီးအချက်အလက်*

[2] *WON နှင့်GEN ၏အဖွဲ့ဝင်ပြမြေပုံ - အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်မှုတွင်ပါဝင်ဆောင်ရွက်ခြင်း၊ဇန်နဝါရီလ ၂၀၁၅ခုနှစ်*

လုပ်ငန်းဆောင်ရွက်မှုများအားလေ့လာထားပါသည်။ အစီရင်ခံစာမူကြမ်းကို ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကားမြင့်မားရေး လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက သုံးသပ်ခဲ့ပြီး အစိုးရဌာနဆိုင်ရာ (၁၈) ခုမှ ကျား/မတန်းတူညီမျှရေးလုပ်ငန်းများ အဓိကဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသူများနှင့် အစည်းအဝေးတစ်ရပ်ခေါ်ယူ၍ ရှင်းလင်းတင်ပြထားပြီး ဖြစ်ပါသည်။

## ၁.၂လေ့လာဆန်းစစ်ချက်လုပ်ဆောင်ရာတွင်ကန့်သတ်ချက်နှင့်အားနည်းချက်များ

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (NSPAW) လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များအပေါ်အချက်အလက်များကောက်ယူရန် အတွက်ဒီဇိုင်းရေးဆွဲခြင်းနှင့်လုပ်ငန်းများအပေါ်တိုင်းတာနိုင်သည့်အခြေခံအချက်အလက်များ ပါရှိသည့်စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း မူဘောင်တစ်ရပ်ထားရှိခြင်းမရှိပါ။

လက်ရှိဆောင်ရွက်ခဲ့သည့်လေ့လာမှုနည်းလမ်းများသည်သတင်းအချက်အလက်များစုဆောင်းရန်နည်းလမ်းအမျိုးမျိုးအသုံးပြုခဲ့ခြင်း၊အသေးစိတ်အချက်အလက်များကိုအဆင့်အမျိုးမျိုးခွဲ၍ စုဆောင်းခဲ့ခြင်းနှင့်တွေ့ရှိချက်များအားနည်းလမ်းအမျိုးမျိုးဖြင့်ဖော်ပြထားခြင်းတို့အားအသုံးပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ဤသည်မှာအချက်အလက်စုပေါင်းခြင်းနှင့်ဆန်းစစ်လေ့လာခြင်းအတွက်စိန်ခေါ်မှုတစ်ရပ်ဖြစ်ခဲ့သည်။

ကျား/မတန်းတူညီမျှရေးကွန်ယက် (GEN)၊ အမျိုးသမီးအဖွဲ့အစည်းများကွန်ယက်(WON)တို့မှ ဆောင်ရွက်ထားသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအပေါ် အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဆန်းစစ်လေ့လာထားသည့် လုပ်ငန်းလမ်းကြောင်းပြ အစီရင်ခံစာတွင် အသေးစိတ်ဖော်ပြမှုများ စုံစုံလင်လင်ပါဝင်သည်။ ယခုအစီရင်ခံစာတွင် အဆိုပါအချက်အလက်များအား အပြည့်အစုံ ထည့်သွင်းဖော်ပြရန် မဖြစ်နိုင်သည့်အတွက် လုပ်ငန်းဆောင်ရွက်ချက်အကျဉ်းချုပ်၏ဘေးတွင် အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၏ အစီရင်ခံစာပါ ဆက်စပ်မှုရှိသည့် အခန်းများအား ထည့်သွင်းဖော်ပြပေးထားပါသည်။ အချို့သော လုပ်ငန်းများသည် ဝန်ကြီးဌာနတစ်ခုက ဦးဆောင်ပြီး အလှူရှင်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော အလှူရှင်များက

ငွေကြေးထောက်ပံ့ပေးပြီး အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများနှင့် အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများက တာဝန်ယူ အကောင်အထည်ဖော်ကြခြင်းဖြစ်သည်။ ဥပမာ - အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ကို နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် အလှူရှင်အဖွဲ့ (၁၂) ဖွဲ့၊ ဥရောပသမဂ္ဂ နှင့် အရပ်ဖက်လူမှုရေးအဖွဲ့ အစည်းများမှ အလှူရှင်များ၊ မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့က ငွေကြေးထောက်ပံ့ပေးနေခြင်း ဖြစ်သည်။ အဆိုပါအသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့သည် အစိုးရမဟုတ်သောပြည်တွင်းအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သုတေသနအဖွဲ့အစည်းများ စုစုပေါင်း အဖွဲ့(၅၀)ကျော်ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်မှုများအား အသေးစိတ်သတ်မှတ်ရန် စိန်ခေါ်မှုတစ်ခု ဖြစ် သည်။

မည်သည့်လုပ်ငန်းများသည်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအရဆောင်ရွက်နေကြောင်းသိရှိရန်မှာတစ်ခါတစ်ရံတွင်ခဲယဉ်းပြီးတစ်ခါတစ်ရံတွင်လုပ်ငန်းများကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်ဆက်စပ်မှုရှိသော်လည်းစီမံကိန်းအရအကောင်အထည်ဖော်နေခြင်းမဟုတ်ကြောင်းတွေ့ရသည်။ဤအစီရင်ခံစာတွင်အဆိုပါကွာခြားချက်နှစ်ခုအားခွဲခြားဖော်ပြထားခြင်းမရှိပါ။

ပြည်တွင်းနှင့် ပြည်ပအကြံပေးနှစ်ဦးသည် ယခုလေ့လာဆန်းစစ်ချက်၏ ရလဒ်ရရှိရန် စုစုပေါင်းအချိန် (၁၅) ရက်သာ ရရှိခဲ့သောကြောင့် အဆိုပါ အတိုင်းအတာအတွင်း ဆောင်ရွက်ရန် ဖြစ်နိုင်ချေရှိသည့် အကြံပြုဆွေးနွေးမှုများကိုသာ ဆောင်ရွက်ခဲ့ပါသည်။

## ၁.၃အစီရင်ခံစာပုံစံ

ဤစီရင်ခံစာကို အခန်း(၃) ခန်း ဖြင့် ဖော်ပြထားပါသည်။ ယခုနိဒါန်းအပြီးတွင် လက်ရှိလုပ်ငန်းဆောင်ရွက်မှု လမ်းပြအခြေအနေဆန်းစစ်လေ့လာမှု၏ တွေ့ရှိချက်များအား ဖော်ပြထားသည့်အခန်းဖြစ်သည်။ အဆိုပါအခန်းအား အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းပါဦးစားပေးဧရိယာ(၁၂)ရပ်အပေါ်အ ခြေခံ၍ဖော်ပြထားပါသည်။နောက်ဆုံးအခန်းသည်ပူးပေါင်းဆောင်ရွက်ရေးအတွက်အဓိကထာ

း၍တွေ့ရှိချက်များအပေါ်ကောက်ချက်ဆွဲခြင်းနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့်ရှေ့လုပ်ငန်းစဉ်အဆင့်များကိုအကြံပြုဖော်ပြထားပါသည်။

## ၂တွေ့ရှိချက်များ

ဤလေ့လာဆန်းစစ်ချက်မှတွေ့ရှိချက်များအားအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းပါဦးစားပေးလုပ်ငန်း(၁၂)ရပ်ပေါ်အခြေခံ၍ကဏ္ဍ(၁၂)ရပ်ဖြင့်ခွဲခြားဖော်ပြထားပါသည်။ကဏ္ဍတစ်ခုချင်းစီတွင်အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းပါရည်ရွယ်ချက်များ၊စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်ပါဦးတည်ချက်များ၊အခြားကျား/မရေးရာလုပ်ငန်းများနှင့်ဆက်နွယ်မှုများအားလည်းဖော်ပြထားပါသည်။ကဏ္ဍတစ်ခုချင်းစီတွင်ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း၊အကောင်အထည်ဖော်ခြင်း၊အသိပညာပေးခြင်း၊သုတေသနနှင့်စစ်တမ်းကောက်ယူခြင်းဆိုသည့်ခေါင်းစဉ်(၄)ခုပါလုပ်ငန်းဆောင်ရွက်မှုများအားဖော်ပြထားပါသည်။

### ၂.၁အမျိုးသမီးများနှင့်အသက်မွေးဝမ်းကျောင်းမှု



(၁) အမျိုးသမီးများနဲ့ အသက်မွေးဝမ်းကျောင်းမှု

## ရည်ရွယ်ချက်များ၊ဦးတည်ချက်များနှင့်အစီအစဉ်များ

### အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက်-

အမျိုးသမီးများ၏အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများတိုးတက်စေမည့်စနစ်များ၊ဖွဲ့စည်းပုံများနှင့်လုပ်ထုံးလုပ်နည်းများပိုမိုအားကောင်းလာပြီးဆင်းရဲနွမ်းပါးမှုကိုလျှော့ကျစေရန်၊

### စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်-

ပြည်သူ့ရေးရာဝန်ဆောင်မှုများ၊အခြေခံအဆောက်အအုံများနှင့်လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒများမှတဆင့်လစာမရသည့်ပြုစုစောင့်ရှောက်ရေးအလုပ်များနှင့်အိမ်တွင်းမှုအလုပ်များအားအသိအမှတ်ပြု၍တန်ဖိုးထားပြီးနိုင်ငံတွင်းအလေ့အထများနှင့်အညီအိမ်ထောင်စုနှင့်မိသားစုများအတွင်းတာဝန်ခွဲဝေမှုများမြှင့်တင်ဆောင်ရွက်ရန်၊

ဆင်းရဲနွမ်းပါးမှုဆိုင်ရာစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်(၁)နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်အလုပ်အကိုင်ဆိုင်ရာစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်(၈)တို့နှင့်လည်းဆက်စပ်မှုရှိပါသည်။

### ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများ/ လုပ်ငန်းစဉ်များ -

စိုက်ပျိုးရေးဆိုင်ရာအမျိုးသားအဆင့်လုပ်ငန်းစီမံချက်၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာမူဘောင်၊လူမှုကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်မဟာဗျူဟာ၊အမျိုးသားအဆင့်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၂၀၁၁-၂၀၃၀)၊စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်(၂၀၁၂-၁၅)မှတဆင့်အမျိုးသားအဆင့်ဘက်စုံဖွံ့ဖြိုးရေး၏ရေရှည်ပန်းတိုင်ဆိုင်ရာမူဝါဒဦးစားပေးများ၊မြန်မာ့စီးပွားရေးမူဝါဒ။

### လက်ရှိကာလလုပ်ငန်းဆောင်ရွက်မှုနမူနာများ

### ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း

**စားနပ်ရိက္ခာဖူလုံရေးလုပ်ငန်းအဖွဲ့-**

နည်းပညာနှင့်မဟာဗျူဟာအဆင့်များတွင်ကျား/မရေးရာနှင့်စားနပ်ရိက္ခာဖူလုံရေးကိုလုပ်ငန်းအဖွဲ့ကထည့်သွင်းဆွေးနွေးခဲ့ပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** - အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည် အသက်မွေးဝမ်းကျောင်းနှင့် ဆက်နွယ်သည့် မူဝါဒရေးရာဆွေးနွေးပွဲများတွင် ပါဝင်ခဲ့ကြသည်။ဥပမာ- ဆန်**စပါး**မူဝါဒရေးရာအမျိုးသားအဆင့် မူဘောင်၊ မျိုးစေ့ဥပဒေ၊ ရခိုင်ဒေသရေသန့်တွင် ငါးဖမ်းရေးဥပဒေ၊ ရေလုပ်ငန်းမူဝါဒ၊ အထည်ချုပ်လုပ်ငန်းတွင်း အလုပ်သမားအခွင့်အရေး၊ စိုက်ပျိုးရေးရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ လယ်သမားအခွင့်အရေးမူဝါဒ၊ လယ်သမားသက်သာချောင်ချိရေး တိုးမြှင့်ကာကွယ်ရေးဥပဒေနှင့် နည်းဥပဒေ၊ မြေယာအသုံးချရေးမူဝါဒ**တို့ပါဝင်သည်။** (ကျား/မရေးရာတန်းတူညီမျှရေးကွန်ရက်၏ လုပ်ငန်းလမ်းပြမြေပုံ စာ - ၆၆)

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

လူထုအခြေပြုစီမံကိန်း (CDD)- စိုက်ပျိုးရေးမွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနရှိကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ဆောင်ရွက်သည့် CDD လုပ်ငန်းသည်ကျား/မရေးရာကဏ္ဍအားထည့်သွင်းပေါင်းစပ်ဆောင်ရွက်ထားပြီးမြို့နယ်(၂၇)မြို့နယ်ရှိကျေးလက်အမျိုးသမီး(၅,၀၀၀)ဦးအတွက်အကျိုးဖြစ်ထွန်းရန်အလားအလာရှိသည့်အခြေခံအဆောက်အအုံလုပ်ငန်းများအားဆောင်ရွက်လျက်ရှိပါသည်။

**မြစိမ်းရောင်စီမံကိန်း** - မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည်မြို့နယ်(၂၈၀)၊ ခရိုင်(၆၉)ခုရှိကျေးရွာ(၁၄၅၀)တွင်ငွေကျပ်သန်းပေါင်း(၄၃.၅)သန်းအကုန်အကျခံ၍၂၀၁၄ခုနှစ်ကတည်းကလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ဝန်ကြီးဌာနကကျေးရွာတစ်ရွာအတွက်ငွေးမြူရေး၊ရေလုပ်ငန်း၊စိုက်ပျိုးရေးလုပ်ငန်းများ၊လျှပ်စစ်၊ကျေးရွာတည်ဆောက်ရေးနှင့်လယ်သမားများ၏အသက်မွေးဝမ်းကျောင်းအတွက်ငွေကျပ်သန်းပေါင်း(၃၀)ခွဲဝေချထားပေးသည်။အမျိုးသမီးများသည်လည်းအကျိုးအမြတ်များစွာရရှိခဲ့ပါသည်။ ၂၀၁၆ခုနှစ်နှစ်ကုန်တွင်အဆိုပါစီမံချက်ကြမြန်မာနိုင်ငံတစ်ဝန်းလုံးရှိကျေးရွာပေါင်း(၆၅၅၇)ရွာကိုလွှမ်းခြုံပြီးဖြစ်သည်။

**အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့** - ၂၀၀၉ခုနှစ်တွင်စတင်ခဲ့သည့်အလှူရှင်အများအပြားပါဝင်သည့်ရန်ပုံငွေအဖွဲ့သည်မြန်မာနိုင်ငံ ကျေးလက်ဒေသရှိအသေးစားလယ်ယာလုပ်ငန်းလုပ်ကိုင်သည့်လယ်သမားများနှင့်

မြေယာမဲ့များ၏ဘဝရပ်တည်မှုနှင့်အကျိုးစီးပွားအတွက်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။လုံခြုံစိတ်ချသည့်ရွှေ့

ပြောင်းနေထိုင်အလုပ်လုပ်ရန်အစီအစဉ်ကလူငယ်နှင့်အမျိုးသမီးများအတွက်အဓိကဆောင်ရွက်ခြင်းဖြစ်သည်။အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့၏လုပ်ငန်းများအားလုံးတွင်ကျား/မတန်းတူညီမျှရေးထည့်သွင်းဆောင်ရွက်သည်။မြန်မာ့လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာအရအသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ကကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက်ငွေကြေးထောက်ပံ့ပေးသည့်လုပ်ငန်းကိုတာဝန်ယူသည်။

**လူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးရေးကွန်ရက်(SEDN)-**

အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့မှရရှိသည့်ရန်ပုံငွေများကိုအကျင်အေဒ်အဖွဲ့ကလျစ်လျူရှုခံအမျိုးသမီး(၃၀၀၀)ခန့်အတွက်အသေးစားစီးပွားရေးလုပ်ကိုင်နိုင်ရန်သင်တန်းပေးခြင်းနှင့်၎င်းတို့၏ကျန်းမာရေးဥပမာ-

နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိရန်မည်သို့လျှောက်ထားရကြောင်းစသည့်လူမှုရေးဝန်ဆောင်မှုဆိုင်ရာအခွင့်အရေးများအားသိရှိနိုင်အောင်သင်ကြားပေးသည်။၂၀၁၄ခုနှစ်တွင်ညွှန်းပို့ခြင်းစနစ်ဖြင့်အမျိုးသမီး(၃,၀၀၀)ခန့်အားအထောက်အပံ့ပေးခဲ့သည်။

**မေတ္တာ့ကမ္ဘာ-**

ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်ကအထောက်အပံ့ပေးသည့်တစ်နိုင်ငံလုံးအဆင့်ကွန်ရက်တစ်ခုသည်ကျေးလက်နေအမျိုးသမီးများ၏ကိုယ့်အားကိုယ်ကိုးအဖွဲ့များနှင့်၎င်းတို့၏မြို့နယ်ဦးဆောင်အဖွဲ့များအားအခြေခံ၍ဖွဲ့စည်းထားသည့်ကွန်ရက်တစ်ခုဖြစ်သည်။ထိုကွန်ရက်တွင်အဖွဲ့ဝင်ပေါင်း(၂၂,၀၀၀)ပါရှိပြီးမြစ်ဝကျွန်းပေါ်ဒေသ၊အပူပိုင်းဒေသ၊ချင်း၊ကချင်၊ကယား၊မွန်၊ရခိုင်နှင့်ရှမ်းပြည်နယ်တို့မှမြို့နယ်(၃၁)မြို့နယ်ရှိကျေးရွာပေါင်း(၂၀၀၀)ကျော်ပါဝင်ပါသည်။

**ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO):**

ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့တွင်ဦးစားပေးကဏ္ဍခုနစ်ခုရှိပြီးစားနပ်ရိက္ခာဖူလုံရေးတိုးမြှင့်ရန်အတွက်စိုက်ပျိုးရေးထွက်ကုန်များမြင့်မားရေး၊ဘေးကင်းပြီးအရည်အသွေးရှိသည့်စားနပ်ရိက္ခာများတိုးမြှင့်ရန်၊သဘာဝရင်းမြစ်နှင့်ပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေးစီမံခန့်ခွဲရန်၊မြေယာအသုံးချမှုနှင့်

မြေယာစီမံခန့်ခွဲမှုတိုးတက်ရန်၊လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရန်နှင့်အဖွဲ့အစည်း၏စွ

မ်းဆောင်ရည်မြှင့်တင်ရန်၊ကျေးလက်အသက်မွေးဝမ်းကျောင်းကဏ္ဍတိုးတက်ရန်၊သဘာဝဘေး
အန္တရာယ်များနှင့်ရာသီဥတု
ပြောင်းလဲခြင်းအတွက်ပြင်ဆင်ခြင်းနှင့်လျော့ချခြင်းဆောင်ရွက်ရန်တို့ပါဝင်ပါသည်။

**ပက်ထ်အပြည်ပြည်ဆိုင်ရာအသေးစားငွေချေးရန်ပုံငွေအဖွဲ့(PGMF):** PGMF သည်အိမ်ထောင်စုပေါင်း(၆၄၀,၀၀၀)အတွက်လုပ်ငန်းလုပ်ကိုင်နေပြီး(၉၉)ရာခိုင်နှုန်းမှာအမျိုးသမီးများဖြစ်၍ကျေးရွာပေါင်း(၉,၀၀၀)ကျော်တွင်လုပ်ကိုင်လျက်ရှိသည်။၂၀၁၄ခုနှစ်တွင်PGMFသည်ချေးငွေပြန်ဆပ်မှုနှုန်း(၉၉.၃၁)ရာခိုင်နှုန်းဖြင့်အမေရိကန်ဒေါ်လာ(၂၅၅)သန်းခန့်တန်ဖိုးရှိချေးငွေပြုလုပ်မှုပေါင်း(၁)သန်းခန့်ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။PGMF၏ချေးငွေများ၏ထက်ဝက်ကျော်သည်အိမ်ထောင်စု၏ဝင်ငွေတိုးစေရေးသည်မိသားစုလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအထွက်တိုးနှုန်းမြင့်မား၍ဈေးကွက်သို့ကုန်စည်များရောက်ရှိရေးအကူအညီပေးခြင်းတို့ဆောင်ရွက်ခြင်းဖြစ်သည်။ဤအစီအစဉ်အတွက်အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ကငွေကြေးထောက်ပံ့သည်။

## အသိပညာပေးခြင်း

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ - မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊မြန်မာနိုင်ငံမိခင်နှင့်ကလေးဘဝမြှင့်တင်ရေးအသင်းနှင့်မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့အပါအဝင်အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများတွင်မတူညီသည့်အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြသည်။ကျား/မတန်းတူညီမျှရေးကွန်ရက်နှင့်အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်တို့တွင်ပါဝင်သောအဖွဲ့များကလည်းမတူညီသည့်ခေါင်းစဉ်အမျိုးမျိုးအတွက်အသိပညာပေးအစီအစဉ်များနှင့်သင်တန်းပေးခြင်းများကိုကျယ်ပြန့်စွာဆောင်ရွက်နေကြသည်။ဥပမာအားဖြင့် မြေယာမူဝါဒ၊ မြေယာဥပဒေအသိပညာပေးနှင့်အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ၊စိုက်ပျိုးရေး၊မွေးမြူရေး၊အိမ်တွင်းတစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးတို့ပါဝင်သည်။
(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ - ၆၅တွင်အသေးစိတ်ကြည့်ပါ)။

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**FAO ၏၂၀၁၅ခုနှစ်ကျား/မရေးရာနှင့်လူမှုပေါင်းစည်းရေးလေ့လာမှု** - မြန်မာ့စိုက်ပျိုးရေးအမျိုးသားအဆင့်လုပ်ငန်းစီမံချက်အရပြုလုပ်သည့်ဤလေ့လာမှုတွင်ကျေးလက်နေအမျိုးသမီးများ၏စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေးအတွက်တိကျပြည့်စုံသည့်ဗျူဟာတစ်ရပ်ကိုအကြံပြုထားပါသည်။

**မြန်မာ့ကျေးလက်ဒေသတွင်အသက်မွေးဝမ်းကျောင်းနှင့်လူမှုရေးအပြောင်းအလဲQSEM ပဥ္စမအကြိမ်မြောက်အစီရင်ခံစာ** - ဤအသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့၏အစီရင်ခံစာတွင်လူငယ်များနှင့်အမျိုးသမီးများသည်ရွှေ့ပြောင်းသွားလာနေထိုင်မှုများကိုမြန်မာနိုင်ငံတွင်အသက်မွေးဝမ်းကျောင်းဆိုင်ရာအလေ့အထတစ်ခုအဖြစ်ကျင့်သုံးကြကြောင်းဖော်ပြထားသည်။

**ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်ရေးရွှေ့ပြောင်းနေထိုင်ခြင်းဆိုင်ရာအဖွဲ့** - ၂၀၁၆ - ၂၀၁၈ခုနှစ်အတွင်းအသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ကအပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာနေထိုင်ရေးအဖွဲ့ကိုငွေကြေးအထောက်အပံ့ပေးမည်ဖြစ်ပြီး Sussex တက္ကသိုလ်နှင့်မေတ္တာဖောင်ဒေးရှင်းတို့ပူးပေါင်း၍ရွှေ့ပြောင်းသွားလာနေထိုင်သည့်ပုံစံများ၊လမ်းကြောင်းများနှင့်ခန့်မှန်းမှုများအားသုတေသနပြုလုပ်မည်ဖြစ်ပါသည်။ရွှေ့ပြောင်းနေထိုင်ရန်ဆုံးဖြတ်ချက်၊အိမ်ထောင်စုများအတွင်းဆုံးဖြတ်ချက်ချမှတ်ခြင်း၊ရင်းမြစ်များခွဲဝေခြင်း (အခွန်အခအပါအဝင်)၊ကျား/မရေးရာအလုပ်တာဝန်ခွဲဝေမှု၊ဝန်ထမ်းသစ်စုဆောင်းခြင်းဖြစ်စဉ်နှင့်ရွှေ့ပြောင်းနေထိုင်ခြင်း၏လူမှုရေးအကျိုးသက်ရောက်မှုများအားလေ့လာသည့်အရည်အသွေးအခြေပြုသုတေသနစာတမ်းတစ်စောင်ပြုစုမည်ဖြစ်ပါသည်။

**ကျား/မရေးရာနှင့်စိုက်ပျိုးရေးတွင်အမျိုးသမီးများနှင့်၎င်းတို့၏ဦးစားပေးများကိုထည့်သွင်းစဉ်းစားခြင်း** - FAO နှင့်ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မားရေးအဖွဲ့တို့ထုတ်ပြန်

ထားသည့်အစီရင်ခံစာသည်စိုက်ပျိုးရေး၏ကဏ္ဍတစ်ခုချင်းစီတွင်အမျိုးသမီးများ၏ဦးစားပေး များအားထည့်သွင်းစဉ်းစားပေးထားပြီးအကြံပြုချက်များပေးထားသည်။

**၂၀၁၄ခုနှစ်မြန်မာ့လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းပြည်ထောင်စုအဆင့်အစီရင်ခံစာ - အလုပ်အကိုင်နှင့်စက်မှုကဏ္ဍ -**

ဤအစီရင်ခံစာတွင်အလုပ်အကိုင်အဆင့်အတန်း၊လုပ်သားအင်အားပါဝင်မှုနှုန်း၊လူဦးရေနှင့်အလုပ်လုပ်ကိုင်မှုအချိုး၊အလုပ်လက်မဲ့နှုန်း၊အလုပ်လုပ်နေသူများ၏အလုပ်အကိုင်အခြေအနေ၊အလုပ်လုပ်ကိုင်နေသူများပါဝင်နေသည့်စက်မှုကဏ္ဍများအပေါ် ခွဲခြားဖော်ပြထားသည့်အချက်အလက်များပါဝင်သည်။

**၂၀၁၄ခုနှစ်မြန်မာ့လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၊ကျား/မရေးရာနောက်ဆက်တွဲအစီရင်ခံစာ -**

လုပ်သားအင်အားစုများ၏ကျား/မကွဲပြားမှုများကိုအချက်အလက်များဖြင့်ဖော်ပြထားသည်။ဤအစီရင်ခံစာကိုအလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ပြည်သူ့အင်အားဦးစီးဌာနကတာဝန်ယူဆောင်ရွက်ပြီးကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကပံ့ပိုးကူညီသည်။

**မြန်မာနိုင်ငံကျား/မရေးရာအခြေအနေလေ့လာမှုစစ်တမ်း(GSA)-**

မြန်မာနိုင်ငံတွင်ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေးအခြေအနေလေ့လာဆန်းစစ်မှုစစ်တမ်း(၂၀၁၆)

တွင်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊အသက်မွေးဝမ်းကျောင်း၊စီးပွားရေးကဏ္ဍတွင်အပြည့်အဝနှင့်ညီမျှစွာပါဝင်နိုင်ရေးအတွက်ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေးအခြေအနေများအတွက်အခြေခံအချက်အလက်များပါရှိသည်။ထိုအစီရင်ခံစာကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ကုလသမဂ္ဂနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်းပြုစုထုတ်ဝေသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ-**

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကဒေသတွင်းအဆင့်စစ်တမ်း/လေ့လာမှု(၂၃)ခုကောက်ယူခဲ့သည်။ဥပမာ -

အားလုံးပါဝင်သည့်အသက်မွေးဝမ်းကျောင်းနှင့်ဈေးကွက်စစ်တမ်း၊ဆင်းရဲနွမ်းပါးမှုနှင့်လူမှုရေးအပေါ် အကျိုးသက်ရောက်မှုဆန်းစစ်လေ့လာချက်၊စားနပ်ရိက္ခာဖူလုံရေးလေ့လာမှု**စသည်တို့ပါ**

**ဝင်သည်။** (ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၏လုပ်ငန်းလမ်းကြောင်းပြအစီရင်ခံစာစာ - **၆၅**တွင်အသေးစိတ်ကြည့်ပါ)**.**

**နိုင်ငံပြတ်ကျော်အဖွဲ့** **(၂၀၁၅)**-မြန်မာနိုင်ငံအတွင်းအမျိုးသမီးနှင့်မြေယာအားချိတ်ဆက်စဉ်းစားခြင်း - အမျိုးသားအဆင့်မြေယာအသုံးပြုရေးမူဝါဒတွင်ကျား/မရေးရာအခန်းကဏ္ဍအားထည့်သွင်းစဉ်းစားခြင်း။

## ၂.၂အမျိုးသမီးပညာရေးနှင့်လေ့ကျင့်သင်ကြားရေး




(၂) အမျိုးသမီးများနှင့် ပညာရေးလေ့ကျင့်သင်ကြားရေး

## ရည်ရွယ်ချက်၊ဦးတည်ချက်များနှင့်အစီအစဉ်များ

## အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက် -

အရည်အသွေးပြည့်မီသောကျောင်းပညာရေးနှင့်ကျောင်းပြင်ပပညာရေးတို့ကိုအမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များရရှိနိုင်စေမည့်စနစ်များ၊ဖွဲ့စည်းပုံများနှင့်လုပ်ထုံးလုပ်နည်းများပိုမိုအားကောင်းစေရ**န်**

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်-

**သီးခြား**ဦးတည်ချက်**အနေဖြင့်အပါရှိသော်လည်း**ပန်းတိုင်အမှတ်၄အရည်အသွေးပြည့်မီသည့်ပညာရေးကဏ္ဍ**နှင့်ဆက်စပ်မှုရှိပါသည်။**

## အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ

၂၅· **(ဂ)**

ခွဲခြားဆက်ဆံမှုဖြစ်စေသည့်ကျားမရေးရာတရားသေယူဆချက်များကိုပယ်ဖျက်နိုင်ရန်အတွက်ပညာရေးဆိုင်ရာပြဋ္ဌာန်းစာအုပ်များနှင့်သင်ထောက်ကူပစ္စည်းများကိုပြန်လည်သုံးသပ်ရန်၊

၃၅**(က)**

ထုံးတမ်းစဉ်လာအရအမျိုးသားများသာကြီးစိုးသည့်အင်ဂျင်နီယာပညာရပ်ကဲ့သို့သောဘာသာ

ရပ်များ၏ဝင်ခွင့်ခွဲခြားသတ်မှတ်ချက်များအားလုံးကိုဖယ်ရှားရန်နှင့်ထုံးတမ်းစဉ်လာမဟုတ်သ ည့်နယ်ပယ်များ၌အမျိုးသမီးများသင်ကြားလာအောင်စည်းရုံးနိုင်ရန်အတွက်အလုပ်အကိုင်အခွ င့်အလမ်းလမ်းညွှန်မှုဆိုင်ရာဆောင်ရွက်ချက်များတိုးမြှင့်လုပ်ဆောင်ပြီးသင်ကြားရေးဆိုင်ရာဝန် ထမ်းများအားထိုအမျိုးသမီးငယ်များတက္ကသိုလ်အဆင့်ပြီးမြောက်အောင်မြင်နိုင်ရန်အရေးကြီးပုံ ကိုအသိပညာပေးရန်၊

၃၅ (ခ)

အမျိုးသမီးငယ်များပညာရေးကိုလက်လှမ်းမီမှုတိုးတက်လာစေရန်ပညာရေးကဏ္ဍအတွက်ရန်ပုံ ငွေခွဲဝေချထားမှုတိုးမြှင့်ရန်၊

၃၅(ဂ) အပြီးသတ်ရေးဆွဲနေသည့်အမျိုးသားအဆင့်ပညာရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း

(၂၀၁၆ -၂၀၂၁)

တွင်အရွယ်ရောက်သူများပညာသင်ကြားရေးဆိုင်ရာပြဋ္ဌာန်းချက်များအပါအဝင်အဖွဲ့ဝင်နိုင်ငံ ၏ဒေသအနှံ့အပြား၌အမျိုးသမီးများ၏ပညာရည်တတ်မြောက်မှုကိုမြှင့်တင်ရန်ရည်ရွယ်သည့် လုပ်ငန်းအစီအစဉ်များအားထည့်သွင်းဆောင်ရွက်ရန်၊

၃၅ (ဃ)

နောင်အစီရင်ခံစာတွင်လူနည်းစုတိုင်းရင်းသားအမျိုးသမီးများနှင့်အမျိုးသမီးငယ်များ၏ပညာ ရေးအခြေအနေနှင့်ပတ်သက်သည့်အချက်အလက်များအားထည့်သွင်းဖော်ပြရန်နှင့်ကျား၊မရေး ရာတရားသေအယူအဆများအားဖယ်ရှားနိုင်ရန်အတွက်အသက်မွေးဝမ်းကျောင်းသင်တန်းများ ၏သင်ရိုးညွှန်းတမ်းကိုပြန်လည်သုံးသပ်ပြီးအမျိုးသမီးများနှင့်အမျိုးသမီးငယ်များကွဲပြားခြားနာ းသောဘာသာရပ်များအားသင်ယူနိုင်စေရေးအတွက်ဆောင်ရွက်သည့်အချက်အလက်များဖော် ပြရန်၊

၃၅(င)

လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးဆိုင်ရာအသက်အရွယ်အလိုက်ပညာ ပေးမှုများအားတိုးမြှင့်ဆောင်ရွက်ရန်နှင့်၎င်းတို့ကိုကျောင်းသင်ရိုးညွှန်းတမ်းများတွင်စနစ်တကျ ထည့်သွင်းပြဋ္ဌာန်းရန်။

**ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများ/ လုပ်ငန်းစဉ်များ -**

အမျိုးသားအဆင့်ပညာရေးကဏ္ဍလုပ်ငန်းစဉ်(၂၀၁၆ - ၂၀၂၁)

၊အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(၂၀၁၁ -
၂၀၃၁)၊စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်၊စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်(၀၁၂-
၂၀၁၅)မှတဆင့်အမျိုးသားအဆင့်ဘက်စုံဖွံ့ဖြိုးရေး၏ရေရှည်ပန်းတိုင်ဆိုင်ရာမူဝါဒဦးစားပေးများ။

## လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ

## ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း

### မြန်မာ့ပညာရေးအဖွဲ့-

ဗြိတိသျှအစိုးရ၏အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့်ဩစတြေးလျနိုင်ငံနိုင်ငံခြားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနတို့ပူးပေါင်း၍ငွေကြေးပံ့ပိုးပေးပြီးဆရာများ၏ပညာရေးလက်လှမ်းမှီမှုနှင့်လူတိုင်းအကျုံးဝင်မှုနှင့်သင်ရိုးညွှန်းတမ်းဆိုင်ရာအရေးကိစ္စများအားဆောင်ရွက်ပြီးတိုင်းရင်းသားလူနည်းစုကလေးငယ်များ၊ဒုက္ခသည်ကျောင်းသားများနှင့်ဆရာ/ဆရာမများ၊ရွှေ့ပြောင်းနေထိုင်သည့်ကလေးများ၊မသန်စွမ်းကလေးများနှင့်ကျောင်းမနေသည့်ကလေးများအားလည်းကဏ္ဍအလိုက်အစီအစဉ်တွင်ထည့်သွင်းစဉ်းစားရန်သေချာစေရေးဆောင်ရွက်သည်။မြန်မာ့ပညာရေးအဖွဲ့၏ကျား/မရေးရာလမ်းညွှန်ချက်များကိုလက်ရှိတွင်ပြန်လည်ပြင်ဆင်နေကြောင်းငင်းတို့၏အင်တာနက်စာမျက်နှာမှတဆင့်သိရှိရပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကလည်းကျောင်းသင်ရိုးညွှန်းတမ်းကိုကချင်ဘာသာစကား၊ကချင်စာပေဖြင့်ပြုစုခဲ့ခြင်း၊အမျိုးသားအဆင့်ကလေးသူငယ်ဖိုရမ်မှတဆင့်ပညာရေးကဏ္ဍတွင်ကလေးသူငယ်များ၏အခွင့်အရေးများကိုဆောင်ရွက်ခြင်း၊စာသင်ကျောင်းများတွင်အကြမ်းဖက်မှုမှကာကွယ်ပေးခြင်း၊ပညာရေးဥပဒေစသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။
**(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၏လုပ်ငန်းလမ်းပြမြေပုံစာ - ၆၆)**

## အကောင်အထည်ဖော်ခြင်း

ပညာရေးဝန်ကြီးဌာန၊လူမှုဝန်ထမ်းဦးစီးဌာနနှင့်အာရှဖွံ့ဖြိုးရေးဘဏ် -
အခြေခံပညာအလယ်တန်းကျောင်းသားများအတွက်သင်ရိုးညွှန်းတမ်းတွင်ကျား/မတန်းတူညီမျှ

ရေးကိုထည့်သွင်းနိုင်ရေးဆောင်ရွက်လျက်ရှိပါသည်။တစ်နိုင်ငံလုံးရှိအလယ်တန်းအဆင့်သင်ကြားပေးသည့်ဆရာဆရာမများအားလုံးကိုကျား/မရေးရာသင်တန်းပေးမည်ဖြစ်သည်။

**ပညာရေးဝန်ကြီးဌာနနှင့်ဂျပန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)** -JICA

ကပညာရေးဝန်ကြီးဌာနအားမူလတန်းအဆင့်တွင်ကျား/မရေးရာကိုကဏ္ဍတစ်ရပ်အဖြစ်ထည့်သွင်းသင်ကြားရေးနှင့်မူလတန်းအဆင့်သင်ရိုးညွှန်းတမ်းတွင်ကျား/မရေးရာအားထည့်သွင်းသင်ကြားမည့်သင်ရိုးညွှန်းတမ်းပြုပြင် ပြောင်းလဲရေးအတွက်ထောက်ပံ့ပေးခဲ့သည်။

**ပညာရေးဝန်ကြီးဌာန** -

ပညာရေးဝန်ကြီးဌာနကဘဝတစ်သက်တာသင်ရိုးညွှန်းတမ်းကိုပြုစုခဲ့ပြီးအသက်အရွယ်နှင့်လိုက်လျောညီထွေမှုရှိသည့်မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးများကိုထည့်သွင်းသင်ကြားပေးလည်းဆောင်ရွက်ခဲ့ပါသည်။

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ပညာရေးနှင့်လေ့ကျင့်သင်ကြားရေးဦးစီးဌာန** -

အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်း(၄၃)ကျောင်းကိုမြန်မာတစ်နိုင်ငံလုံးတွင်ဖွင့်လှစ်ထားပြီးအမျိုးသမီးများအတွက်မတူညီသည့်သင်တန်းငါးမျိုးဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။သင်တန်းများမှာဇာထိုးပန်းထိုး၊စက်ချုပ်၊သိုးမွှေးထိုး၊ရက်ကန်းနှင့်အထည်အလိပ်တို့ဖြစ်သည်။

**လူမှုဝန်ထမ်းဦးစီးဌာန** -

အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း(၄)ကျောင်းကိုရန်ကုန်၊မန္တလေး၊မြိတ်နှင့်ကျိုင်းတုံတို့တွင်ဖွင့်လှစ်ထားပါသည်။အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(၁၀)ကျောင်းဖွင့်လှစ်ထားပြီးအမျိုးသမီးများအတွက်ကျွမ်းကျင်မှုနှင့်သင်တန်းများသင်ကြားပေးပါသည်။အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာန(၂)

ခုရှိပြီးအသက်(၁၆)နှစ်အထက်အမျိုးသမီးများအားလက်ခံစောင့်ရှောက်ထားပြီးအမျိုးသမီးများသည်သက်မွေးဝမ်းကျောင်းပညာရပ်များကိုစနစ်တကျသင်ယူရရှိကြောင်းသေချာစေရန်နှင့်ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ပါဝင်နိုင်စေရန်ရည်ရွယ်သည်။

**ကျောင်းမနေနိုင်သည့်ကလေးများအတွက်ကနဦးဆောင်ရွက်ချက်** -

ပညာရေးဝန်ကြီးဌာနကကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့်UNESCOရှိစာရင်းအင်းပညာဌာနတို့နှင့်ပူးပေါင်း၍ကလေးများသည်အရည်အသွေးပြည့်မှီသည့်ပညာရေးကိုလက်လှမ်းမှီသ

င်ကြားခွင့်ရရှိရေးနှင့်သင့်လျော်သည့်အသက်အရွယ်တွင်စာသင်ကျောင်းသို့သွားရန်အဆင်သ င့်ဖြစ်နေစေရန်နှင့်အခြေခံပညာမူလတန်းအဆင့်သင်ယူပြီး မြောက်ရေးဆောင်ရွက်လျက်ရှိသည်။

**ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်(NFPE)** -

အစီအစဉ်ကိုပညာရေးဝန်ကြီးဌာန၊မြန်မာစာပေရင်းမြစ်ဌာန(MLRC),ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့နှင့်အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သေ ာပြည်တွင်းအဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်ကြခြင်းဖြ စ်သည်။အစီအစဉ်ကကျောင်းထွက်ထားသည့်ကျောင်းသားများကျောင်းပြန်လည်အပ်နှံခွင့်ရရေ းနှင့်၎င်းတို့၏ပညာရေးကိုဆက်လက်သင်ကြားနိုင်ရေးရန်ကုန်၊ကချင်၊ကယား၊ရခိုင်နှင့်မွန်ပြည် နယ်တွင်ဌာန(၁၁)ခုဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

**အရန်ပညာရေးအစီအစဉ်** -

ပညာရေးဝန်ကြီးဌာနကပညာမသင်ကြားနိုင်သူကလေးငယ်များအတွက်ကျပ်ငွေ(၁)သန်းအကု န်အကျခံ၍အရန်ပညာရေးအစီအစဉ်တစ်ရပ်ကိုစတင်ဆောင်ရွက်လျက်ရှိသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာသိပ္ပံ** - ကျောင်း(၄)ခုရှိပြီး **(ရန်ကုန်၊မန္တလေး၊မော်လမြိုင်၊တောင်ကြီး)**

ယောကျာ်းလေးနှင့်မိန်းကလေးများကိုဘောလုံး၊ဘော်လီဘော၊လက်ဝှေ့၊အလေးမ၊ဂျူဒို၊ရေကူး၊ ကြက်တောင်၊ဂွမ်းဘားနှင့်သိုင်း(မြန်မာ့ရိုးရာပညာ)ရပ်များသင်ကြားပေးပြီးတစ်ချိန်တည်းတွင်ေ ကျာင်းပညာရေးလည်းသင်ကြားနိုင်ရေးခွင့်ပြုပေးသည်။သင်တန်းသားများက၎င်းတို့၏စာသင် ကျောင်းသင်ပညာရေးကိုငါးတန်းမှဆယ်တန်းအထိသင်ကြားခွင့်ရရှိပြီးအားကစားသင်တန်းများ ကတစ်နှစ်မှ ခြောက်နှစ်အထိကြာမြင့်သည်။

**အာရှဖွံ့ဖြိုးရေးဘဏ်** -

အာရှဖွံ့ဖြိုးရေးဘဏ်ကပညာရေး၊လေ့ကျင့်သင်ကြားရေးနှင့်သင်ရိုးညွှန်းတမ်းနှင့်အလုပ်အကို င်များတွင်ကျား/မရေးရာစံနှုန်းများနှင့်ဆက်စပ်သည့်လုပ်ငန်းများလည်းဆောင်ရွက်လျက်ရှိသ ည်။

**ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)-** မြန်မာ့အရည်အသွေးမှီအ ခြေခံပညာရေးအစီအစဉ်သည်အလှူရှင်အဖွဲ့အများအပြားကထောက်ပံ့ပေးထားသည့်လုပ်ငန်း

အစီအစဉ်ဖြစ်သည်။အစီအစဉ်ကအရည်သွေးပြည်
့မှီသည့်ကျောင်းနေရန်အသင့်ဖြစ်မှုအားလက်လှမ်းမှီမှုတိုးမြင့်ရေးနှင့်မြန်မာနိုင်ငံရှိကလေးငယ်
များအားလုံးအတွက်အ
ခြေခံပညာမူလတန်းအဆင့်သင်ယူရရှိရေးကိုအမျိုးသားအဆင့်ပညာရေးမူဝါဒများနှင့်လုပ်ငန်း
စဉ်များသည်လူတိုင်းအကျုံးဝင်မှုနှင့်အသိပညာပေးထားမှုရှိရန်သေချာစေခြင်းနှင့်အဓိကမြို့န
ယ်(၃၄) မြို့နယ်ရှိကလေးများအားလုံးအတွက်အရည်အသွေးပြည့်
မှီသည့်ပညာရေးဝန်ဆောင်မှုများဖြန့်ဝေပေးနိုင်ရေးတို့မှတဆင့်ဆောင်ရွက်ရန်ရည်ရွယ်သည်။
မြို့နယ်များကိုရွေးချယ်ရာတွင်ညီမျှမှုအ
ခြေခံ၍ဦးစားပေးသတ်မှတ်ခြင်း၊မူလရည်ရွယ်ချက်ဖြစ်သည့်စောင်
့ရှောက်ရန်အလိုအပ်ဆုံးသောကလေးသူငယ်များနှင့်ရပ်ရွာအဖွဲ့အစည်းများသို့ဝန်ဆောင်မှုများ
ရောက်ရှိရေးတို့ကိုအဓိကအခြေခံ၍ရွေးချယ်ထားသည်။

**UNESCO-**

UNESCO၏မြန်မာနိုင်ငံ**အပါအဝင်**ကမ္ဘောဒီးယားနိုင်ငံ၊နီပေါနိုင်ငံ၊သီရိလင်္ကာနိုင်ငံနှင့်ဥဇဘက်
ကစ်စတန်နိုင်ငံများ၌ဒေသတွင်းကျား/မတန်းတူညီမျှရေးလုပ်ငန်းစီမံချက်ကိုဆောင်ရွက်နေပြီး
ဆရာ/ဆရာ**မ**များအတွက်ပညာရေးမူဝါဒနှင့်ပညာရေးကောလိ**ပ်**သင်ရိုးတွင်ကျား/မတန်းတူညီ
မျှရေးကိုမြှင့်တင်ရန်နှင့်ထည့်သွင်းဆောင်ရွက်ရန်အတွက်သင်ရိုးညွှန်းတမ်းများ၊ဖတ်စာအုပ်များ
နှင့်ဆရာ/ဆရာမကိုင်သင်ရိုးများအားကျား/မရေးရာလေ့လာမှုပြုလုပ်ခြင်း၊ပညာရေးမူဝါဒချမှ
တ်သူများနှင့်လုပ်ငန်းစဉ်ရေးဆွဲသူများအတွက်ကျား/မရေးရာတာဝန်ခံမှုရှိသည့်ဆရာဖြစ်မူဝါဒ
များရေးဆွဲနိုင်ရေးစွမ်းရည်မြှင့်သင်တန်းပေးခြင်း၊ဆရာဖြစ်သင်တန်းပေးသူများအတွက်ဆရာအ
တတ်သင်ကျောင်းများတွင်ကျား/မရေးရာနှင့်ပညာရေးသင်ရိုးအားပြုစုရေးဆွဲခြင်း၊အမျိုးသမီး
ဆရာများအတွက်ကျောင်းတွင်းခေါင်းဆောင်မှုသင်တန်းပေးခြင်းအစီအစဉ်များနှင့်စာသင်ကျေ
ာင်းအ
ခြေပြုလုပ်ငန်းသုတေသနမှတဆင့်ကျား/မရေးရာသိမြင်ခံစားလွယ်သည့်သင်ကြားမှုနည်းစနစ်
များတီထွင်ခြင်းတို့ဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ-**

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည်ကျောင်းလခများထုတ်ပေးခြင်း၊ကျောင်းပြင်ပပညာေ

ေး၊အ

ခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊ကျောင်းသားများအတွက်ထောက်ပံ့ပေးခြင်း၊စာေ ပြိုင်ပွဲများစသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်(ကျား/မတန်းတူညီမျှရေးကွန်ရက်- အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ - ၆၆)။အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများဖြစ်သည့်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊မြန်မ ာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့်မြန်မာနိုင်ငံအမျိုးသမီးနှင့်ကလေးသူငယ် ဘဝမြှင့်တင်ရေးအသင်းတို့တွင်လည်းပညာရေးနှင့်လေ့ကျင့်သင်ကြားရေးဆိုင်ရာလုပ်ငန်းအစီ အစဉ်အမျိုးမျိုးကိုဆောင်ရွက်နေကြသည်။

## အသိပညာပေးခြင်း

### အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည်အသိပညာပေးလုပ်ငန်းများဖြစ်သောလူတိုင်းအကျုံး ဝင်စာသင်ကျောင်းတွင်းလှုပ်ရှားမှုများ၊အခွင့်အရေးအ ခြေခံပညာရေး၊ကျေးလက်ပညာရေးဖွံ့ဖြိုးတိုးတက်ရေးစသည့်အစီအစဉ်များကိုဆောင်ရွက်လျ က်ရှိကြသည်။(ကျား/မတန်းတူညီမျှရေးကွန်ရက်- အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၆၆)

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

### ကျား/မရေးရာအခြေအနေလေ့လာမှုစစ်တမ်း (GSA)-

ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေး၊အခြေအနေလေ့လာမှုစစ်တမ်း(၂၀၁၆)သ ည်ပညာရေးကဏ္ဍတွင်ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးများ၏အခွင့်အရေးအတွက်အေ ခြေအချက်အလက်များပေးထားသည်။ထိုစစ်တမ်းကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန၊ကုလသမဂ္ဂနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်းထုတ်ပြန်ထားသ ည်။

### ၂၀၁၄ခုနှစ်မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းနောက်ဆက်တွဲကျား/ မရေးရာရှုထောင့်ဆိုင်ရာအစီရင်ခံစာ -

အစီရင်ခံစာတွင်ပညာရေးကဏ္ဍအတွက်ကျား/မရေးရာရှုထောင့်များလည်းပါဝင်သည်။၎င်းအစီ

ရင်ခံစာကိုပြည်သူ့အင်အားဦးစီးဌာန၊အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကထုတ်ဝေပြီးကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကပံ့ပိုးကူညီသည်။

**မြန်မာ့ပညာရေးကဏ္ဍဘက်စုံသုံးသပ်ချက် (CESR)**

**ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့:**"ပညာရေးနှင့်ကျား/မရေးရာအခက်အခဲဆန်းစစ်လေ့လာမှု"၊ကယားပြည်နယ်ရှိအခြေခံပညာအလယ်တန်းအဆင့်တွင်တက်ရောက်သင်ယူရေးကျား/မရေးရာအခြေအနေများ

**အာရှဖောင်ဒေးရှင်း** -

"မြန်မာနိုင်ငံ၏ပဋိပက္ခဖြစ်ပွားရာဒေသများအတွင်းတိုင်းရင်းသားလူမျိုးစုပဋိပက္ခနှင့်လူမှုရေးဝန်ဆောင်မှုများ"

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကဒေသတွင်းအဆင့်/လုပ်ငန်းစီမံချက်အဆင့်စစ်တမ်းကောက်ယူမှု(၈)ခုဆောင်ရွက်ခဲ့ပြီးဥပမာ -

မြန်မာနိုင်ငံတွင်စာသင်ကျောင်းများအတွက်ဒေသခွဲများသို့ခွဲဝေချထားပေးသည့်ရန်ပုံငွေများအပေါ် လူမှုရေးလေ့လာသုံးသပ်မှု**စသည်တို့ပါဝင်ပါသည်။**(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၏လုပ်ငန်းလမ်းပြမြေပုံစာ - ၆၆)

## ၂.၃အမျိုးသမီးနှင့်ကျန်းမာရေး



(၃) အမျိုးသမီးများနှင့် ကျန်းမာရေး

## ရည်ရွယ်ချက်၊ဦးတည်ချက်နှင့်လုပ်ငန်းစဉ်များ

**အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းပါရည်ရွယ်ချက်:**လိင်နှင့်မျိုးဆက်ပွားကျန်းမာရေးအပါအဝင်အရည်အသွေးပြည့်မီ၍စရိတ်စကနည်းပါးသောကျန်းမာရေးစောင့်ရှောက်မှုများရရှိစေရန်ဆောင်ရွက်ပေးနိုင်သည့်ဥပဒေများ၊မူဝါဒများ၊စနစ်များဖွဲ့စည်းပုံများနှင့်လုပ်ထုံးလုပ်နည်းများပိုမိုအားကောင်းလာစေခြင်းဖြင့်အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များ၏အခွင့်အရေးနှင့်ရပိုင်ခွင့်များကိုကာကွယ်မြှင့်တင်နိုင်ရန်၊

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်** -

လိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးနှင့်မျိုးဆက်ပွားမှုဆိုင်ရာအခွင့်အရေးများကိုလူတိုင်းလက်လှမ်းမှီရရှိကြောင်းသေချာစေရေးဆောင်ရွက်ရန်၊

စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်(၃)ပါကောင်းမွန်သောကျန်းမာရေးနှင့်လူနေမှုဘဝ**တွင်လည်း**ထည့်သွင်းဆောင်ရွက်ရန်ပြဋ္ဌာန်းထားပါသည်။

**အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ**

၃၉ (က) အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်တိုက်ဖျက်ရေး၊အထူးသဖြင့်ကြိုတင်ကာကွယ်မှုဆိုင်ရာဗျူဟာများကိုကြိုးပမ်းဆောင်ရွက်ရန်နှင့်အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ကူးစက်ခံစားနေရသည့်အမျိုးသမီးများနှင့်အမျိုးသားများအားလုံး၊အထူးသဖြင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများမိခင်မှကလေးသို့ရောဂါကူးစက်မှုမှကာကွယ်နိုင်ရေးအတွက်အေအာရ်တီဆေးဝါးကုသမှုများအားအခမဲ့ပံ့ပိုးနိုင်ရေးကိုတိုးမြှင့်ဆောင်ရွက်ရန်၊

၃၉ (ခ) ကိုယ်ဝန်ဆောင်အမျိုးသမီး၏အသက်အန္တရာယ်ကိုထိခိုက်နိုင်သည့်ကိစ္စ၌သာမကမုဒိမ်းမှု၊သွေးရင်းဆွေမျိုးများမှကျူးလွန်သည့်မုဒိမ်းမှုနှင့်သန္ဓေသားပြင်းထန်စွာထိခိုက်ပျက်စီးမှုတို့၌လည်း

ကိုယ်ဝန်ဖျက်ချမှုကိုတရားဝင်ခွင့်ပြုနိုင်ရေးနှင့်ကိုယ်ဝန်ဖျက်ချမှုများအားပြစ်မှုအဖြစ်သတ်မှတ်ထားသည့်ဥပဒေကိုပြန်လည်သုံးသပ်ပေးရန်၊

၃၉(ဂ)

မိခင်၊မွေးကင်းစကလေးနှင့်ကလေးသူငယ်သေဆုံးမှုလျော့ကျရေးလုပ်ငန်းအစီအစဉ်များအားတိုးမြှင့်ဆောင်ရွက်ရန်နှင့်ပြည့်စုံလုံလောက်သောရန်ပုံငွေနှင့်လူ့စွမ်းအားအရင်းအမြစ်များပံ့ပိုးပေးခြင်းဖြင့်အခမဲ့သားဖွားစောင့်ရှောက်မှုအစီအစဉ်များအားဒေသအနှံ့အပြား၌အပြည့်အဝလွှမ်းခြုံအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

၃၉(ဃ)အမျိုးသမီးများနှင့်အမျိုးသမီးငယ်များကျန်းမာရေးစောင့်ရှောက်မှုများအားလက်လှမ်းမီရရှိမှုပိုမိုတိုးမြှင့်လာနိုင်ရန်အတွက်သားဖွားဆရာမများနှင့်သူနာပြုများအားသင်တန်းများပံ့ပိုးဆောင်ရွက်ရန်၊

၃၉(င)

အမျိုးသမီးများနှင့်အမျိုးသမီးငယ်များသတင်းအချက်အလက်များ၊လိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးများ၊အထူးသဖြင့်သားဆက်ခြားပစ္စည်းများအပါအဝင်၎င်းတို့နှင့်ပတ်သက်သည့်ဝန်ဆောင်မှုများကိုရရှိခံစားနိုင်စေရေးအတွက်ဆောင်ရွက်ပေးရန်၊

၃၉(စ)တစ်နှစ်အောက်ကလေးသေဆုံးမှုကိုအမြစ်ဖြတ်ချေမှုန်းနိုင်ရေးအတွက်ရှင်းလင်းသည့်ဦးတည်ချက်နှင့်အညွှန်းကိန်းများပါဝင်သည့်ကျယ်ပြန့်သောစီမံချက်တစ်ခုချမှတ်ရန်။

**ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများ/ လုပ်ငန်းစဉ်များ -**

အမျိုးသားအဆင့်ကျန်းမာရေးစီမံကိန်း(၂၀၁၇-၂၀၂၁)၊မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးဆိုင်ရာငါးနှစ်မဟာဗျူဟာစီမံကိန်း(၂၀၁၄-၂၀၁၈)၊အမျိုးသားအဆင့်ကျန်းမာရေးမူဝါဒ(၁၉၉၃)၊ခုခံအားကျဆင်းမှုကူးစက်ရောဂါဆိုင်ရာမြန်မာအမျိုးသားအဆင့်မဟာဗျူဟာစီမံချက်၊မိသားစုဘဝတည်ဆောက်ခြင်း(၂၀၂၀)ကတိကဝတ်များပြည့်မီရေးကုန်ကျစရိတ်ပါရှိသည့်အကောင်အထည်ဖော်ရေးစီမံချက်၊မြန်မာ့မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးမူဝါဒ၊အရေးပေါ်စောင့်ရှောက်မှုနှင့်နှင့်ကုသမှုဥပဒေ။

## ဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ

## ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း

အမျိုးသားအဆင့်ကျန်းမာရေးစီမံကိန်း(၂၀၁၇ -
၂၀၂၁)။ဤစီမံကိန်းကကျန်းမာရေးဝန်ဆောင်မှု၏အရေးပါသောဝန်ဆောင်မှုများကိုဖြန့်ဝေပေးနိုင်ရေးအဓိကရေးဆွဲထားခြင်းဖြစ်သည်။ဤစီမံကိန်းတွင်ကျား/မရေးရာတရားမျှတမှုအတွက်ဖောင့်ကြည့်လေ့လာရန်ကတိကဝတ်များလည်းပါဝင်သည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ၏ကျန်းမာရေးကော်မတီ -**

ဤကော်မတီသည်ကျန်းမာရေးလုပ်ငန်းများအတွက်ဝန်ကြီးဌာနအချင်းချင်းမူဝါဒချမှတ်ရန်ဖွဲ့စည်းထားသည့်အဆင့်မြင့်အရာရှိကြီးများအဆင့်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ဤမူဝါဒချမှတ်မည့်အဖွဲ့သည်ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်ရေးနှင့်ညှိနှိုင်းဆောင်ရွက်ရေးအတွက်လုပ်ငန်းယန္တရားတစ်ရပ်လည်းဖြစ်သည်။

**UNFPA (ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့)-**

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကအစိုးရ၏မူဝါဒရေးဆွဲရေးနှင့်သားဖွားဆရာမအင်အားစုများအားစီမံခန့်ခွဲရာတွင်အထောက်အကူဖြစ်စေရန်အမျိုးသားအဆင့်သားဖွားဆရာမစံနှုန်းများအားအဆင့်မြှင့်တင်ရေးညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။အဆိုပါဆောင်ရွက်ချက်ကိုမျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးဆိုင်ရာငါးနှစ်မဟာဗျူဟာစီမံကိန်း(၂၀၁၄-၂၀၁၈)
နှင့်မိသားစုဘဝတည်ဆောက်ခြင်း(၂၀၂၀)ကတိကဝတ်များပြည့်မီရေးကုန်ကျစရိတ်ပါရှိသည့်အကောင်အထည်ဖော်ရေးစီမံချက်တို့တွင်ထည့်သွင်းပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ -**

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည်မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးမူဝါဒ၊လူဦးရေမူဝါဒ၊မျိုးဆက်ပွားသားဆက်ခြားစီမံကိန်းအတွက်အမျိုးသားအဆင့်မဟာဗျူဟာ၊ကျန်းမာရေးမဟာဗျူဟာ၊ခုခံအားကျဆင်းမှုကူးစက်ရောဂါဥပဒေမူကြမ်း၊သားအိမ်ခေါင်းကင်ဆာကာကွယ်ရေးမူဝါဒတို့အပေါ်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ထားပါသည်။

(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၆၈).

## အကောင်အထည်ဖော်မှု

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန-**

ပြည်သူ့ကျန်းမာရေးဦးစီးဌာနကဆောင်ရွက်သည့်မိခင်ကျန်းမာရေးနှင့်မျိုးဆက်ပွားသားဆက်ခြ

ခားကျန်းမာရေးဆောင်ရွက်မှုများကိုမြို့ပြနှင့်ကျေးလက်ဒေသများတွင်မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးအားလူတိုင်းလက်လှမ်းမှီရရှိကြောင်းသေချာစေရန်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကကလေးမမွေးဖွားမီစောင့်ရှောက်မှုများ၊ကလေးမွေးဖွားပေးခြင်းနှင့်ကလေးမွေးဖွားအပြီးစောင့်ရှောက်မှုများ၊ကိုယ်ဝန်ပျက်ကျအပြီးနောက်ဆက်တွဲစောင့်ရှောက်မှုနှင့်ပြည်သူ့ကျန်းမာရေးအထောက်အပံ့များ၏အဆင့်တိုင်းတွင်မိသားစုစီမံကိန်းဝန်ဆောင်မှုများအားပံ့ပိုးပေးလျက်ရှိပါသည်။စေတနာ့ဝန်ထမ်းကျန်းမာရေးဝန်ထမ်းများ (အရန်သားဖွားဆရာမများ)အားဝန်ထမ်းသစ်စုဆောင်းပြီးလေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့-** အခြေခံသားဖွားမီးယပ်နှင့်မွေးကင်းစစောင့်ရှောက်ရေးဆိုင်ရာစံလမ်းညွှန်ချက်များ၊လက်စွဲများနှင့်အခြေခံကျန်းမာရေးဝန်ထမ်းများအတွက်သင်တန်းများ၊ရေရှည်ကျင့်သုံးလာခဲ့သည့်မျိုးဆက်ပွားသားဆက်ခြားနည်းလမ်းများသင်တန်းနှင့်ကိုယ်ဝန်ပျက်ကျအပြီးစောင့်ရှောက်မှုများနှင့်မိခင်သေနှုန်းကျဆင်းစေရေးဆောင်ရွက်မှုများ။

**လူမှုဝန်ထမ်းဦးစီးဌာန၊အကျဉ်းဦးစီးဌာနနှင့်ကျန်းမာရေးဦးစီးဌာန** - အမျိုးသမီးပြုစုစောင့်ရှောက်ရေးဌာန(၂)ခုရှိပြီးခုခံအားကျဆင်းမှုကူးစက်ရောဂါခံစားနေရသူအမျိုးသမီးအကျဉ်းသူများအားလက်ခံစောင့်ရှောက်ထားပါသည်။

**ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့-**

အရေးပေါ်သားဖွားမီးယပ်နှင့်မွေးကင်းစစောင့်ရှောက်ရေးသင်တန်းပေးခြင်း၊ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ထောက်ပံ့မှုအစီအစဉ်များမှတဆင့်ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကဆေးဝါးများရရှိရန်နှင့်ဆေးဝါးများအသုံးပြုရန်နှင့်အခြားမိခင်ကျန်းမာရေးစောင့်ရှောက်မှုပစ္စည်းများ**ပေးအပ်လျက်ရှိပါသည်။**

**ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်၃ခုရန်ပုံငွေအဖွဲ့** -

အလှူရှင်အဖွဲ့အစည်းအများအပြားပါဝင်သည့်ရန်ပုံငွေအဖွဲ့သည်မိခင်ကျန်းမာရေး၊မွေးကင်းစနှင့်ကလေးသူငယ်ကျန်းမာရေးတိုးတက်ရန်၊ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး၊တီဘီနှင့်ငှက်ဖျားရောဂါသည်များကျန်းမာရေးစနစ်အားကောင်းစေရေးဆောင်ရွက်နေသည့်အ

ဖွဲ့ဖြစ်ပါသည်။လက်ရှိတွင်ရန်ပုံငွေစီမံကိန်းများပြီးစီးသည့်အချိန်ဖြစ်ပြီးရန်ပုံငွေအသစ်များထပ်မံရရှိရန်စီစဉ်လျက်ရှိပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း** - အခြေခံအရေးပေါ် သားဖွားမီးယပ်နှင့်မွေးကင်းစစောင့်ရှောက်ရေး(၁၂)ပတ်ကြာသင်တန်းကိုနေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးချုပ်တွင်မိခင်သေနှုန်းကျဆင်းရေးအတွက်ဖွင့်လှစ်ခဲ့ပါသည်။မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြမြန်မာနိုင်ငံ၏ဝေးလံခေါင်ဖျားဒေသများတွင်သားဖွားခန်း(၁၃၈)ဖွင့်လှစ်ထားရှိပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** - အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည်လုပ်ငန်းစီမံချက်များဖြစ်သည့်ဆေးခန်းများ၊လိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးဝန်ဆောင်မှုများပံ့ပိုးပေးခြင်း၊သားဆက်ခြားရန်အကူအညီပေးခြင်း၊ကာကွယ်ဆေးထိုးပေးခြင်း၊ကျန်းမာရေးဌာန၊ကျန်းမာရေးစောင့်ရှောက်မှုအတွက်သယ်ယူပို့ဆောင်ရေးစရိတ်များပံ့ပိုးပေးခြင်း၊ကျေးလက်ကျန်းမာရေးကော်မတီများ၏လှုပ်ရှားဆောင်ရွက်မှုများ**အစရှိသည့်လုပ်ဆောင်ချက်များအားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**(ကျား/မတန်းတူညီမျှရေးကွန်ရက်- အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၏လုပ်ငန်းလမ်းပြမြေပုံစာ - ၆၈)

## အသိပညာပေးခြင်း

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** - မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးအပေါ်ပြည်သူလူထုအသိပညာမြင့်မားရေးအတွက်ပြည်သူ့ကျန်းမာရေးလူထုလှုပ်ရှားမှုများဆောင်ရွက်ခြင်း၊မိခင်ကျန်းမာရေးနှင့်မိသားစုစီမံကိန်းနည်းလမ်းများအတွက်သင်ထောက်ကူပစ္စည်းများဖြန့်ဖြူးပေးခြင်း။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်း** - အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကမိသားစုစီမံကိန်းနှင့်လိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာခေါင်းစဉ်အမျိုးမျိုးအတွက်အသိပညာပေးအစီအ

စဉ်များ၊သင်တန်းများဆောင်ရွက်ခြင်း၊(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၏လုပ်ငန်းလမ်းပြမြေပုံစာ - ၆၈)

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**လူဦးရေနှင့် ကျန်းမာရေးစစ်တမ်း ၂၀၁၅** - ကနဦးတွေ့ရှိချက်များအား လေ့လာနိုင်ပါသည်။ အစီရင်ခံစာအပြည့်အစုံတွင် အိမ်တွင်းအကြမ်းဖက်မှုများ၊ အမျိုးသမီးများ၏ အခြေအနေ၊ မိခင်သေနှုန်း၊ အမျိုးသားများအား ကောက်ယူထားသည့် စစ်တမ်းနှင့် ကျား/မခွဲခြားဖော်ပြထားသည့် သွေးအားနည်းရောဂါ၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ အခြေအနေ၊ ဌက်ဖျား၊ တီဘီနှင့် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေး အချက်အလက်များလည်း ပါဝင်သည်။

**မြန်မာနိုင်ငံကျား/မရေးရာအခြေအနေလေ့လာမှုစစ်တမ်း** -ကျား/ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေး အခြေအနေလေ့လာမှုစစ်တမ်း (၂၀၁၆) သည် ကျန်းမာရေးအတွက် ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးဆိုင်ရာအခြေခံအချက်အလက်များ ဖော်ပြထားသည်။ အစီရင်ခံစာကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကုလသမဂ္ဂနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းပြုစုထားသည်။

**သန်းခေါင်စာရင်းနောက်ဆက်တွဲ အစီရင်ခံစာများ** - ၄ (က) မျိုးပွားခြင်းနှင့် မွေးဖွားခြင်း၊ ၄(ခ) သေဆုံးမှုနှုန်း၊ ၄ (ဂ) မိခင်သေနှုန်း ၂၀၁၄ခုနှစ်မြန်မာနိုင်ငံလူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းနောက်ဆက်တွဲကျား/မရေးရာရှုထောင့်ဆိုင်ရာအစီရင်ခံစာ - မသန်စွမ်းမှုအားကျား/မရေးရာရှုထောင့်မှသုံးသပ်ထားသည်။အစီရင်ခံစာကိုအလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ပြည်သူ့အင်အားဦးစီးဌာနတို့ကပူးပေါင်းပြုစုထားပြီးကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကငွေကြေးထောက်ပံ့ပေးသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** - အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကမိခင်မှကလေးသို့ရောဂါကူးစက်ခြင်းအားတားဆီးကာကွယ်နိုင်ရေးဆောင်ရွက်ရာတွင်ကြုံတွေ့ရသည့်အခက်အခဲများ၊အမျိုးသမီးလိင်လုပ်သားများ၏ဝန်ဆောင်မှုများနှင့်ဌက်ဖျားနှင့်ကိုယ်ဝန်ဆောင်များအားပူးတွဲကူးစက်မှုများအပေါ်ဒေသတွင်

းလေ့လာမှု(၂၉)ခုပြုလုပ်ထားပြီးဖြစ်ပါသည်။ (ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်၏ လုပ်ငန်းလမ်းပြမြေပုံ စာ ၆၈)

## ၂.၄အမျိုးသမီးများအပေါ်အကြမ်းဖက်မှု




(၄) အမျိုးသမီးများအပေါ် အကြမ်းဖက်မှု

**အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက်** -

အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုပပျောက်ရေးကို ရှေးရှုသောဥပဒေများ၊လုပ်ထုံးလုပ်နည်းများနှင့်စနစ်များကိုတိုးမြှင့်အားပေးဆောင်ရွက်သွားရေးနှင့်အကြမ်းဖက်ခံရသောအမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များ၏လိုအပ်ချက်များကိုတုန့်ပြန်ဖြည့်ဆည်းပေးရန်၊

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်များ_**

လူကုန်ကူးမှုနှင့်လိင်ပိုင်းနှင့်အခြားပုံစံအမျိုးမျိုးဖြင့်အမြတ်ထုတ်ခြင်းများအပါအဝင်အမျိုးသမီးနှင့်မိန်းကလေးငယ်များအားလုံးကိုအများပြည်သူရှေ့နှင့်ဆိတ်ကွယ်ရာနေရာများတွင်နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုများလျော့နည်းပပျောက်ရေးနှင့်ကလေးသူငယ်နှင့်အရွယ်မရောက်မီလက်ထပ်ထိမ်းမြားမှုများနှင့်အတင်းအဓမ္မလက်ထပ်စေခြင်း၊အမျိုးသမီးများ၏လိင်အင်္ဂါကိုဖြတ်တောက်ခြင်းကဲ့သို့သောထိခိုက်နစ်နာစေသည့်ဓလေ့ထုံးစံများအားလုံးလျော့နည်းပပျောက်ရေး၊

**အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ**

၁၅ (က) နှင့်၄၇ (က)

ကွန်ဗင်းရှင်းပါပြဌာန်းချက်များနှင့်အပြည့်အဝလိုက်လျောညီထွေရှိစေရန်အတွက်မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေ၊လူဦးရေတိုးပွားနှုန်းထိန်းညှိခြင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုဥပဒေ၊ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေနှင့်တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေတို့ကိုပြန်လည်ပြင်ဆင်ရန် (သို့မဟုတ်) ဖျက်သိမ်းရန်၊

၁၅ (ဂ)

အမျိုးသမီးများအားအဓမ္မရွှေ့ပြောင်းစေခြင်းမှကာကွယ်သည့်အထူးသဖြင့်“ရိုဟင်ဂျာ”ကဲ့သို့သောလူနည်းစုတိုင်းရင်းသားအုပ်စုများထဲမှအမျိုးသမီးများအားအကာအကွယ်ပေးသည့်ဆီလျော်ပြည့်စုံသောဥပဒေချမှတ်ပြဌာန်းရန်၊

၂၅ (ဃ)

နောင်အစီရင်ခံစာတင်မည့်ကာလတွင်ကလေးသူငယ်ထိမ်းမြားလက်ထပ်မှုဖြစ်ပွားမှုကိုခွဲခြားဖော်ပြထားသည့်အချက်အလက်များဖြင့်တင်ပြရန်၊

၂၇

(က)ဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်၍ကွန်ဗင်းရှင်းနှင့်ကော်မတီ၏အထွေထွေအကြံပြုချက်အမှတ်၁၉

(၁၉၉၂)အားအပြည့်အဝအသုံးချရန်နှင့်ရာဇသတ်ကြီးအပါအဝင်ပြည်တွင်းဥပဒေများအားပြန်လည်ပြင်ဆင်ရာ၌မုဒိမ်းမှုနှင့်အိမ်ထောင်ဖက်တွင်းမုဒိမ်းမှုကျူးလွန်ခြင်းအစိပ္ပါယ်ဖွင့်ဆိုချက်များအားကွန်ဗင်းရှင်းနှင့်အညီအပြည့်အဝဆီလျော်မှုရှိစေရေးဆောင်ရွက်ရန်၊

၂၇ (ခ)

ပဋိပက္ခတွင်းနှင့်ပဋိပက္ခပြီးဆုံးသည့်ကာလများ၌ကျူးလွန်ခဲ့ကြသည့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများတွင်အရေးယူမှုကင်းလွတ်စေသည့်ဥပဒေများကိုပယ်ဖျက်ရန်နှင့်တပ်မတော်နှင့်လက်နက်ကိုင်တပ်ဖွဲ့များမှကျူးလွန်သည့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်များကိုစုံစမ်းစစ်ဆေးမှုနှင့်တရားစွဲဆိုမှုတို့အရှိန်မြှင့်တင်ရန်၊

၂၇(ဂ)

တပ်မတော်နှင့်လက်နက်ကိုင်တပ်ဖွဲ့ဝင်များမှကျူးလွန်သည့်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအားတိုင်ကြားခဲ့ကြသည့်အမျိုးသမီးများကိုခြိမ်းခြောက်မှုနှင့်ထပ်မံအကြမ်းဖက်မှုခံနေရသည့်အပေါ်စုံစမ်းစစ်ဆေးမှုနှင့်အပြစ်ပေးမှုများဆောင်ရွက်ရန်နှင့်အကြမ်းဖက်ခံရသူနှင့်မျက်မြင်သက်သေများအတွက်ပြည့်စုံထိရောက်သည့်အကာအကွယ်ပေးခြင်းဆိုင်ရာအစီအစဉ်များထားရှိရန်၊

၂၇ (ဃ)

နောင်အစီရင်ခံစာတွင်အကာအကွယ်ပေးရေးဆိုင်ရာအမိန့်ထုတ်ပြန်ခြင်းအတွက်ဥပဒေလုပ်ထုံးလုပ်နည်းဆိုင်ရာသတင်းအချက်အလက်များအားဖော်ပြရန်နှင့်အဆိုပါအကာအကွယ်ပေးရေးဆိုင်ရာအမိန့်အသုံးပြုခဲ့သည့်အကြမ်းဖက်ခံရသူနှင့်ကျူးလွန်သူတို့၏အသက်အရွယ်၊လူမျိုးစုနှင့်၎င်းတို့၏ဆက်နွယ်မှုဆိုင်ရာသတင်းအချက်အလက်များကိုလည်းထည့်သွင်းဖော်ပြရန်၊

၂၇(င)

အမျိုးသမီးများနှင့်မိန်းကလေးငယ်များ၊အထူးသဖြင့်လူနည်းစုတိုင်းရင်းသားအမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ကျူးလွန်သည့်ကျား၊မအခြေပြုအကြမ်းဖက်မှုများအားအကြမ်းဖက်ခံရသူကတိုင်ကြားမှုပြုနိုင်ရန်အတွက်

တိုက်တွန်းအားပေးပြီးအကြမ်းဖက်ခံရသူအမျိုးသမီးများနှင့်မိန်းကလေးငယ်များအတွက်နားခိုရန်နေရာနှင့်လိုအပ်သည့်အထောက်အပံ့များအားလုံလောက်စွာပံ့ပိုးပေးရန်၊

၂၇(စ)သက်ဆိုင်ရာပြစ်မှုဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များအားတိကျစွာလိုက်နာအသုံးပြုနိုင်ရေးနှင့်အိမ်တွင်းအကြမ်းဖက်မှုအပါအဝင်အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများအားကျားမရေးရာသဘောထားအမြင်ဖြင့်ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက်တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေသူများနှင့်ဆက်စပ်ဝန်ထမ်းများအားသင်တန်းများပေးရန်၊

၂၇(ဆ)အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေအားကွန်ဗင်းရှင်းနှင့်အညီရေးဆွဲရန်နှင့်နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲပြဋ္ဌာန်းရန်၊အကြမ်းဖက်ခံရသည့်အမျိုးသမီးများနှင့်မိန်းကလေးငယ်များအတွက်ထိရောက်စွာဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့သည့်ထုံးတမ်းစဉ်လာတရားစီရင်ရေးယန္တရားများအသုံးပြုခြင်းအားထိန်းချုပ်ဟန့်တားရန်၊

၂၉(က)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ(၂၀၀၅)ပြန်လည်သုံးသပ်မှုကိုအရှိန်မြှင့်တင်ရန်၊ပြန်လည်ပြဋ္ဌာန်းသည့်ဥပဒေသစ်သည်ကျယ်ပြန့်ပြီးနိုင်ငံတကာစံနှုန်းများ၊အဆင့်အတန်းများနှင့်ညီညွတ်စေရန်၊

၂၉(ခ)

အမျိုးသမီးများနှင့်အမျိုးသမီးငယ်များလူကုန်ကူးခံရသည့်အဓိကအကြောင်းအရင်းများကိုဖော်ထုတ်နိုင်ရေးကြိုးပမ်းမှုများကိုအရှိန်မြှင့်တင်ရန်နှင့်လူကုန်ကူးခံရသူများအတွက်နားခိုရန်နေရာ၊ဥပဒေ၊ကျန်းမာရေးနှင့်စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှုများရရှိခံစားနိုင်ရေးအပါအဝင်ပြန်လည်ထူထောင်ရေးနှင့်လူမှုအသိုင်းအဝိုင်းအတွင်းပြန်လည်ဝင်ဆံ့နိုင်ရေးအတွက်ထောက်ပံ့ကူညီမှုများပေးရန်၊

၂၉ (ဂ)

နိုင်ငံတော်အဆင့်လွှဲပြောင်းရေးယန္တရားတစ်ခုထူထောင်ရန်နှင့်လူကုန်ကူးမှုဆိုင်ရာပြစ်မှုများအားသတင်းပေးမှုတိုးမြှင့်လာစေရန်၊လူကုန်ကူးခံရသည့်

အမျိုးသမီးများနှင့်အမျိုးသမီးငယ်များကိုစောစီးစွာသိရှိနိုင်စေရန်နှင့်

သင့်လျော်သောဝန်ဆောင်မှုများရရှိစေရေးလွှဲပြောင်းပေးရန်၊

၂၉(ဃ)လူကုန်ကူးမှုကြိုတင်ကာကွယ်ရန်အတွက်ဒေသတွင်းအခြားသောနိုင်ငံများနှင့်သတင်းအချက်အလက်များဖလှယ်ခြင်း၊လူကုန်ကူးမှုကျူးလွန်သူများအားတရားစွဲဆိုနိုင်မည့်ဥပဒေရေးရာလုပ်ထုံးလုပ်နည်းများအားအထူးသဖြင့်အိမ်နီးချင်းနိုင်ငံများ၊သက်ဆိုင်ရာအာဆီယံနိုင်ငံများနှင့်တညီတညွတ်တည်းရှိစေရန်ဆောင်ရွက်ခြင်းစသည်တို့အပါအဝင်နှစ်နိုင်ငံ၊ဒေသတွင်းနှင့်နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအားအရှိန်အဟုန်ဖြင့်ကြိုးပမ်းဆောင်ရွက်ရန်၊

၂၉(င)

နောင်အစီရင်ခံစာတွင်ပြည့်တန်ဆာအဖြစ်ခေါင်းပုံဖြတ်မှုများ၊ပြည့်တန်ဆာလုပ်ကိုင်နေကြသည့်အမျိုးသမီးများရုန်းထွက်နိုင်မည့်အစီအစဉ်များနှင့်၎င်းတို့အပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရန်ဆောင်ရွက်ချက်များကိုထည့်သွင်းဖော်ပြရန်၊

၄၅(ခ)

“ရိုဟင်ဂျာ”နှင့်အခြားတိုင်းရင်းသားလူမျိုးစုအမျိုးသမီးများအားဦးတည်ချက်ထားသည့်ကျား၊မအခြေပြုအကြမ်းဖက်မှုများအားအမြန်ဆုံးစုံစမ်းစစ်ဆေးရန်နှင့်ကျူးလွန်သူများအားပြစ်ဒဏ်နှင့်ထိုက်သင့်သည့်စီရင်ချက်များချမှတ်ဆောင်ရွက်ရန်၊

၄၅(စ)

လိင်ပိုင်းဆိုင်ရာနှင့်ကျား၊မအခြေပြုအကြမ်းဖက်မှုအပါအဝင်လူနည်းစုတိုင်းရင်းသားအမျိုးသမီးများနှင့်မိန်းကလေးများအပေါ် အကြမ်းဖက်မှုများအားထိရောက်စွာစုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်၊သံသယရှိသူအားတရားစွဲဆိုဆောင်ရွက်ရန်နှင့်ပြစ်မှုကျူးလွန်ပါက၎င်းတို့အားထိရောက်စွာပြစ်ဒဏ်ချမှတ်နိုင်ရန်အတွက်လွတ်လပ်သောအဖွဲ့အစည်းတစ်ခုကိုအမြန်ဆုံးဖွဲ့စည်းထူထောင်ရန်နှင့်

၄၇(ခ)

ကလေးသူငယ်ထိမ်းမြားလက်ထပ်မှုပပျောက်စေရေးအတွက်မိဘအုပ်ထိန်းသူ၏သဘောတူညီချက်ဖြင့်လက်ထပ်ခွင့်ပြုသည့်အနိမ့်ဆုံးအသက်အရွယ်ကိုတိုးမြှင့်ရန်နှင့်ဓလေ့ထုံးတမ်းနှင့်ဘာသာရေးဆိုင်ရာဥပဒေများအရလက်ထပ်ထိမ်းမြားသည့်အမျိုးသမီးများအားကာကွယ်စောင့်ရှောက်မှုပေးရန်။

**ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများ/ အစီအစဉ်များ** -

လူကုန်ကူးမှုအတွက်အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်များနှင့်လမ်းညွှန်ချက်များ၊လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ(၂၀၀၅)အရေးပေါ်စောင့်ရှောက်ရေးနှင့်ကုသရေးဥပဒေ၊လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာမြန်မာနိုင်ငံ၏ဒုတိယငါးနှစ်စီမံကိန်း(၂၀၁၂-၂၀၁၆)။

**ဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ**

**ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း**

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးဥပဒေ -

ဥပဒေမူကြမ်းအားပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့တင်ပြထားပြီးဖြစ်ပါသည်။အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများနှင့်ကုလသမဂ္ဂကျား/မရေးရာအဖွဲ့တို့သည်လည်း၎င်းဥပဒေရေးဆွဲရာတွင်ပါဝင်ခဲ့သည်။

**လူမှုဝန်ထမ်းဦးစီးဌာန** -

လူမှုဝန်ထမ်းဦးစီးဌာနသည်အမျိုးသားအဆင့်အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုလျော့နည်းပပျောက်ရေးလုပ်ငန်းစီမံချက်ကိုဌာနကပါဝင်ဆောင်ရွက်လျက်ရှိသောအာဆီယံသေတွင်းဦးစားပေးလုပ်ငန်းစဉ်များတွင်ပါဝင်သည့်လုပ်ငန်းတစ်ရပ်အနေဖြင့်ရေးဆွဲသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံ၏လူကုန်ကူးမှုတားဆီးကာကွယ်ရေးတတိယငါးနှစ်စီမံကိန်း (၂၀၁၇-၂၀၂၁)** -

လူကုန်ကူးမှုအားတားဆီးကာကွယ်ရန်နှင့်နှိမ်နင်းရာတွင်အမျိုးသမီး၊ကလေးသူငယ်နှင့်လူငယ်များအတွက်အထူးဦးစားပေးဆောင်ရွက်ပါမည်။

**အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုင်ရာအမျိုးသားအဆင့်လုပ်ငန်းစီမံချက်** -

အမျိုးသမီးနှင့်မိန်းကလေးငယ်များအတွက်အဓိကဦးစားပေးဆောင်ရွက်မည့်ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏လုပ်ငန်းအရရေးဆွဲရန်အဆိုပြုထားခြင်းဖြစ်ပါသည်။

**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့** -

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုပြည်ထဲရေးဝန်ကြီးဌာနကဦးဆောင်ပြီးလုပ်ငန်းအဖွဲ့သုံးဖွဲ့ဖွဲ့စည်းထားပါသည်။ပြည်ထဲရေးဝန်ကြီးဌာနကဖွဲ့စည်းထားသည့်လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့်လူကုန်ကူးခံရသူများကာကွယ်စောင့်

ရှောက်ရေးအဖွဲ့၊ရှေ့နေချုပ်ရုံးကဖွဲ့စည်းထားသည့်ဥပဒေမူဘောင်နှင့်တရားစွဲဆိုရေးကဏ္ဍအဖွဲ့၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကဖွဲ့စည်းထားသည့်ပြန်လည်လက်ခံရေး၊ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်ပြန်လည်ထူထောင်ရေးအဖွဲ့တို့ဖြစ်ပြီးအမျိုးသမီး၊ကလေးသူငယ်နှင့်လူငယ်များအတွက်အထူးစဉ်းစားပေးထားသောလူကုန်ကူးမှုဆိုင်ရာမူဝါဒနှင့်လမ်းညွှန်ချက်များချမှတ်ခြင်းဆောင်ရွက်လျက်ရှိပါသည်။

**IOM:** မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံနှစ်နိုင်ငံအကြားဆောင်ရွက်မည့်'လူကုန်ကူးခံရသူများ၏ဖြစ်ရပ်များစီမံခန့်ခွဲခြင်းနှင့်ပြန်လည်လက်ခံရေးနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအတွက်နှစ်နိုင်ငံအစိုးရပူးပေါင်းဆောင်ရွက်မည့်စံလုပ်ငန်းလမ်းညွှန်ချက်' ရေးဆွဲရာတွင်ပါဝင်ကူညီလျက်ရှိပြီး"လူကုန်ကူးခံရသူများကာကွယ်စောင့်ရှောက်ရေးအမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်"ရေးဆွဲရာတွင်လည်းလူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ဝင်များနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ပဋိပက္ခအခြေအနေများအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအဆုံးသတ်ရေးကြေငြာစာတမ်းကတိကဝတ်** - ဤကြေငြာစာတမ်းကိုမြန်မာနိုင်ငံကပါဝင်လက်မှတ်ရေးထိုးထားပြီးဗြိတိသျှနိုင်ငံနိုင်ငံခြားနှင့်ဓနသဟာယရုံးကကနဦးစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

**ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့** - ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကအမျိုးသမီးများသည်အသက်ကယ်ကုထုံးများကိုရဲတပ်ဖွဲ့ထံသို့ဦးစွာသတင်းပို့ရန်မလိုဘဲလက်လှမ်းမှီကုသခံနိုင်ရေးအတွက်အရေးပေါ်စောင့်ရှောက်ရေးနှင့်ကုသရေးဥပဒေအတွက်လမ်းညွှန်ချက်တစ်ရပ်ရေးဆွဲလျက်ရှိပါသည်။ခွင့်ပြုချက်ရရှိရန်ပြည်ထဲရေးဝန်ကြီးဌာနသို့ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကတင်ပြပြီးဖြစ်ပါသည်။ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကတိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းရှိကျန်းမာရေးနှင့်ရဲတပ်ဖွဲ့ဝင်များအတွက်သင်တန်းပေးရာတွင်အဆိုပါလမ်းညွှန်ချက်အား၂၀၁၅ခုနှစ်ကတည်းကစတင်အသုံးပြုလျက်ရှိပါသည်။

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

**လူမှုဝန်ထမ်းဦးစီးဌာန** -

လူမှုဝန်ထမ်းဦးစီးဌာနကအကြမ်းဖက်ခံရသူအမျိုးသမီးများအတွက်တစ်နေရာတည်းတွင်ဝန်ဆောင်မှုများရရှိနိုင်မည့် ဂေဟာများကိုရန်ကုန်မြို့နှင့်မန္တလေးမြို့တို့တွင်ဂေဟာနှစ်ခုစတင်ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။လူမှုဝန်ထမ်းဦးစီးဌာနသည်တစ်ဦးချင်းဖြစ်ရပ်စီမံခန့်ခွဲမှုများအားလည်းဆောင်ရွက်လျက်ရှိပြီး အရေးပေါ်တိုင်ကြားနိုင်သည့်နိုင်ငံတော်အဆင့်တယ်လီဖုန်းလိုင်းအားလည်းဖွင့်လှစ်ထားရှိပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန** -

လူမှုဝန်ထမ်းဦးစီးဌာနကအာဆီယံဒေသတွင်းဦးစားပေးလုပ်ငန်းစဉ်များအနက်တစ်ခုဖြစ်သည့် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုလျော့နည်းပပျောက်ရေးအမျိုးသားအဆင့်အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်တစ်ရပ်ကိုရေးဆွဲလျက်ရှိပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန** -

လူမှုဝန်ထမ်းဦးစီးဌာနကလူကုန်ကူးခံရသူအမျိုးသမီးများအတွက်ပြန်လည်ထူထောင်ရေးဌာနနှစ်ခုဖွင့်လှစ်ထားရှိပြီးလူကုန်ကူးခံရသူအမျိုးသမီးများအတွက်မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိချိန်တွင်ယာယီနားခိုရန်နေရာများ၊အစားအစာ၊အဝတ်အထည်၊ဆေးကုသမှု၊ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့်(၂)ပတ်ကြာအသက်မွေးဝမ်းကျောင်းသင်တန်းများပံ့ပိုးပေးလျက်ရှိပါသည်။

**IOM:** **IOM**

ကလူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍ **“**ပြန်လည်လက်ခံရေးနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးဆိုင်ရာမြန်မာ-ထိုင်းဖြစ်ရပ်စီမံခန့်ခွဲမှုအစည်းအဝေးများ**”**ကျင်းပလျက်ရှိပြီးထိုင်းနိုင်ငံစခန်းများတွင်နေထိုင်ရေသည့်မြန်မာနိုင်ငံသားလူကုန်ကူးခံရသူများအတွက်ဝန်ဆောင်မှုပေးရန်နှင့်ကူညီပေးရန်သုံးလတစ်ကြိမ်နယ်စပ်ဖြတ်ကျော်သွားရောက်ရသည့်မြန်မာနိုင်ငံမှဖြစ်ရပ်စီမံခန့်ခွဲသူများ၏ခရီးစဉ်များကိုလည်းကူညီပံ့ပိုးပေးလျက်ရှိပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာနနှင့်ActionAid:**“တရားရေးလက်လှမ်းမှီမှုမြှင့်တင်ရန်အမျိုးသမီးနှင့်မိန်းကလေးငယ်များအတွက်အကြမ်းဖက်မှုကင်းစင်သည့်ပတ်ဝန်းကျင်”လုပ်ငန်းစီမံချက်ကိုကယား၊

ရခိုင်၊ဧရာဝတီတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင်အမျိုးသမီးများအတွက်ဥပဒေရေးရာသင်တန်းများ၊စံပြအမျိုးသားများနှင့်ရပ်ရွာညွှန်းပို့ယန္တရားတို့ထူထောင်ခြင်းနည်းလမ်းများဖြင့်ဆောင်ရွက်လျက်ရှိပါသည်။ဤလုပ်ငန်းစီမံချက်ကိုအမျိုးသမီးများအပေါ်အကြမ်းဖက်မှုအဆုံးသတ်ရေးကုလသမဂ္ဂရန်ပုံငွေအဖွဲ့ကပံ့ပိုးကူညီပါသည်။

**ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့-** ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့က **(DFID** ကရရှိသည့်ရန်ပုံငွေဖြင့်**)** ကချင်၊ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ရခိုင်ပြည်နယ်ရှိအဖွဲ့အစည်းများကိုအမျိုးသမီးနှင့်မိန်းကလေးငယ်များအတွက်ဂေဟာများထူထောင်ရန်ပံ့ပိုးပေးလျက်ရှိပါသည်။ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏အမျိုးသမီးနှင့်မိန်းကလေးငယ်များအားဦးစားပေးဆောင်ရွက်မည့်အစီအစဉ်**အား**မုဒိမ်းမှုကျူးလွန်ခံရပြီးချိန်တွင်ကုသမှုနှစ်သိမ့်ဆွေးနွေးအကြံပေးမှုနှင့်ကျား/မအခြေပြုအကြမ်းဖက်မှုကျူးလွန်ခံရသူများအတွက်အကူအညီများအပါအဝင်ဘက်စုံပြည့်စုံသည့်မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုနှင့်အရေးပေါ်အကူအညီပေးရေးအတွက်ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။(ဖင်လန်နိုင်ငံသံရုံးနှင့်ဆွီဒင်သံရုံးတို့ကငွေကြေးထောက်ပံ့သည်)

**ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မာရေးအဖွဲ့-**အမျိုးသမီးနှင့်မိန်းကလေးငယ်များကိုအကြမ်းဖက်ခြင်းမှတားဆီးကာကွယ်ရန်ဝန်ဆောင်မှုများအားစတင်စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။အမျိုးသမီးနှင့်မိန်းကလေးငယ်များအပေါ်အကြမ်းဖက်မှုမှတားဆီးကာကွယ်ရန်သဘောထားနှင့်အယူအဆများပြောင်းလဲရေးကိုအသိပညာပေးခြင်းများဖြင့်ဆောင်ရွက်လျက်ရှိပါသည်။

**အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ဒေသခံအကောင်အထည်ဖော်ရေးမိတ်ဘက်အဖွဲ့များ-**

အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊တရားဥပဒေလက်လှမ်းမှီရေး(Action Aid),ကျား/မအခြေပြုအကြမ်းဖက်မှု(CARE, IRC, MSI),အရေးပေါ်အခြေအနေမှအမျိုးသမီးများ(Trocaire, IRC).၎င်းတို့၏ဒေသခံမိတ်ဘက်အဖွဲ့များကအမျိုးသမီးများအပေါ်အကြမ်းဖက်မှုအပေါ်အသိပညာပေးခြင်း၊ယာယီနားခိုရန်နေရာများ၊စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ဝန်ဆ

ခေင်မှုပေးရာတွင်ထောက်ပံ့ပေးခြင်း၊ဥပဒေရေးရာရုံးခန်းများသို့ညွှန်းပို့ပေးခြင်းတို့ဆောင်ရွက်
လျက်ရှိပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -
အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကလုပ်ငန်းစီမံချက်အမျိုးမျိုးကိုဆောင်ရွက်နေကြသည်။ဥ
ပမာ -
ကျား/မအခြေပြုအကြမ်းဖက်မှုများအတွက်ဖြစ်ရပ်ညွှန်းပို့ခြင်း၊ကျား/မအခြေပြုအကြမ်းဖက်မှု
များအားကိုင်တွယ်ဆောင်ရွက်ခြင်း၊ကျား/မအခြေပြုအကြမ်းဖက်မှုအပေါ်အမျိုးသမီးအဖွဲ့များ
နှင့်ဆွေးနွေးခြင်း၊ကျား/မအခြေပြုအကြမ်းဖက်မှုအမျိုးအစားများအကြောင်းသင်ထောက်ကူပ
စ္စည်းများဖြန့်ဝေခြင်းနှင့်ကျား/မအခြေပြုအကြမ်းဖက်မှုများအားဖော်ထုတ်ပုံ၊ကျူးလွန်ခံရသူမျာ
းအတွက်ငွေကြေးအထောက်အပံ့၊ဥပဒေအကူအညီ၊ပြည်တွင်းအစိုးရမဟုတ်သောအဖွဲ့အစည်း
များနှင့်ကွန်ရက်ချိတ်ဆက်ခြင်း၊ကျား/မအခြေပြုအကြမ်းဖက်မှုများတုန့်ပြန်ရေးအဖွဲ့များဖွဲ့စည်း
ခြင်း၊အိမ်တိုင်ရာရောက်စောင့်ရှောက်မှုအစီအစဉ်များ၊အမျိုးသမီးဂေဟာများ
(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြ
မြေပုံစာ၇၀).

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်** -
အဖွဲ့ချုပ်သည်နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ညွှန်းပို့ခြင်းနှင့်ညှိနှိုင်းဆောင်ရွက်ခြင်း
(တိုင်ကြားစာများအပေါ်)၊ပဋိပက္ခနှင့်သဘာဝဘေးအန္တရာယ်ကြုံတွေ့ခံစားရသူအမျိုးသမီးနှင့်
မိန်းကလေးငယ်များအတွက်ကာကွယ်စောင်
့ရှောက်ရေး၊လူကုန်ကူးခံရသူအမျိုးသမီးများအတွက်ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်ဝင်ဆံ့
ပေါင်းစည်းရေးတို့ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း** -
အသင်းသည်လူကုန်ကူးမှုကာကွယ်စောင်
့ရှောက်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

## အသိပညာပေးခြင်း

**ပြည်ထဲရေးဝန်ကြီးဌာန-**
ပြည်ထဲရေးဝန်ကြီးဌာနသည်လူကုန်ကူးမှုဆိုင်ရာအသိပညာပေးအစီအစဉ်များကိုဖွံ့ဖြိုးတိုးတ

က်ရေးမိတ်ဘက်အဖွဲ့များနှင့်ပူးပေါင်း၍မြန်မာနိုင်ငံအနှံ့အောက်ခြေအဆင့်အထိဆောင်ရွက်လျက်ရှိပါသည်။

**၁၆ရက်တာလှုပ်ရှားမှု** -

လူမှုဝန်ထမ်းဦးစီးဌာနသည်ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးမိတ်ဘက်အဖွဲ့အစည်းများ၏အကူအညီဖြင့်တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်၁၆ရက်တာလှုပ်ရှားမှုအစီအစဉ်များဆောင်ရွက်လျက်ရှိပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန** -

လူမှုဝန်ထမ်းဦးစီးဌာနသည်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်အခြားဆက်စပ်ဝန်ကြီးဌာနများ၊ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုမိတ်ဘက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ကျား/မအခြေပြုအကြမ်းဖက်မှုနှင့်အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကိုအသိပညာပေးအစီအစဉ်များ၊စကားဝိုင်းများ၊လူထုလှုပ်ရှားမှုများနှင့်သင်တန်းများအားတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

**လုံခြုံစိတ်ချရသည့်မြို့တော်လူထုလှုပ်ရှားမှု** - ActionAid က(ဆွီဒင်သံရုံးနှင့်DFID၏အကူအညီဖြင့်)လုံခြုံစိတ်ချရသည့်မြို့တော်လူထုလှုပ်ရှားမှုများကိုရန်ကုန်မြို့တွင်ဆောင်ရွက်ခဲ့ပြီးရန်ကုန်ဒေသအတွင်းလုံခြုံစိတ်ချရသည့်လမ်းကြောင်းကိုလမ်းပြမြေပုံရေးဆွဲနိုင်ခဲ့ပါသည်။

**ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့-**

သင်ကိုယ်တိုင်နှင့်သင့်မိသားစုကိုအကြမ်းဖက်မှုမှကာကွယ်ပါလက်ကမ်းစာစောင်ကိုထုတ်ဝေခဲ့ပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည်အသိပညာပေးအစီအစဉ်နှင့်သင်တန်းအမျိုးမျိုးကိုဆောင်ရွက်နေပြီးဥပမာအားဖြင့်၁၆ရက်တာလှုပ်ရှားမှုအစီအစဉ်၊လိင်ပိုင်းဆိုင်ရာနှင့်ကျား/မအခြေပြုအကြမ်းဖက်မှု၊မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်များတွင်အမျိုးသမီးများဘေးကင်းရေး၊အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးကုလသမဂ္ဂသဘောတူစာချုပ်နှင့်ဥပဒေအသိပညာပေးအစီအစဉ်များ၊အမျိုးသမီးများအပေါ်အကြမ်းဖက်မှုအပါအဝင်အမျိုးသမီးများ၏အခွင့်အရေးဆိုင်ရာသင်တန်းပေးခြင်း၊စွမ်းရည်မြှင့်သင်တန်းများ၊ကျား/မအ

ခြေပြုအကြမ်းဖက်မှုနှင့်ရှေ့နေများအတွက်ကျား/မရေးရာသင်တန်းများပေးခြင်းစသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။ (ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၀)

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**ကျား/မအခြေပြုအကြမ်းဖက်မှုဝန်ဆောင်မှုပေးသူများဆိုင်ရာလမ်းပြမြေပုံ** - လူမှုဝန်ထမ်းဦးစီးဌာနနှင့်ကျား/မတန်းတူညီမျှရေးကွန်ရက်တို့ပူးပေါင်း၍ကျား/မအခြေပြုအကြမ်းဖက်မှုဝန်ဆောင်မှုပေးသူများဆိုင်ရာလမ်းပြမြေပုံရေးဆွဲလျက်ရှိပါသည်။ထို့အပြင်လူမှုရေး၊စီးပွားရေးနှင့်ကျား/မရေးရာသုတေသနအဖွဲ့ကအရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကပေးသည့်ဝန်ဆောင်မှုများအတွက်လမ်းပြမြေပုံရေးဆွဲနေပါသည်။

**ဆုံမှတ်မှအသံများ၊မြန်မာနိုင်ငံ၏ကဏ္ဍစုံတရားရေးသို့အမျိုးသမီးများ၏လက်လှမ်းမှီမှု** - ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြှင့်မာရေးအဖွဲ့ကပြုလုပ်သည့်သုတေသနဖြစ်ပါသည်။

**၂၀၁၅ခုနှစ်မြန်မာ့လူဦးရေနှင့်ကျန်းမာရေးစစ်တမ်း** - ဤစစ်တမ်းတွင်အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာဆန်းစစ်မှုတစ်ရပ်ပါဝင်ပါသည်။

**တိတ်ဆိတ်ခြင်း၏နောက်ကွယ်၊အမျိုးသမီးများ၏ခံနိုင်ရည်စွမ်းသုတေသန** - ကျား/မတန်းတူညီမျှရေးကွန်ရက်ကပြုစုထားသည့်အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုင်ရာသုတေသနဖြစ်ပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** - အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည်ဒေသတွင်းနှင့်လုပ်ငန်းစီမံချက်အဆင့်လေ့လာမှုနှင့်စစ်တမ်း(၈)ခုဆောင်ရွက်ထားပါသည်။ဥပမာ-အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဆိုင်ရာအသိပညာဗဟုသုတစစ်တမ်း၊မသန်စွမ်းအမျိုးသမီးများအပေါ်အကြမ်းဖက်မှု၊ပဋိပက္ခဒေသအတွင်းဖြစ်ပွားသည့်အကြမ်းဖက်မှု၊အမျိုးသမီးများအပေါ်အကြမ်းဖက်မှုစစ်တမ်း၊အကြမ်းဖက်မှုဆိုင်ရာဝန်ဆောင်မှုများလမ်းပြမြေပုံ၊အမျိုးသမီးများ၏လိုအပ်ချက်များဆိုင်ရာလေ့လာချက်**များအားပြုလုပ်ခဲ့ပါသည်။**

**(ကျား/မတန်းတူညီမျှရေးကွန်ရက်                                                                                                    -
အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၀)**

## ၂.၅အမျိုးသမီးများနှင့်အရေးပေါ်အခြေအနေများ



## (၅) အမျိုးသမီးများနှင့် အရေးပေါ်အခြေအနေများ

**အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက်** -

အရေးပေါ်အခြေအနေတိုင်းတွင်အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များ၏ရပိုင်ခွင့်ဖြစ်သောကာကွယ်စောင့်ရှောက်မှုရရှိစေရန်နှင့်သဘာဝဘေးအန္တရာယ်နှင့်ပဋိပက္ခအန္တရာယ်လျော့ချခြင်း၊ကြိုတင်ပြင်ဆင်ခြင်း၊တုန့်ပြန်ခြင်းတို့တွင်အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များပါပူးပေါင်းပါဝင်နိုင်စေသည့်စနစ်များ၊ဖွဲ့စည်းပုံများနှင့်လုပ်ထုံးလုပ်နည်းများပိုမိုအားကောင်းလာစေရန်

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်** -

သီးခြားဦးတည်ချက်အနေဖြင့်ပါဝင်ခြင်းမရှိသော်လည်းစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်၁၆ငြိမ်းချမ်းရေးနှင့်လူတိုင်အကျုံးဝင်လူမှုအဖွဲ့အစည်းကဏ္ဍတွင်သာထည့်သွင်းထားပါသည်။

**အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ**

- ၁၃ (က)

ပဋိပက္ခမဖြစ်အောင်ကြိုတင်ကာကွယ်ခြင်း၊ပဋိပက္ခတွင်းနှင့်ပဋိပက္ခလွန်အခြေအနေများအတွင်းမှအမျိုးသမီးများနှင့်ပတ်သက်သည့်ကော်မတီ၏အထွေထွေအကြံပြုချက်အမှတ်၃၀ (၂၀၁၃)အရအဖွဲ့ဝင်နိုင်ငံအတွင်းရေရှည်ခိုင်မာမှုရှိသောငြိမ်းချမ်းရေးဖြစ်ပေါ်စေရေးအတွက်ဘက်ပေါင်းစုံမှဖြေရှင်းဆောင်ရွက်နိုင်ရန်အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်၁၃၂၅ (၂၀၀၀) အားအကောင်အထည်ဖော်နိုင်မည့်ကျိုးကြောင်းညီညွတ်သောနိုင်ငံအဆင့်လုပ်ငန်းစီမံချက်တစ်ခုရေးဆွဲရန်၊

- ၁၃ (ဂ)

နောင်တင်သွင်းမည့်အစီရင်ခံစာတွင်ပဋိပက္ခမဖြစ်အောင်ကြိုတင်ကာကွယ်ခြင်း၊ပဋိပက္ခတွင်းနှင့်ပဋိပက္ခလွန်အခြေအနေများမှအမျိုးသမီးများ၏လူ့အခွင့်အရေးရရှိစေရန်ဆောင်ရွက်ထားသည့်ဥပဒေမူဘောင်၊မူဝါဒများနှင့်လုပ်ငန်းအစီအစဉ်များဆိုင်ရာသတင်းအချက်အလက်များကိုထည့်သွင်းဖော်ပြရန်နှင့်ကော်မတီ၏အထွေထွေအကြံပြုချက်အမှတ်၃၀ (၂၀၁၃) နှင့်အညီလုံခြုံရေးကောင်စီ၏အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာလုပ်ငန်းအစီအစဉ်ကိုအကောင်အထည်ဖော်မှုဆိုင်ရာသတင်းအချက်အလက်များကိုလည်းဖော်ပြရန်၊

### ငြိမ်းချမ်းရေးအတွက်ကျား/မတန်းတူညီမျှရေးမဟာမိတ်အဖွဲ့အကြံပြုချက်များ[3]:

ငြိမ်းချမ်းရေးအတွက်ကျား/မတန်းတူညီမျှရေးမဟာမိတ်အဖွဲ့ကအမျိုးသမီးများကိုအပစ်အခတ်ရပ်စဲရေးစောင့်ကြည့်လေ့လာသူများနှင့်အဖွဲ့ဝင်များဖြစ်စေရန်စွမ်းရည်မြှင့်ပေးလျက်ရှိပြီးငြိမ်းချမ်းရေးဖြစ်စဉ်တွင်တစ်သမတ်တည်းပါဝင်နေသည့်ကျား/မရေးရာအခွင့်အာဏာဆန်းစစ်လေ့လာချက်ကိုပြုလုပ်ထားပါသည်။

**(အခြားအကြံပြုချက်များအတွက်အမျိုးသမီးနှင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းအခန်းအားကြည့်ပါ)**

### ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများ/ လုပ်ငန်းစဉ်များ -

သဘာဝဘေးအန္တရာယ်လျော့ချရေးမဟာဗျူဟာမူဘောင်နှင့်လုပ်ငန်းစဉ်၂၀၁၄–၂၀၁၈၊၂၀၁၆ခုနှစ်လူသားချင်းစာနာထောက်ထားမှုတုန့်ပြန်မှုများဆိုင်ရာလုပ်ငန်းအစီအစဉ် (ကုလသမဂ္ဂနှင့်မိတ်ဘက်အဖွဲ့အစည်းများ)၊သဘာဝဘေးအန္တရာယ်လျော့ချရေးမြန်မာ့လုပ်ငန်းစီမံချက်၊တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်နှင့်နိုင်ငံရေးစကားဝိုင်းများအတွက်မူဘောင်။

### ဆောင်ရွက်ဆဲနမူနာလုပ်ငန်းများ

### ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း

**သဘာဝဘေးအန္တရာယ်လျော့ချရေးလုပ်ငန်းအဖွဲ့**-

ဆိုင်ကလုန်းနာဂစ်၏ကနဦးပြန်လည်ထူထောင်ရေးကာလဖြစ်သည့်၂၀၀၈ခုနှစ်တွင်ဖွဲ့စည်းခဲ့ပြီးအစိုးရနှင့်ရပ်ရွာလူထုအတွက်သဘာဝဘေးအန္တရာယ်ဘယ်ခံနိုင်ရည်စွမ်းမြှင့်တင်ရန်ဖြစ်သည်။ လက်ရှိတွင်ကုလသမဂ္ဂအဖွဲ့အစည်းများ၊အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆောင်ရွက်နေသည့်အဖွဲ့များစုစုပေါင်း (၅၃) ဖွဲ့ဖြင့်ဖွဲ့စည်းထားပါသည်။

**၂၀၁၆ခုနှစ်လူသားချင်းစာနာထောက်ထားမှုတုန့်ပြန်ဆောင်ရွက်ရေးအစီအစဉ်** -

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနိုင်ငံတွင်းအခြေစိုက်အဖွဲ့များကကျား/မရေးရာအားအလေးထားသည့်ပြည်သူ့ဗဟိုပြုချဉ်းကပ်နည်းအားအသုံးပြုခဲ့သည်။ဤဆောင်ရွက်ချက်တွင်ပဋိ

---

[3] AGIPP (၂၀၁၅) မြန်မာနိုင်ငံတွင် *အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာမူဝါဒချမှတ်ရေး၊အခြေအနေလေ့လာဆန်းစစ်မှုနှင့်အကြံပြုချက်များ*

ပဋိပက္ခကြုံတွေ့ခံစားရသူအမျိုးသမီးများ၊မိန်းကလေးငယ်များ၊ယောကျာ်းလေးများနှင့်အမျိုးသားများ၏မတူညီသည့်အတွေ့အကြုံ၊အမျိုးမျိုး၊လိုအပ်ချက်များ၊စွမ်းဆောင်ရည်များနှင့်ဦးစားပေးမှုများအားသတ်မှတ်ရေးနှင့်တုန့်ပြန်ဆောင်ရွက်ရေး၊ကျား/မရေးရာတရားမျှတမှုမြှင့်တင်ရန်အတွက်ဦးတည်ချက်တစ်ရပ်ဖြင့်ကြားဝင်

ဖြေရှင်းဆောင်ရွက်မှုများ၊အမျိုးသမီးများပါဝင်မှုတိုးမြှင့်ရန်နှင့်ဆုံးဖြတ်ချက်ချမှတ်ရန်အထောက်အကူဖြစ်စေရေးအတွက်အမျိုးသားများနှင့်အတူဆောင်ရွက်ခြင်းနှင့်ကျား/မရေးရာတန်းတူညီမျှရေးကိုထည့်သွင်းဆောင်ရွက်ခြင်းတို့လည်းပါဝင်သည်။

**အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဖိုရမ်-** "ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ဒီမိုကရေစီ၊ပြောင်းလဲနိုင်စွမ်းရှိသောအမျိုးသမီးများ"ဖိုရမ်ကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၆ခုနှစ်တွင်နေပြည်တော်၌ကျင်းပခဲ့သည်။ထိုဖိုရမ်ကသက်ဆိုင်ရာဝန်ကြီးဌာနများအတွက်ငြိမ်းချမ်းရေးဖြစ်စဉ်တွင်အမျိုးသမီးများ၏ပါဝင်မှုစသည့်ကဏ္ဍစုံအတွက်မူဝါဒရေးရာအကြံပြုချက်များချမှတ်ခဲ့သည်။

## အကောင်အထည်ဖော်မှု

**ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** -လူမှုဝန်ထမ်းဦးစီးဌာနကအရေးပေါ်အခြေအနေများတွင်အမျိုးသမီးနှင့်ကလေးငယ်များအတွက်စိတ်ပိုင်းဆိုင်ရာနှစ်သိမ့်ဆွေးနွေးအကြံပေးသည့်ဝန်ဆောင်မှုများပံ့ပိုးပေးပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-** အရေးပေါ်အခြေအနေများအတွင်းကျား/မရေးရာလိုအပ်ချက်များအားလေ့လာမှုတစ်ရပ်ပြုလုပ်ထားပါသည်။လူမှုဝန်ထမ်းဦးစီးဌာန၏တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံးများတွင်ဖြစ်ရပ်စီမံခန့်ခွဲသူများခန့်အပ်ထားရှိပါသည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန-** ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန - ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊မြန်မာနိုင်ငံကြက်ခြေနီအသင်း၊မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့်ပူးပေါင်း၍တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်အရေးပေါ်တုန့်ပြန်

ေအဖွဲ့များဖွဲ့စည်းထားရှိပြီးအရေးပေါ်အ

ခြေအနေများအတွင်းမျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးနှင့်အမျိုးသမီးများ၏ဘက်စုံကျန်းမာရေးတို့အတွက်၎င်းတို့ကိုအနိမ့်ဆုံးကနဦးဝန်ဆောင်မှုများသင်ကြားပေးထားပြီးဖြစ်သည်။

**UNOCHA:** UNOCHA

ကလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်ကောင်းစွာလက်တွဲပူးပေါင်း၍သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်တုန့်ပြန်ရေးလုပ်ငန်းများဆောင်ရွက်နေပြီးမြန်မာနိုင်ငံ၏လူသားချင်းစာနာထောက်ထားမှုကဏ္ဍများတွင်ရှိသည့်စိန်ခေါ်မှုများအတွက်အစိုးရ၏ပို၍စနစ်ကျသော၊လူတိုင်းအကျုံးဝင်သောပူးပေါင်းဆောင်ရွက်သောချဉ်းကပ်နည်းဖြစ်စေရေးဆောင်ရွက်ချက်တွင်ကူညီပံ့ပိုးပေးလျက်ရှိပါသည်။

**ခံနိုင်စွမ်းရှိရေးနှင့်အလွန်အကျွံရာသီဥတုဖောက်ပြန်ခြင်းနှင့်သဘာဝဘေးအန္တရာယ်များနှင့်အညီနေထိုင်နိုင်ရေးလုပ်ငန်းအစီအစဉ်-** DFIDကရန်ပုံငွေထောက်ပံ့ပါသည်။ActionAid, World Vision, UN Habitat, Plan International, Myanmar Environment Institute (MEI) နှင့် and BBC media Action တို့ကအမျိုးသမီးနှင့်သဘာဝရင်းမြစ်များ၊ မြေယာစီမံခန့်ခွဲမှု၊စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေးနှင့်အလွန်အကျွံရာသီဥတုဖောက်ပြန်ခြင်းနှင့်အနာဂတ်ကာလသဘာဝဘေးအန္တရာယ်များအပေါ်ခံနိုင်ရည်မြင့်မားရန်အတွက်၎င်းတို့၏လူနေမှုအခြေအနေမြင့်မားရေးကဏ္ဍများအားအကောင်အထည်ဖော်ဆောင်ရွက်သည်။

**ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့-**

လူသားချင်းစာနာထောက်ထားမှုအခြေအနေများတွင်ကျား/မအခြေပြုအကြမ်းဖက်မှုလုပ်ငန်းစဉ်များအားအကောင်အထည်ဖော်ဆောင်ရွက်သည်။(အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေးအခန်းတွင်ကြည့်ပါ)

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း** -

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည်တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိမြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးများသို့အမျိုးသမီးများနှင့်အထူးသဖြင့်ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက်တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများအားပြင်ဆင်ခြင်းနှင့်ဖြန့်ဝေပေးခြင်းကိုအရေးပေါ်အခြေအနေတုန့်ပြန်ဆောင်ရွက်မှုတစ်ရပ်အဖြစ်ဆောင်ရွက်နေပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကဒေသခံအဆင့်လုပ်ငန်းစီမံချက်များအားဆောင်ရွက်နေပါသည်။ဥပမာ-

သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအစီအစဉ်များကိုအိမ်ထောင်စုဖွံ့ဖြိုးရေးအစီအစဉ်များတွင်ထည့်သွင်းဆောင်ရွက်ခြင်း၊ခံနိုင်ရည်ရှိသည့်နားခိုရန်နေရာများနှင့်တရားဝင်စာသင်ကျောင်းများပြန်လည်ဆောက်လုပ်ခြင်း၊အရေးပေါ်ဖြစ်ရပ်များအတွက်အကူအညီပေးခြင်း၊စိတ်ဒဏ်ရာကုစားရေးဝန်ဆောင်မှုများပံ့ပိုးပေးခြင်းစသည့်တို့ကိုဆောင်ရွက်နေပါသည်။(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၁)

## အသိပညာပေးခြင်း

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကအသိပညာပေးအစီအစဉ်များ/သင်တန်းများဆောင်ရွက်လျက်ရှိပါသည်။ဥပမာ-

သဘာဝဘေးအန္တရာယ်လျော့ပါးရေးစွမ်းရည်မြှင့်သင်တန်းပေးခြင်း၊ဘေးလွတ်ရာကူးပြောင်းရေးအတွက်စောစီးစွာသတိပေးရေးအစီအစဉ်၊မီးဘေးနှင့်ကယ်ဆယ်ရေးသင်တန်းများ၊ရှေးဦးသူနာပြုစုနည်း၊ကျား/မရေးရာနှင့်သဘာဝဘေးအန္တရာယ်သင်တန်းများအားပံ့ပိုးပေးခြင်းစသည့်တို့ကိုဆောင်ရွက်နေပါသည်။(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ- ၇၀တွင်အသေးစိတ်ကြည့်ပါ)

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**လူမှုဝန်ထမ်းဦးစီးဌာန** -

လူမှုဝန်ထမ်းဦးစီးဌာနသည်အာဆီယံအစိုးရဌာနများအတွင်းပူးပေါင်းဆောင်ရွက်သည့်လူ့အခွင့်အရေးကော်မရှင်၏ကဏ္ဍအလိုက်လေ့လာမှုဖြစ်သည့်သဘာဝဘေးအန္တရာယ်ထိခိုက်ခံစားရသူအမျိုးသမီးများစစ်တမ်းတွင်လည်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**ကျား/မရေးရာအခြေအနေလေ့လာဆန်းစစ်မှုစစ်တမ်း**-

မြန်မာနိုင်ငံတွင်ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေး- အခြေအနေလေ့လာမှုစစ်တမ်း (၂၀၁၆) သည်ငြိမ်းချမ်းရေးဖြစ်စဉ်တွင်မြန်မာနိုင်ငံ၏ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေး

ေးအတွက်အခြေခံအချက်အလက်များကိုဖော်ပြထားသည်။အစီရင်ခံစာကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ကုလသမဂ္ဂနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်းထုတ်ဝေထားခြင်းဖြစ်သည်။

**ရေဘေးနှင့် မြေလွှာပြတ်ရွေ့ခြင်းသဘာဝဘေးအန္တရာယ်များဖြစ်ပွားပြီးလိုအပ်ချက်လေ့လာမှု** - လေ့လာမှု၏ကျား/မရေးရာအခန်းကိုကုလသမဂ္ဂအမျိုးသမီးရေးရာနှင့်ကမ္ဘာ့ဘဏ်တို့ကဦးဆောင်ပြုလုပ်ထားသည်။လေ့လာမှုကို၂၀၁၅ခုနှစ်ဒီဇင်ဘာတွင်မိတ်ဆက်ဖြန့်ချီခဲ့သည်။

**လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအချက်အလက်များအတွက်စံနှုန်းများ** - သတင်းအချက်အလက်စီမံခန့်ခွဲရေးကွန်ရက်ကလူသားချင်းစာနာထောက်ထားမှုဆိုင်ရာအချက်အလက်များအတွက်စံနှုန်းများကိုရခိုင်၊ကချင်နှင့်ရှမ်းတို့တွင်လုပ်ငန်းဆောင်ရွက်နေသည့်အစုအဖွဲ့များနှင့်ကဏ္ဍများခွဲ၍သတ်မှတ်ထားပြီးလက်တွေ့မြေပြင်တွင်ကွင်းဆင်းဆောင်ရွက်နေရသည့်သူများကစုဆောင်းထားသည့်သတင်းအချက်အလက်များအားထိရောက်အကျိုးရှိစွာအသုံးချနိုင်ရေးတိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

**ကျား/မရေးရာလိုအပ်ချက်လေ့လာမှု၊မြန်မာ့ရေဘေး၂၀၁၅** - လေ့လာမှုကိုကျား/မတန်းတူညီမျှရေးကွန်ရက်ကပြုလုပ်ထားပြီး၂၀၁၆ခုနှစ်တွင်မိတ်ဆက်ဖြန့်ချီခဲ့သည်။

**ဒီမိုကရေစီနှင့်ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးရေးအပြည်ပြည်ဆိုင်ရာအေဂျင်စီ** - အေဂျင်စီကပဋိပက္ခနှင့်ငြိမ်းချမ်းရေးအတွင်းမှအမျိုးသမီးများ(၂၀၁၅)လေ့လာမှုကိုဆောင်ရွက်ထားပြီးမြန်မာနိုင်ငံကအာဖဂန်နစ္စတန်၊ဖိလစ်ပိုင်၊ရဝမ်ဒါနိုင်ငံတို့နှင့်အတူပါဝင်နေသည်ကိုတွေ့ရသည်။

**ငြိမ်းချမ်းရေးအတွက်ကျား/မတန်းတူရေးမဟာမိတ်အဖွဲ့** - ထိုအဖွဲ့ကြမြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ဆီလျော်သည့်အမျိုးသမီးများ၏ပါဝင်မှုနှင့်ကျား/မရေးရာတရားမျှတမှုအရင်းအမြစ်များစာစုစာရင်းကိုထုတ်ဝေထားပြီးငြိမ်းချမ်းရေးဖြစ်စဉ်တွင်ကျား/မရေးရာပါဝင်ရေး၊မြန်မာနိုင်ငံတွင်အမျိုးသမီးများ၏အနေအထားနှင့်ဆက်စပ်အကြောင်းအရာများကိုနားလည်စေရန်အရင်းအမြစ်များအပေါ်ခြုံငုံသုံးသပ်မှုတစ်ရပ်ပံ့ပိုးပေးနိုင်ရေးကိုရည်ရွယ်သည်။

**ငြိမ်းချမ်းရေးအထောက်အကူပြုရန်ပုံငွေ** -

အမျိုးသမီးများကအသင့်ဖြစ်နေပြီ၊မြန်မာနိုင်ငံတွင်ငြိမ်းချမ်းရေးကိုအသွင်ပြောင်းဖို့အခွင့်အလမ်း(၂၀၁၆)

**ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မာရေးအဖွဲ့** -

*ပဋိပက္ခနှင့်ငြိမ်းချမ်းရေးမှာဘာကြောင့်ကျား/မရေးရာကအရေးပါရတာလဲ၊မွန်နှင့်ကရင်ပြည်နယ်တို့မှအတွေ့အကြုံများ (၂၀၁၆)*

**နိုင်ငံဖြတ်ကျော်အဖွဲ့:**

အမျိုးသမီးများမပါဝင်၊ငြိမ်းချမ်းရေးမရ၊မြန်မာနိုင်ငံ၏ကျား**/**မတန်းတူညီမျှရေး၊ပဋိပက္ခနှင့်ငြိမ်းချမ်းရေး **(**၂၀၁၆**)**

## ၂.၆အမျိုးသမီးနှင့်စီးပွားရေး




(၆) အမျိုးသမီးများနှင့် စီးပွားရေး

## ရည်ရွယ်ချက်၊ဦးတည်ချက်နှင့်လုပ်ငန်းစဉ်များ

## အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက် -

အလုပ်အကိုင်၊ချေးငွေ၊အရင်းအမြစ်များ၊ပိုင်ဆိုင်မှုများနှင့်စီးပွားရေးဆိုင်ရာအကျိုးအမြတ်များကိုအမျိုးသမီးများတရားမျှတစွာတန်းတူညီမျှရရှိခံစားနိုင်စေရန်အာမခံချက်ပေးနိုင်သည့်စနစ်များ၊ဖွဲ့စည်းပုံများနှင့်လုပ်ထုံးလုပ်နည်းများပိုမိုအားကောင်းလာစေရန်

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက် -

စီးပွားရေးအရင်းအမြစ်များအပေါ်တူညီသည့်အခွင့်အရေးရရှိရန်၊ထို့အပြင်ပိုင်ဆိုင်ခွင့်များအားလက်လှမ်းမှီရေးနှင့်မြေယာနှင့်အခြားပုံစံပိုင်ဆိုင်မှုများဖြစ်သည့်ဘဏ္ဍာရေးဝန်ဆောင်မှုများ၊အမွေဆက်ခံခွင့်နှင့်သဘာဝရင်းမြစ်များအပေါ်ထိန်းချုပ်နိုင်ခွင့်ကိုနိုင်ငံ၏ဥပဒေများနှင့်အညီရရှိခံစားရေး။

စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အလုပ်အကိုင်ကဏ္ဍဖြစ်သည့်ပန်းတိုင်အမှတ်၈တွင်လည်းကျား/မရေးရာကိုထည့်သွင်းစဉ်းစားထားသည်။လူငယ်များ၊မသန်စွမ်းသူများအပါအဝင်အမျိုးသမီးအားလုံးနှင့်အမျိုးသားအားလုံးအတွက်ပြည့်ဝပြီးရလဒ်ကောင်းသည့်အလုပ်အကိုင်နှင့်သမာအာဇီဝအလုပ်ရရှိရေးနှင့်တန်ဖိုးတူညီသည့်အလုပ်အကိုင်အတွက်တူညီသည့်လစာရရှိရေး။

## အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ

- ၃၇ (က)

  တရားမဝင်အလုပ်ခွင်များကိုတဖြည်းဖြည်းအသွင်ပြောင်းလဲရန်နှင့်လျှော့ချရန်၊ဖွဲ့စည်းပုံဆိုင်ရာမညီမျှမှုများနှင့်လုပ်ငန်းပိုင်းဆိုင်ရာခွဲခြားမှုများအားပယ်ဖျက်ရန်နှင့်ကျား၊မလုပ်အားခ

မညီမျှမှုကိုလျှော့ချနိုင်ရေးအတွက်တန်ဖိုးတူညီသည့်လုပ်ငန်းများတွင်လုပ်အားခတန်းတူပေးရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းများအားအားဖြည့်ဆောင်ရွက်ရန်၊

- ၃၇

(ခ)လုပ်ငန်းခွင်အတွင်းလိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုများကိုကာကွယ်နိုင်ရန်နှင့်ကိုယ်ဝန်ဆောင်ခြင်းကြောင့်အပါအဝင်အလုပ်အကိုင်လုပ်ကိုင်ရာ၌ခွဲခြားဆက်ဆံမှုများကြုံတွေ့ရသည့်အခါအမျိုးသမီးများတရားမျှတမှုကိုလက်လှမ်းမီစေရေးအတွက်သင့်လျော်သောအငေးယူမှုများပြုလုပ်ရန်၊

- ၃၇ (ဂ)

အလုပ်သမားဥပဒေများနှင့်အညီလိုက်နာကျင့်သုံးရန်အတွက်လုပ်ငန်းစစ်ဆေးမှုများအားပုံမှန်ဆောင်ရွက်ရန်၊

- ၃၇(ဃ)

နောင်အစီရင်ခံစာတွင်အဖွဲ့ဝင်နိုင်ငံအတွင်းမှအမျိုးသမီးအိမ်အကူအလုပ်သမားများ၏အခြေအနေကိုထည့်သွင်းဖော်ပြရန်

- ၃၇(င)

အဖွဲ့ဝင်နိုင်ငံသည်အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း၏လုပ်အားခတန်းတူညီမျှမှုဆိုင်ရာကွန်ဗင်းရှင်းအမှတ်၁၀၀၊အလုပ်အကိုင်နှင့်လုပ်ငန်းအပေါ်လေးစားမှုခွဲခြားဆက်ဆံခြင်းဆိုင်ရာကွန်ဗင်းရှင်းအမှတ်၁၁၁နှင့်အိမ်အကူအလုပ်သမားများအတွက်သင့်လျော်သောအလုပ်ဆိုင်ရာကွန်ဗင်းရှင်းအမှတ်၁၈၉ (၂၀၁၁) တို့အားအတည်ပြုပါဝင်ရေးစဉ်းစားဆောင်ရွက်ရန်။

**ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒနှင့်လုပ်ငန်းအစီအစဉ်များ** -

အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၁ - ၂၀၃၁)၊စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်(၂၀၁၂-၁၅)မှတဆင့်အမျိုးသားအဆင့်ဘက်စုံဖွံ့ဖြိုးရေး၏ရေရှည်ပန်းတိုင်ဆိုင်ရာဦးစားပေးမူဝါဒများ။

**ဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ**

**ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း**

**ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မားရေးအဖွဲ့:**
ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မားရေးအဖွဲ့ကြပြည်ပအလုပ်အကိုင်ဥပဒေတွင်ကျား/မရေးရာထည့်သွင်းရေးနှင့်ရွှေ့ပြောင်းသွားလာရေးအမျိုးသားအဆင့်လုပ်ငန်းစီမံချက်တွင်ကျား/မရေးရာထည့်သွင်းဆောင်ရွက်နိုင်ရန်အစိုးရအားပံ့ပိုးကူညီပေးလျက်ရှိပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -
အမျိုးသားအဆင့်တွင်အလုပ်လုပ်နေသည့်အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏မူဝါဒရေးရာဆွေးနွေးမှုများတွင်ပါဝင်ဆွေးနွေးလျက်ရှိပြီးအသေးစားနှင့်အလတ်စားလုပ်ငန်းများနှင့်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့်စားသုံးသူအခွင့်အရေးကဏ္ဍများတွင်လည်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

## အကောင်အထည်ဖော်ဆောင်ရွက်မှု

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့်အာရှဖွံ့ဖြိုးရေးဘဏ်** -
ဆင်းရဲနွမ်းပါးသူများနှင့်အမျိုးသမီးများအတွက်စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေး၊အရှေ့အနောက်စီးပွားရေးလမ်းကြောင်းလုပ်ငန်းစီမံချက်၊အမေရိကန်ဒေါ်လာ(၃)သန်းကိုတစ်ပိုင်တစ်နိုင်နှင့်အသေးစားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်အရှေ့အနောက်စီးပွားရေးလမ်းကြောင်းဖြစ်သည့်မွန်ပြည်နယ်တွင်ကမ္ဘာလှည့်ခရီးသွားများနှင့်ဒေသခံများအားလက်မှုပစ္စည်းများနှင့်ဒေသထွက်ပစ္စည်းများရောင်းချနေသူဆင်းရဲနွမ်းပါးသူများနှင့်အမျိုးသမီးများအတွက်အလုပ်အကိုင်နှင့်စီးပွားရေးအခွင့်အလမ်းများရရှိရေးထောက်ပံ့ပေးလျက်ရှိပါသည်။

**သမဝါယမဦးစီးဌာန** - အမျိုးသမီးသမဝါယမလုပ်ငန်းများအတွက် စွမ်းရည်မြှင့်တင်ပေးခြင်း

**အလုပ်သမားဥပဒေများ** - နောက်ဆက်တွဲ စည်းမျဉ်းစည်းကမ်းများ ပြဌာန်းရန်လိုအပ်နေသည့် ပြည်ပအလုပ်အကိုင်နှင့် စပ်လျဉ်းသည့် ဥပဒေအတွက် ILO က အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အောက်ရှိ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။ အလုပ်သမားများ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့်

ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ လွှတ်တော်အဖွဲ့များအတွက် နည်းပညာဆိုင်ရာပံ့ပိုးကူညီမှုများ ပြုလုပ်ပေးသွားမည် ဖြစ်ပါသည်။

**အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ** - ActionAid, Pact, Diakonia, Oxfam, ACTEDကဲ့သို့သော အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းအများစု သည်အမျိုးသမီးများ၏ စီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေး ကူညီဆောင်ရွက်လျက်ရှိပါသည်။ Oxfam က ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်နည်းလမ်းများအတွက် ဥပဒေမူဘောင်များ တိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ထိုနည်းလမ်းများက လူနည်းစုအတွက်သာ မဟုတ်ဘဲ အများစုအတွက် လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သေချာစေရေးလည်း ဆောင်ရွက်သည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** - အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများက အမျိုးသမီးများ စီးပွားရေးကဏ္ဍတွင် ပါဝင်နိုင်ရေးအတွက် လုပ်ငန်းအတော်များများ ဆောင်ရွက်နေသည်။ ဥပမာ - အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေး၊ စက်ချုပ်လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း၊ မုန်လာဥနီထုတ်လုပ်ရေး ရင်းနှီးမြှုပ်နှံခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံခြင်း၊ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်း၊ အသေးစားငွေချေးခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ အလုပ်အကိုင်ဆိုင်ရာသတင်းအချက်အလက်များ ပံ့ပိုးပေးခြင်း၊ ဆန်ဂိုဒေါင်များအတွက် ငွေချေးပေးခြင်း၊ စုငွေနှင့် ချေးငွေ၊ ကိုယ်ထူကိုယ်ထအဖွဲ့များ ထူထောင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထူးချေးငွေ၊ တန်ဖိုးထည့်ပေါင်းသည့်ဖြစ်စဉ် တို့အားဆောင်ရွက်နေသည်။(ကျား/မတန်းတူညီမျှရေးကွန်ရက် - အမျိုးသမီးအဖွဲ့အစည်းများကွန်ရက် လုပ်ငန်းလမ်းပြမြေပုံ စာ ၇၁)

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** - မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးနှင့် ကလေးဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့က အသေးစားငွေချေးရေး လုပ်ငန်းစီမံချက်များ၊ ဝင်ငွေရလုပ်ငန်းများ နှင့် အမျိုးသမီးစီးပွားရေးစွမ်းပကားမြင့်မားရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းက အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်ဖွံ့ဖြိုးရေးစင်တာကို ဖွင့်လှစ်ထားရှိပြီး အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ ပေါ်ထွက်လာရေး စွမ်းရည်မြှင့်ပေးခြင်းနှင့် စွမ်းရည်မြှင့်သင်တန်းပေးခြင်းများ ဆောင်ရွက်နေပါသည်။

## အသိပညာပေးခြင်း

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ-** အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကအသိပညာပေး/ သင်တန်းများကိုခေါင်းစဉ်အမျိုးမျိုးဖြင့်ဆောင်ရွက်နေကြသည်။ဥပမာ- အခြေခံဈေးကွက်ရှာဖွေရေးသဘောတရားများ၊စီးပွားရေးစွမ်းရည်၊စီးပွားရေးစီမံခန့်ခွဲမှုအသိပညာ၊စီးပွားရေးအစီအစဉ်အသိပညာ၊ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း၊အမျိုးသမီးများအတွက်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများစသည်အားဆောင်ရွက်နေကြသည်။

(ကျား/မတန်းတူညီမျှရေးကွန်ရက်- အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၁တွင်အသေးစိတ်ကြည့်ပါ)။မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်၊မြန်မာအမျိုးသမီးနှင့်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့်မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းတို့ကလည်းအမျိုးသမီးများစီးပွားရေးစွမ်းဆောင်ရည်မြှင့်မားရေးအသိပညာပေးအစီအစဉ်များပြုလုပ်လျက်ရှိပါသည်။

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**မြန်မာ့စီးပွားရေးစစ်တမ်း ၂၀၁၅** -

စစ်တမ်းတွင်မြန်မာနိုင်ငံပုဂ္ဂလိကစီးပွားရေးကဏ္ဍ၏ဘက်စုံစီးပွားရေးစာရင်းအင်းအချက်အလက်များအားဖော်ပြထားပြီးအစိုးရမူဝါဒချမှတ်သူများနှင့်အစိုးရမဟုတ်သောမိတ်ဘက်အဖွဲ့များနှစ်ခုလုံးအတွက်အသိပေးရန်နှင့်အမျိုးသားငွေစာရင်းများတွက်ချက်ရာတွင်အဓိကကျသည့်အချက်အလက်ရင်းမြစ်များပံ့ပိုးပေးနိုင်ရန်ဖြစ်သည်။စစ်တမ်းကိုစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရှိဗဟိုစာရင်းအင်းအဖွဲ့နှင့်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည် ။ကုလသမဂ္ဂဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့နှင့်ISTAT ကနည်းပညာနှင့်ဘဏ္ဍာရေးအကူအညီများပေးပါသည်။

**အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်ကုလသမဂ္ဂကျား/မတန်း တူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မားရေးအဖွဲ့-**
ထိုင်းနိုင်ငံနှင့်စင်္ကာပူနိုင်ငံတို့၏မြန်မာအိမ်အကူလုပ်သားများ၏အခြေအနေစာတမ်း

**ကျား/မရေးရာအခြေအနေလေ့လာဆန်းစစ်မှုစစ်တမ်း** -

မြန်မာနိုင်ငံတွင်ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေး- အခြေအနေလေ့လာမှုစစ်တမ်း (၂၀၁၆) သည်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊အသက်မွေးဝမ်းကျောင်းပညာနှင့်ပြည့်ဝပြီးတန်းတူညီမျှစီးပွားရေးကဏ္ဍတွင်ပါဝင်နိုင်မှုတို့အပေါ်မြန်မာနိုင်ငံ၏ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေးအတွက်အခြေခံအချက်အလက်များဖော်ပြထားသည်။အစီရင်ခံစာကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ကုလသမဂ္ဂနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်းထုတ်ဝေထားခြင်းဖြစ်သည်။

**မြန်မာနိုင်ငံတွင်အမျိုးသမီးနှင့်စီးပွားရေး၊DFAT၏ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များဇန်နဝါရီ၂၀၁၆** - ကျား/မရေးရာနှင့်ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ပြုပြင်ပြောင်းလဲရေး၊ကျား/မရေးရာနှင့်ကူးသန်းရောင်းဝယ်ရေးပေါင်းစည်းမှုနှင့်အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေးအပေါ်တွေ့ရှိချက်များပါဝင်သည်။

**တာဝန်ယူမှုရှိသောစီးပွားရေးဆိုင်ရာဌာန** -

တာဝန်ယူမှုရှိသောစီးပွားရေးဆိုင်ရာဌာနကရေနံနှင့်သဘာဝဓါတ်ငွေ့၊ခရီးသွားလုပ်ငန်း၊သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာနှင့်သတ္တုတွင်းကဏ္ဍများအပေါ်ကဏ္ဍအလိုက်အကျိုးသက်ရောက်မှုလေ့လာချက်များကိုအစီအစဉ်အလိုက်ထုတ်ဝေထားပြီးဆန်းစစ်လေ့လာမှုများတွင်ကျား/မရေးရာပြဿနာများလည်းကဏ္ဍတစ်ခုချင်းစီတွင်ထည့်သွင်းလေ့လာထားသည်။

**ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ** -

မြန်မာနိုင်ငံရှိအမျိုးသမီးစီးပွားရေးလုပ်ရှားဆောင်ရွက်မှုများဆိုင်ရာအချက်အလက်များစုဆောင်းခြင်းနှင့်ဆန်းစစ်လေ့လာခြင်း

**ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့** **-(UNIDO)-**

'မြန်မာနိုင်ငံရှိလူငယ်များနှင့်အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအတွက်ဘဏ္ဍာရေးလက်

လှမ်းမှီမှု’-

‘လူလတ်တန်းစားများပျိုးထောင်ရေးနှင့်လူတိုင်းအကျုံးဝင်တစ်ပိုင်တစ်နိုင်၊အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများမြန်မာနိုင်ငံတွင်ပေါ်ထွန်းရေး’ဆိုင်ရာလုပ်ငန်းစီမံချက်နှင့်ဆက်နွယ်သည့်သုတေသနများ

**အာရှဖွံ့ဖြိုးရေးဘဏ်** -

**မြန်မာ၏အခွင့်အလမ်းများဖော်ထုတ်ခြင်း၊နိုင်ငံအပေါ်ဆန်းစစ်လေ့လာခြင်းသုတေသန** -

အမျိုးသမီးများ၏နိုင်ငံရေးတွင်ပါဝင်မှု၊ကျောင်းအပ်နှံမှု၊ကျန်းမာရေးစောင့်ရှောက်မှု၊ဥပဒေအကာအကွယ်ပေးမှုနှင့်စီးပွားရေး၊လူမှုရေးနှင့်နိုင်ငံရေးဆုံးဖြတ်ချက်များနှင့်လုပ်ငန်းများတွင်အမျိုးသမီးများ၏ပါဝင်မှုနှင့်ဆိုင်သည့်တွေ့ရှိချက်များပါဝင်သည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကဒေသတွင်းအဆင့်လေ့လာမှုနှင့်စစ်တမ်းများဆောင်ရွက်လျက်ရှိ**သည်။**ဥပမာ- ရာဘာဈေးကွက်သတင်းအချက်အလက်လေ့လာမှုနှင့်ပူပြင်းခြောက်သွေ့သည့်ဒေသတွင်းအကျိုးစီးပွားဖော်ထုတ်ခြင်း**စသည်တို့ပါဝင်သည်။**(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၁)

## ၂.၇အမျိုးသမီးနှင့်ဆုံးဖြတ်ချက်ချမှတ်ရေး




(၇)　အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး

**အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက်** -

လူမှုအဖွဲ့အစည်းအလွှာအသီးသီးတွင်ခေါင်းဆောင်မှုနှင့်တန်းတူပါဝင်ဆောင်ရွက်နိုင်ရန်အပြည်

့အဝအာမခံချက်ပေးနိုင်သည့်စနစ်များ၊ဖွဲ့စည်းပုံများနှင့်လုပ်ထုံးလုပ်နည်းများပိုမိုအားကောင်းလာစေ**ရန်၊**

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်**နိုင်ငံရေး၊စီးပွားရေးနှင့်ပြည်သူ့ဘဝနယ်ပယ်များတွင်အမျိုးသမီးများအပြည့်အဝတန်းတူညီမျှပါဝင်နိုင်ရေးစသည့်အဆင့်စုံတွင်ခေါင်းဆောင်မှုအတွက်ညီမျှသည့်အခွင့်အရေးရရှိရေး။စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်စဉ်၁၆စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ငြိမ်းချမ်းမှုနှင့်လူတိုင်းအကျုံးဝင်သည့်လူမှုအဖွဲ့အစည်းများတိုးမြှင့်ရေးအတွက်အားလုံးအတွက်တရားမျှတမှုလက်လှမ်းမီရရှိရေးနှင့်ထိရောက်ပြီးတာဝန်ခံယူမှုနှင့်လူတိုင်းအကျုံးဝင်သည့်အဖွဲ့အစည်းများကဏ္ဍစုံတွင်ပေါ်ထွန်းရေးကဏ္ဍတွင်လည်းထည့်သွင်းဖော်ပြထားပါသည်။

**အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ**

- ၁၃
  (က)ဆုံးဖြတ်ချက်ချမှတ်ခြင်းအပါအဝင်ပဋိပက္ခလွန်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအဆင့်အားလုံးတွင်လုံခြုံရေးကောင်စီဆုံးဖြတ်ချက်၁၃၂၅
  (၂၀၀၀)နှင့်အညီအမျိုးသမီးများအပြည့်အဝပါဝင်ခွင့်ရရှိစေရန်၊ယင်းသို့ဆောင်ရွက်ရာတွင်ကော်မတီ၏အထွေထွေအကြံပြုချက်အမှတ်၃၀ (၂၀၁၃)
  ၊လုံခြုံရေးကောင်စီဆုံးဖြတ်ချက်၁၈၂၀ (၂၀၀၈)၊၁၈၈၈ (၂၀၀၉)၊၂၁၂၂ (၂၀၁၃) နှင့်၂၂၀၂
  (၂၀၁၀)တို့တွင်ဖော်ပြထားသည့်အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအစီအစဉ်အားလုံးကိုထည့်သွင်းစဉ်းစားရန်၊
- ၃၁ (က) ယာယီအထူးလုပ်ဆောင်ချက်နှင့်ပတ်သက်သည့်ကွန်ဗင်းရှင်းအပိုဒ် (၄)၊စာပိုဒ်(၁)
  နှင့်ကော်မတီ၏အထွေထွေအကြံပြုချက်အမှတ်၂၅ (၂၀၁၄)
  ၊အမျိုးသမီးများနိုင်ငံရေးနှင့်ပြည်သူ့ရေးရာဘဝတွင်ပါဝင်ဆောင်ရွက်မှုနှင့်ပတ်သက်သည့်အကြံပြုချက်အမှတ်၂၃

(၁၉၉၇)တို့နှင့်အညီလွှတ်တော်နှင့်ဒေသဆိုင်ရာအစိုးရ(ကျေးရွာကော်မတီများ)၊ပြည်ထောင်စုဝန်ကြီးအဆင့်ရာထူးများနှင့်တရားစီရင်ရေး၊တပ်မတော်၊သံတမန်ရေးရာနှင့်ပညာရပ်ဆိုင်ရာတို့အပါအဝင်အဆင့်အသီးသီး၌အမျိုးသမီးများအပြည့်အဝတန်းတူညီမျှပါဝင်နိုင်ရေးကိုအာမခံချက်ပေးကာအားပေးမြှင့်တင်နိုင်သည့်ယာယီအထူးလုပ်ဆောင်ချက်များအပါအဝင်လုပ်ဆောင်ချက်များချမှတ်ဆောင်ရွက်ရန်နှင့်

- ၃၁ (ခ)

နောင်အစီရင်ခံစာတွင်ဆုံးဖြတ်ချက်ချမှတ်သည့်ရာထူးနေရာများ၌မသန်စွမ်းအမျိုးသမီးများ၊"ရိုဟင်ဂျာ"၊ကမန်၊ကချင်နှင့်အခြားသောလူနည်းစုတိုင်းရင်းသားအမျိုးသမီးများ၏ကိုယ်စားပြုမှုတိုးမြင့်လာစေရေးအတွက်ဆောင်ရွက်နေသည့်ယာယီအထူးလုပ်ဆောင်ချက်များအပါအဝင်သီးခြားဆောင်ရွက်ချက်များဆိုင်ရာသတင်းအချက်အလက်များအားထည့်သွင်းဖော်ပြရန်။

## ငြိမ်းချမ်းရေးနှင့်ကျား/မတန်းတူညီမျှရေးမဟာမိတ်အဖွဲ့၏အကြံပြုချက်[4]:

- နိုင်ငံရေးစကားဝိုင်းများတွင်အနည်းဆုံးအမျိုးသမီးကိုတာ၃၀**%** ပါရှိရေးအကောင်အထည်ဖော်ရန်၊
- တရားဝင်ငြိမ်းချမ်းရေးဖြစ်စဉ်များအတွင်းလူတိုင်းအကျုံးဝင်စေရေးမူဝါဒများအားသဘောတူညီမှုရယူခြင်း၊ပါဝင်ရမည်ဟုဆိုသော်လည်းကန့်သတ်ထားခြင်းမဟုတ်သည့်အနည်းဆုံးအမျိုးသမီး၃၀**%** ကဆုံးဖြတ်ချက်ချမှတ်ရေးအခန်းကဏ္ဍများတွင်ပါဝင်ရေး
- ကျား/မရေးရာထည့်သွင်းစဉ်းစားသည့်စာရင်းများကအသင်းအဖွဲ့များတွင်ဆောင်ရွက်ရန်နှင့်အမျိုးသမီးများမည်သည့်ပုံစံ၊မည်သည့်နည်းလမ်းနှင့်မည်သည့်အဆင့်တွင်ပါဝင်နေကြောင်းသိရှိရန်အတွက်ဆောင်ရွက်ရန်နှင့်လုပ်ငန်းလည်ပတ်ခြင်းနှင့်လုပ်ငန်းဆောင်ရွက်မှုများတွင်ကျား/မရေးရာကစဉ်းစားရမည့်မူဝါဒတစ်ရပ်အဖြစ်မည်သို့ထည့်သွင်းထားကြောင်းသိရှိရန်၊
- ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်အမျိုးသမီးများပါဝင်ရေးအတွက်အတားအဆီးများကိုလျှော့ချရန်လက်တွေ့ကျသည့် ဖြေရှင်းနည်းများအကောင်အထည်ဖော်ရန်၊

[4] ကျား/မတန်းတူညီမျှရေးနှင့်ငြိမ်းချမ်းရေးမဟာမိတ်အဖွဲ့ (၂၀၁၅) အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးမူဝါဒချမှတ်ရေး၊အခြေအနေလေ့လာမှုနှင့်အကြံပြုချက်များမှထုတ်နှုတ်ထားပါသည်။

- အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရာတွင်ပံ့ပိုးကူညီရန်နှင့်၎င်းစီမံကိန်းကအနာဂတ်ကာလအမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးနိုင်ငံတော်အဆင့်လုပ်ငန်းစီမံချက်အတွက်မူဘောင်တစ်ရပ်ဖြစ်ကြောင်းသေချာစေရန်၊
- အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများဖိုရမ်များနှင့်အုပ်စုဖွဲ့ခြင်းများတွင်အမျိုးသမီးများ၏ပါဝင်မှုနှင့်ကျား/မရေးရာအကျုံးဝင်မှုတို့ကိုအထူးအလေးပေးရန်၊
- အပြည်ပြည်ဆိုင်ရာအမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးရန်ပုံငွေအဖွဲ့များကိုသတင်းအချက်အလက်ဖလှယ်ရန်နှင့်အမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိစ္စများနှင့်ငွေကြေးထောက်ပံ့ခြင်းများတွင်ညှိနှိုင်းဆောင်ရွက်ရေးစည်းရုံးဆွေးနွေးရန်၊
- ကိုယ်စားပြုပါဝင်ခြင်း၊အကျုံးဝင်ခြင်းနှင့်ပူးပေါင်းပါဝင်ခြင်းတို့ကတစ်ခုတည်းမဟုတ်သော်လည်းအတူတူဖြစ်ကြောင်းအသိအမှတ်ပြုရန်၊

ငြိမ်းချမ်းရေးအတွက်ကျား/မတန်းတူညီမျှရေးမဟာမိတ်အဖွဲ့နှင့်ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြှင့်မားရေးအဖွဲ့တို့ပူးပေါင်းကျင်းပသည့်အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးညီလာခံကြေငြာစာတမ်းတွင်အဓိကကဏ္ဍ(၄)

ရပ်အတွင်းလုပ်ငန်းဆောင်ရွက်မှုများဖော်ပြထားသည်၊ငြိမ်းချမ်းရေးဖြစ်စဉ်တွင်အမျိုးသမီးများ၏လွှမ်းမိုးနိုင်စွမ်းရှိသည့်ပါဝင်မှု၊အမျိုးသမီးများနှင့်၎င်းတို့၏ဦးစားပေးများအားစီးပွားရေးတွင်ထည့်သွင်းရန်။သဘာဝရင်းမြစ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊တရားဥပဒေစိုးမိုးရေး၊ဒီမိုကရေစီအစိုးရနှင့်တရားရေးကဏ္ဍ၏လက်လှမ်းမှီမှုနှင့်ဘေးကင်းရေးနှင့်လုံခြုံရေးကိစ္စများ။

## ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများ/ လုပ်ငန်းအစီအစဉ်များ -

တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်၊နိုင်ငံရေးစကားဝိုင်းများမူဘောင်၊ရွေးကောက်ပွဲများအတွက်ဆောင်ရွက်မည့်မဟာဗျူဟာအစီအစဉ်များ။

## ဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ

## ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း

**အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဖိုရမ်-** “ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ဒီမိုကရေစီ - ပြောင်းလဲနိုင်စွမ်းရှိသောအမျိုးသမီးများ”ဖိုရမ်ကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကနေပြည်တော်တွင် ၂၀၁၆ခုနှစ်ကကျင်းပခဲ့သည်။ဖိုရမ်ကငြိမ်းချမ်းေ ေးဖြစ်စဉ်များတွင်အမျိုးသမီးများပါဝင်ရန်အတွက်ကဏ္ဍအသီးသီးမှမူဝါဒရေးရာအကြံပြုချက်များကိုသက်ဆိုင်ရာဝန်ကြီးဌာနများသို့ထုတ်ပြန်နိုင်ခဲ့သည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** - ဒေသခံအဆင့်အလုပ်လုပ်နေသည့်အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကအဖွဲ့အစည်းများ၏လုပ်ငန်းများတွင်ကျား/မကိုတာစနစ်ကျင့်သုံးရေး၊ကျား/မရေးရာမူဝါဒများဖြစ်ပေါ်ရေး၊လွှတ်ေ တ်ာတွင်းအမျိုးသမီးများ၏ပါဝင်မှုတိုးမြှင့်ရေးနိုင်ငံရေးပါတီများ၏မူဝါဒများနှင့်အမျိုးသမီးများ၏ခေါင်းဆောင်မှုတို့ကိုညှိနှိုင်းဆွေးနွေးအသိပညာပေးရာတွင်ပါဝင်ဆောင်ရွက်နေကြသည်။နို င်ငံတော်အဆင့်တွင်ကျား/မတန်းတူညီမျှရေးကွန်ရက်နှင့်အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်တို့ကရွေးကောက်ပွဲဖြစ်စဉ်များတွက်ကျား/မရေးရာကိုထည့်သွင်းဆောင်ရွက်ရန်ဆွေးနွေးအကြံပေးကြသည်။ (ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၂) Women’s Political Action, ကျား/မတန်းတူညီမျှရေးကွန်ရက်, အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်နှင့်Women Can Do Itအဖွဲ့များအားလုံးကအမျိုးသမီးများ၏ခေါင်းဆောင်မှုနှင့်ဆုံးဖြတ်ချက်ချမှတ်မှုများတိုးမြှင့်ရေးအတွက်တက်ကြွလှုပ်ရှားကြသည့်အဖွဲ့များဖြစ်သည်။

**ငြိမ်းချမ်းရေးအတွက်ကျား/မရေးရာတန်းတူညီမျှရေးမဟာမိတ်အဖွဲ့** - မြန်မာအရပ်ဖက်လူမှုရေးအဖွဲ့အစည်းများမဟာမိတ်ကိုအမျိုးသမီးအခွင့်အရေးနှင့်ကျား/မရေးရာထည့်သွင်းပေါင်းစပ်ရေးဆောင်ရွက်နေသည့်ဒေသခံအဖွဲ့အစည်းများနှင့်ကွန်ရက်များအပြင်မြန်မာနိုင်ငံတွင်ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိစ္စများဆောင်ရွက်နေသည့်အဖွဲ့များပူးပေါင်းဖွဲ့စည်းထားခြင်းဖြစ်သည်။ငြိမ်းချမ်းရေးအတွက်ကျား/မရေးရာတန်းတူညီမျှရေးမဟာမိတ်အဖွဲ့ကြမန်မာနိုင်ငံတွင်အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးမူဝါဒချမှတ်ရေးအစီရင်ခံစာကိုထုတ်ပြန်ထားသည်။

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

**ငြိမ်းချမ်းရေးပူးပေါင်းရန်ပုံငွေ** -

ငြိမ်းချမ်းရေးဖြစ်စဉ်အတွက်ဩစတြေးလျ၊ဒိန်းမတ်၊ဥရောပသမဂ္ဂ၊ဖင်လန်၊အီတလီ၊နော်ဝေ၊ဆွစ်ဇာလန်၊ဗြိတိသျှနှင့်အမေရိကန်တို့ကအမေရိကန်ဒေါ်လာသန်း၁၀၀ကျော်ထောက်ပံ့ပေးထားသည့်ပူးပေါင်းအပြည်ပြည်ဆိုင်ရာဘဏ္ဍာရေး၊နည်းပညာနှင့်အကြံပေးအကူအညီများပေးရေးလမ်းကြောင်းတစ်ခုဖြစ်သည်။၎င်းကအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားကူညီပေးမည်ဖြစ်ပြီးငြိမ်းချမ်းရေးဖြစ်စဉ်အတွက်ဦးတည်ဆောင်ရွက်နေသောအစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊အမျိုးသမီးအဖွဲ့များ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများနှင့်ရပ်ရွာအခြေပြုအဖွဲ့များလည်းပါဝင်သည်။ရန်ပုံငွေကအမျိုးသမီးများငြိမ်းချမ်းရေးဖြစ်စဉ်များတွင်ပါဝင်နိုင်ရေးကိုအထူးအလေးပေးသည်။ရန်ပုံငွေက“ငြိမ်းချမ်းရေးဖြစ်စဉ်ကိုအားကောင်းစေသည့်ငြိမ်းချမ်းရေးတည်ဆောက်ရန်စွန့်ဦးဆောင်ရွက်ချက်များ၊ထိုဆောင်ရွက်ချက်များကရှိပြီးဖြစ်သောသဘောတူညီချက်များအကောင်အထည်ဖော်မှုကိုအားပေးပြီးပိုမိုကျယ်ပြန့်သည့်ပါဝင်မှုအထူးသဖြင့်အမျိုးသမီးများ၏ပါဝင်မှုကိုအားပေးသည်။”

**ငြိမ်းချမ်းရေးအထောက်အကူပြုရန်ပုံငွေအဖွဲ့** -

ဗြိတိသျှ၊ဩစတြေးလျသံရုံးနှင့်ဆီဒင်တို့ကပံ့ပိုးသည့်ဒေါ်လာ၆သန်းတန်ရန်ပုံငွေများကငြိမ်းချမ်းရေးဖြစ်စဉ်တွင်စိတ်ချရမှု၊မိမိကိုယ်ကိုယုံကြည်မှု၊ပူးပေါင်းဆောင်ရွက်မှုနှင့်ပူးပေါင်းပါဝင်မှုတို့ကိုတိုးမြင့်စေပြီးရပ်ရွာလူထုအဖွဲ့အစည်းအချင်းချင်းအကြားတင်းအားများကိုလျှော့ချပေးမည့်စွန့်ဦးဆောင်ရွက်ချက်များကိုအကူအညီပေးမည်ဖြစ်သည်။ငြိမ်းချမ်းရေးအထောက်အကူပြုရန်ပုံငွေကြမန်မာ့ငြိမ်းချမ်းရေးတည်ဆောက်မှုတွင်အမျိုးသမီးများ၏အခန်းကဏ္ဍကိုအားကောင်းစေရန်နှင့်အမျိုးသမီးနှင့်မိန်းကလေးများ၏အသက်အန္တရာယ်ကိုထိခိုက်စေသည့်အကြမ်းဖက်မှုနှင့်ပဋိပက္ခများ၏အကျိုးသက်ရောက်မှုများလျော့ပါးရေးကိုလည်းပါဝင်ကူညီဆောင်ရွက်သည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကလုပ်ငန်းစီမံချက်ကော်မတီများအတွက်အမျိုးသမီး၅၀% ပါဝင်ရေးကဲ့သို့ကိုတာစနစ်များသတ်မှတ်ခြင်း၊လူငယ်နှင့်နိုင်ငံရေးလုပ်ငန်းစီမံချက်၊ပြင်ပပညာရေးအစီအစဉ်တွင်အမျိုးသမီး၅၀%

ပါဝင်ရေး၊အခြားအရပ်ဖက်လူမှုရေးအဖွဲ့အစည်းများတွင်အဖွဲ့တွင်းကျား/မရေးရာမူဝါဒများချ

မှတ်နိုင်ရန်ပံ့ပိုးပေးခြင်း၊အမျိုးသမီးနှင့်ဆုံးဖြတ်ချက်ချမှတ်ရေးဆိုင်ရာပြည်သူလူထုအားအသိပညာပေးခြင်းစသည့်လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပါသည်။

**(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၂)**

**She Leads-** အမျိုးသမီးများအတွက်ခေါင်းဆောင်မှုသင်တန်းတစ်ခုဖြစ်ပြီးရောင်ခြည်သစ်အဖွဲ့ကအပြည်ပြည်ဆိုင်ရာရွေးကောက်ပွဲစနစ်များအဖွဲ့နှင့်ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီးဗြိတိသျှသြစတြေးလျနှင့်ဆွဇ်ဇာလန်တို့ကငွေကြေးထောက်ပံ့သည်။အမျိုးသမီး၁၂၃၈ဦးအားသင်တန်းပေးနိုင်ခဲ့ပြီးရွေးကောက်ပွဲနှင့်ဒီမိုကရေစီဆိုင်ရာဗဟုသုတများနှင့်ခေါင်းဆောင်မှုသင်ခန်းစာများပို့ချပေးနိုင်ခဲ့သည်။သင်တန်းကတတ်ရောက်သူများကိုတက်ကြွသည့်ခေါင်းဆောင်မှုနယ်ပယ်များတွင်ပါဝင်ရန်တွန်းအားပေးနိုင်ခဲ့သည်။

## အသိပညာပေးခြင်း

**ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မာရေးအဖွဲ့-**

ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မာရေးအဖွဲ့ကတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်နှင့်နိုင်ငံရေးစကားဝိုင်းများမူဘောင်တို့တွင်ကျား/မရေးရာလုပ်ငန်းများထည့်သွင်းစဉ်းစားရန်ညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည်။ပြည်ထောင်စုအဆင့်ရှိအစိုးရအဆင့်မြင့်အရာရှိကြီး(၃၀၀)ဦးနှင့်ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်များတွင်အမျိုးသမီးဝန်ထမ်း(၅၀၀)ဦးကိုအမျိုးသမီးငြိမ်းချမ်းရေးနှင့်လုံခြုံရေးသင်တန်းပေးနိုင်ခဲ့သည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ-** အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကအသိပညာပေး/သင်တန်းများဆောင်ရွက်လျက်ရှိ**သည်။**ဥပမာ- အမျိုးသမီး၃၀**%**ကိုတာစနစ်နှင့်အမျိုးသမီးခေါင်းဆောင်မှု၊အမျိုးသမီးများခေါင်းဆောင်မှုတွင်ပါဝင်ရေးနှင့်အမျိုးသမီးများခေါင်းဆောင်ဖြစ်သင်တန်းများတိုးမြှင့်ဆောင်ရွက်ခြင်း၊ကျား/မရေးရာသင်တန်းများ၊ကျေးလက်ကျန်းမာရေးရန်ပုံငွေဖွံ့ဖြိုးရေးကော်မတီများကိုကော်မတီတွင်အမျိုးသမီးများပါဝင်မှုတိုးမြှင့်ရန်သင်တန်းများပေးခြင်းစသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။

**(ကျား/မတန်းတူညီမျှရေးကွန်ရက်-**
**အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၁)**

**IDEA**-လွှတ်တော်အတွင်းကျား/မတန်းတူညီမျှရေးတိုးမြှင့်ရန် -
သတင်းအချက်အလက်အနှစ်ချုပ်စာတမ်း

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**ကျား/မရေးရာအခြေအနေလေ့လာဆန်းစစ်မှုစစ်တမ်း** -
မြန်မာနိုင်ငံတွင်ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေး- အခြေအနေလေ့လာမှုစစ်တမ်း (၂၀၁၆)
သည်နိုင်ငံရေးဖြစ်စဉ်နှင့်အုပ်ချုပ်မှုကဏ္ဍတို့တွင်ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေးဆိုင်ရာအခြေခံအချက်အလက်များဖော်ပြထားသည်။အစီရင်ခံစာကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ကုလသမဂ္ဂနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်းထုတ်ဝေထားခြင်းဖြစ်သည်။

**ငြိမ်းချမ်းရေးအတွက်ကျား/မတန်းတူညီမျှရေးမဟာမိတ်အဖွဲ့** -
မြန်မာနိုင်ငံတွင်အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးမူဝါဒချမှတ်ခြင်း
**(၂၀၁၅)**၊မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်အမျိုးသမီးများ၏ပါဝင်မှုနှင့်ကျား/မရေးရာတရားမျှတမှုရင်းမြစ်များ **(၂၀၁၆)**

**ငြိမ်းချမ်းရေးအတွက်ကျား/မတန်းတူညီမျှရေးမဟာမိတ်အဖွဲ့**-
ငြိမ်းချမ်းရေးအတွက်ကျား/မတန်းတူညီမျှရေးမဟာမိတ်အဖွဲ့ကြမန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်တွင်အမျိုးသမီးများ၏ပါဝင်မှုနှင့်ကျား/မရေးရာတရားမျှတမှုဆိုင်ရာရင်းမြစ်စာစုစာရင်းကိုထုတ်ဝေထားပြီးရင်းမြစ်များအပေါ်ခြုံငုံသုံးသပ်ခြင်းဖြင့်ငြိမ်းချမ်းရေးဖြစ်စဉ်များတွင်ကျား/မရေးရာကဏ္ဍများ၏ပါဝင်မှုကိုပိုမိုနားလည်စေပြီးမြန်မာနိုင်ငံရှိအမျိုးသမီးများ၏အနေအထားနှင့်ဆက်စပ်နေသည့်အကြောင်းအရာများအပေါ်ပိုမိုနားလည်နိုင်စေရန်ရည်ရွယ်သည်။

**ငြိမ်းချမ်းရေးအထောက်အကူပြုရန်ပုံငွေ** -
အမျိုးသမီးများကအဘသင့်ဖြစ်နေပြီ၊မြန်မာ့ငြိမ်းချမ်းရေးကိုအသွင်ကူးပြောင်းဖို့အခွင့်အရေးဖြစ်သည်(၂၀၁၆)

**အာရှဖောင်ဒေးရှင်း** -မြန်မာအုပ်ချုပ်မှုကဏ္ဍတွင်ကျား/ မတန်းတူညီမျှရေး- ယခင်၊ယခုနှင့်ပြောင်းလဲရေးအတွက်အလားအလာရှိသည့်ဗျူဟာများ (၂၀၁၆)
နှင့်တိုင်းဒေသကြီးနှင့်ပြည်နယ်အုပ်ချုပ်မှုကဏ္ဍတွင်အမျိုးသမီးပါဝင်ရေး (၂၀၁၄)

**ကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြှင့်မားရေးအဖွဲ့-** အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာအစီရင်ခံစာ**(၁၂)ရပ်**ကိုဘာသာပြန်ထုတ်ဝေပြီးဖြစ်သည်။ထို့အပြင်၂၀၁၁ငြိမ်းချမ်းရေးဖြစ်စဉ်အလွန်မြန်မာ့သမိုင်းမှတ်တိုင်များ- ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေးရှုထောင့်ကိုလည်းအစီရင်ခံစာထုတ်ပြန်ထားသည်။

**နိုင်ငံဖြတ်ကျော်အဖွဲ့-**အမျိုးသမီးများမပါလျှင်ငြိမ်းချမ်းရေးမရ၊မြန်မာနိုင်ငံတွင်းပဋိပက္ခနှင့် (၂၀၁၆)


**ကျား/မတန်းတူညီမျှရေးကွန်ရက်** - ၂၀၁၅ခုနှစ်ရွေးကောက်ပွဲတွင်ကျား/မရေးရာအပေါ် အကျိုးသက်ရောက်မှုလေ့လာချက်(ဆောင်ရွက်ဆဲ) နှင့်ခေါင်းဆောင်မှုသင်တန်းများ၏လိုအပ်ချက်စစ်တမ်း

**ကုလသမဂ္ဂဖွံ့ဖြိုးရေးရန်ပုံငွေအဖွဲ့-**အမျိုးသမီးနှင့်ဒေသတွင်းခေါင်းဆောင်မှု - မြန်မာနိုင်ငံတွင်းကျေးရွာ၊အုပ်စု/ရပ်ကွက်အုပ်ချုပ်ရေးမှူးအမျိုးသမီးများ၏ခေါင်းဆောင်မှုခရီးစဉ် (၂၀၁၅)

**ဖန်တီးအိမ်** - မြန်မာနိုင်ငံ၏ဥပဒေပြုရေးနှင့်အမှုဆောင်နေရာများတွင်အမျိုးသမီးများ၏ပါဝင်မှုဥရောပသမဂ္ဂနှင့် **Trocaire** တို့ကငွေကြေးထောက်ပံ့သည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** - အရပ်**ဖ**က်လူမှုရေးအဖွဲ့အစည်းများကလေ့လာမှုစစ်တမ်းများဆောင်ရွက်နေ**သည်။**ဥပမာ- အမျိုးသမီးများနှင့်ဆုံးဖြတ်ချက်ချမှတ်ရေးဆိုင်ရာအသိပညာ၊သဘောထားနှင့်ကျင့်သုံးမှုစစ်တမ်းနှင့်နိုင်ငံရေးပါတီများတွင်အမျိုးသမီးများ၏ပါဝင်မှုနှင့်ဆုံးဖြတ်ချက်ချမှတ်နိုင်မှုအခန်းကဏ္ဍများသုတေသနနှင့်လွှတ်တော်တွင်းပါဝင်နေသည့်အမျိုးသမီးရာခိုင်နှုန်းစစ်တမ်း**စသည်တို့ပါဝင်သည်။(**ကျား/မတန်းတူညီမျှရေးကွန်ရက်- အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၁)

# ၂.၈အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း




# (၈) အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းယန္တရားများ

**ရည်ရွယ်ချက်၊ဦးတည်ချက်နှင့်လုပ်ငန်းစဉ်များ**

**အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက်** -

အမျိုးသားအဆင့်ဖွံ့ဖြိုးရေးနည်းဗျူဟာများနှင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များ

တွင်အမျိုးသမီးများတန်းတူပါဝင်လာစေရန်နှင့်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းယန္တရားများတည်ထောင်ရန်ပိုမိုအားကောင်းလာစေရန်၊

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်-** ကျား/မတန်းတူညီမျှရေးနှင့်အဆင့်တိုင်းတွင်အမျိုးသမီးများနှင့်မိန်းကလေးငယ်များစွမ်းပကားမြင့်မားရေးအတွက်သင့်လျော်သည့်မူဝါဒများနှင့်အတည်ပြုပြဌာန်းမည့်ဥပဒေများထုတ်ပြန်ခြင်းနှင့်အားကောင်းအောင်ပြုလုပ်ခြင်း

**အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ**

- ၁၁.

  အမျိုးသမီးများအားရင်းတို့၏ဘဝတစ်လျှောက်လုံး၌တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ဖြစ်စေခွဲခြားဆက်ဆံမှုမျိုးမှအကာအကွယ်ပေးနိုင်ရန်အတွက်ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေးဥပဒေကြမ်းကဲ့သို့သောနိုင်ငံတော်အဆင့်ဥပဒေရေးဆွဲရာတွင်အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှု၏အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုကွန်ဗင်းရှင်း၏အပိုဒ် (၁) နှင့်အညီပြည့်စုံစွာအမြန်ဆုံးထည့်သွင်းရေးဆွဲရန်ကော်မတီ၏ယခင်အကြံပြုသုံးသပ်ချက်( CEDAW/ C/ MMR/ CO/3, para. 8) ကိုထပ်မံဖော်ပြလိုပါသည်။

- ၁၅

  (က)မိသားစုတွင်းနှင့်လူမှုအဖွဲ့အစည်းတွင်းမှအမျိုးသမီးများနှင့်အမျိုးသားများ၏အခန်းကဏ္ဍအပေါ်ပုံသေကားကျရည်ညွှန်းချက်များနှင့်ဝန်ထမ်းများခန့်အပ်ခြင်းအပါအဝင်အခြားသောခွဲခြားဆက်ဆံမှုဆိုင်ရာဖော်ပြချက်များကိုလည်းဖယ်ရှားနိုင်ရန်အတွက်ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန်၊

- ၁၅

  (ဃ)ခွဲခြားဆက်ဆံမှုများဖြစ်နေသည့်ဥပဒေများနှင့်ပြဋ္ဌာန်းချက်များအားအမြန်ဆုံးပြန်လည်သုံးသပ်ရန်နှင့်ကျား၊မတန်းတူညီမျှရေးကိုမြှင့်တင်သည့်ဥပဒေအသစ်များပြဋ္ဌာန်းရန်။

- ၂၁.အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအတွက်မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီသည်အမျိုးသားအဆင့်ကော်မတီအနေဖြင့်လုပ်ငန်းများကိုပေါင်းစပ်ညှိနှိုင်းပေးနိုင်သည့်အဖွဲ့အစည်းအခန်းကဏ္ဍရရှိရန်နှင့်လုံလောက်သည့်အရင်းအမြစ်ပံ့ပိုးပေးရန်ကော်မ

တီကအကြံပြုပါသည်။အဖွဲ့ဝင်နိုင်ငံသည်မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီကိုပိုမိုခိုင်မာအောင်ဆောင်ရွက်ရန်၊ယင်းသို့ဆောင်ရွက်ရာတွင်ကျားမရေးရာထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းနှင့်ကျားမရေးရာရသုံးမှန်းခြေရန်ပုံငွေရေးဆွဲခြင်းတို့အပါအဝင်လုပ်ငန်းများအားထိရောက်စွာဖော်ဆောင်နိုင်ရန်အတွက်မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီနှင့်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ဌာနဆိုင်ရာများရှိကျားမရေးရာဌာနစုတို့ကြားပူးပေါင်းဆောင်ရွက်မှုများကိုရှင်းလင်းပြတ်သားစေခြင်းဖြင့်ပြုလုပ်ရန်လည်းကော်မတီကအကြံပြုပါသည်။အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအားမြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီကထိရောက်စွာစီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်ထိုစီမံကိန်း၏လက်ရှိဆောင်ရွက်နေဆဲအကဲဖြတ်သုံးသပ်မှုရလဒ်များပေါ်မူတည်ကာလိုအပ်သည့်မူဝါဒရေးရာပြောင်းလဲမှုများပြုလုပ်သင့်ကြောင်းကော်မတီမှအကြံပြုလိုပါသည်။

- ၅၁.

ကော်မတီသည်လက်ရှိအနှစ်ချုပ်သုံးသပ်ချက်များအားအဆင့်အသီးသီး(နိုင်ငံတော်အဆင့်၊တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ဒေသဆိုင်ရာအဆင့်)ရှိသက်ဆိုင်ရာနိုင်ငံအဖွဲ့အစည်းများအထူးသဖြင့်အစိုးရဝန်ကြီးဌာနများ၊လွှတ်တော်နှင့်တရားရေးများသို့၎င်းတို့အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်အဖွဲ့ဝင်နိုင်ငံ၏ဘာသာစကား(များ)ဖြင့်အချိန်နှင့်တပြေးညီဖြန့်ဝေရန်တောင်းဆိုလိုပါသည်။

- ၅၃.

အဖွဲ့ဝင်နိုင်ငံသည်အထက်ဖော်ပြပါအကြံပြုသုံးသပ်ချက်များနှင့်ကွန်ဗင်းရှင်းတစ်ခုလုံးအားအကောင်အထည်ဖော်ဆောင်ရွက်ရန်ရည်ရွယ်သည့်ကျိုးကြောင်းဆီလျော်သောလုပ်ငန်းအစီအစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်ဖွံ့ဖြိုးတိုးတက်ခြင်းတို့အတွက်မိမိကိုယ်တိုင်လည်းကြိုးပမ်းဆောင်ရွက်ပြီးနိုင်ငံတကာမှအထောက်အပံ့နှင့်ပူးပေါင်းဆောင်ရွက်မှုများကိုလည်းရှာဖွေဆောင်ရွက်ရန်ကော်မတီမှအကြံပြုတိုက်တွန်းပါသည်။ကော်မတီသည်အဖွဲ့ဝင်နိုင်ငံအားကုလသမဂ္ဂ၏အထူးပြုအဖွဲ့စည်းများ၊လုပ်ငန်းအစီအစဉ်များနှင့်ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်လည်းတိုက်တွန်းပါသည်။

**ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများနှင့်လုပ်ငန်းစဉ်များ** -

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း

**ဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ**

**ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း**

**မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ** -

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီကိုနိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး၏ခွင့်ပြုချက်ဖြင့်ပြန်လည်ဖွဲ့စည်းခဲ့ပြီးအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေးနှင့်CEDAWအစီရင်ခံစာရေးသားရေးအတွက်အဓိကတာဝန်ရှိသည်။ထိုကော်မတီတွင်ယခုအခါအရပ်ဖက်လူမှုရေးအဖွဲ့အစည်းနှစ်ခုဖြစ်သည့်ကျား/မတန်းတူညီမျှရေးကွန်ရက်နှင့်အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်တို့ကိုအဖွဲ့ဝင်အဖြစ်ထည့်သွင်းထားသည်။မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီကို၂၀၁၆ခုနှစ်၊နိုဝင်ဘာလ (၇) ရက်နေ့တွင်ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

**ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မားရေးလုပ်ငန်းအဖွဲ့**-

လုပ်ငန်းအဖွဲ့အဖွဲ့ဝင်များတွင်အစိုးရဝန်ကြီးဌာနများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများနှင့်ဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးမိတ်ဘက်အဖွဲ့အစည်းများပါဝင်ကြသည်။အဖွဲ့ကိုပြည်ထောင်စုဝန်ကြီးကဥက္ကဌအဖြစ်ဦးဆောင်၍ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့်ဖင်လန်သံရုံးတို့ကပူးတွဲဥက္ကဌများအဖြစ်တာဝန်ယူကြသည်။Careနှင့်Trocaire
ကအပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများကိုကိုယ်စားပြုပါဝင်ကြပြီးအရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၏ကိုယ်စားလှယ်အဖြစ်ကျား/မတန်းတူညီမျှရေးကွန်ရက်နှင့်အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်တို့ပါဝင်သည်။

**အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလွှတ်တော်တွင်းကော်မတီ**-

၎င်းကော်မတီသည်အသစ်ဖွဲ့စည်းထားသည့်လွှတ်တော်တွင်းကော်မတီဖြစ်ပါသည်။အတွင်းရေးမှူးသည်မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ၏အဖွဲ့ဝင်လည်းဖြစ်ပါသည်။

**ကျား/မရေးရာဘတ်ဂျက်ခွဲဝေသတ်မှတ်ခြင်း** -

ဤအစီအစဉ်ကိုမြန်မာနိုင်ငံကအာဆီယံအမျိုးသမီးရေးရာကော်မတီအပေါ်ထားရှိသည့်ကတိ

ကဝတ်များကြောင့်ဆောင်ရွက်ရန်လိုအပ်သည်။ActionAid, Care, Oxfam နှင့်အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်တို့ကကျား/မရေးရာတာဝန်ခံယူမှုရှိသည့်အသုံးစရိတ်တစ်ရပ်ရရှိရေးအနှစ်ချုပ်စာတမ်းအားပြုစုထားပါသည်။**DFID** နှင့် **DFAT** တို့ကကမ္ဘာ့ဘဏ်/စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်ပြည်သူ့ရန်ပုံငွေပါဝင်သည့်ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုအစီအစဉ်အသစ်လုပ်ငန်းအားပံ့ပိုးကူညီလျက်ရှိပါသည်။

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

**ကျား/မရေးရာအဓိကတာဝန်ယူဆောင်ရွက်သူများ** - ဆက်စပ်ဝန်ကြီးဌာနများရှိဦးစီးဌာန(၁၈)ခုတွင်ကျား/မရေးရာအတွက်အဓိကဆက်သွယ်ဆောင်ရွက်ရန်ပုဂ္ဂိုလ်များခန့်ထားပြီးဖြစ်ပါသည်။၎င်းတို့သည်သက်ဆိုင်ရာဝန်ကြီးဌာနများအတွင်းဆောင်ရွက်သည့်ကျား/မရေးရာအသိပညာပေးလုပ်ငန်းများတွင်ပါဝင်ကြသော်လည်းကိုယ်စားလှယ်များကညွှန်ကြားရေးမှူးနှင့်ဒုတိယညွှန်ကြားရေးမှူးရာထူးများဖြစ်ကြပြီး၎င်းတို့၏ဝန်ကြီးဌာနများအတွင်းကျား/မရေးရာလုပ်ငန်းများဆောင်ရွက်ရန်တိကျစွာပြဋ္ဌာန်းသတ်မှတ်ထားသည့်တာဝန်ဝတ္တရားများမရှိကြောင်းတွေ့ရသည်။

**CEDAWအစီရင်ခံစာရေးသားရေးကော်မတီ** - ကော်မတီတွင်မြန်မာနိုင်ငံအစိုးရ၏အစီရင်ခံစာရေးသားရေးနှင့်သက်ဆိုင်သည့်ဝန်ကြီးဌာနများကညွှန်ကြားရေးမှူးချုပ်နှင့်ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်များကုလသမဂ္ဂကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပကားမြင့်မားရေးအဖွဲ့ကလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကရေးသားရမည့်၂၀၁၅ခုနှစ်အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂကော်မတီသို့ရေးသားမည့်အစီရင်ခံစာအတွက်နည်းပညာပံ့ပိုးကူညီမှုများပေးခဲ့သည်။

## အသိပညာပေးခြင်း

**ဝန်ကြီးဌာနများအတွင်းအသိပညာပေးခြင်း-**

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲကအလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ပြန်ကြားရေးဝန်ကြီးဌာနတို့တွင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်

ရာအမျိုးသားအဆင့်မဟာဗျူဟာလုပ်ငန်းစဉ်နှင့်CEDAWအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။

**တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တွင်အသိပညာပေးခြင်း** -Trocaire

ကရန်ကုန်တိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တနင်္သာရီတိုင်းဒေသကြီးတို့ရှိလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ဝန်ထမ်းများနှင့်အခြားပြည်သူ့ဝန်ထမ်းမိတ်ဘက်အဖွဲ့အစည်းများအားကျား/မရေးရာသင်တန်းများပေးခဲ့သည်။၂၀၁၇ခုနှစ်နှစ်ဦးပိုင်းတွင်စတင်ဆောင်ရွက်ခြင်းဖြစ်သည်။

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**ကျား/မရေးရာအခြေအနေလေ့လာဆန်းစစ်မှုစစ်တမ်း** -

မြန်မာနိုင်ငံတွင်ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးအခွင့်အရေး- အခြေအနေလေ့လာမှုစစ်တမ်း (၂၀၁၆) သည်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေးအတွက်အခြေခံအချက်အလက်များဖော်ပြထားသည်။အစီရင်ခံစာကိုလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ကုလသမဂ္ဂနှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့ပူးပေါင်းထုတ်ဝေထားခြင်းဖြစ်သည်။

**၂၀၁၄ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းနောက်ဆက်တွဲကျား/မရေးရာရှုဒေါင့်ဆိုင်ရာအစီရင်ခံစာ** -

ပြည်သူ့အင်အားဦးစီးဌာန၊အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကထုတ်ဝေထားပြီးကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကပံ့ပိုးကူညီသည်။

**ရှန်းမထွက်သာအစဉ်အလာ၊ယဉ်ကျေးမှုစံနှုန်း၊လူမှုရေးအလေ့အထများနှင့်ကျား/မတန်းတူညီမျှရေး** -

ကျား/မတန်းတူညီမျှရေးကွန်ရက်က၂၀၁၅ခုနှစ်တွင်ထုတ်ဝေထားသည့်လူမှုရေးစံနှုန်းသုတေသနကကဏ္ဍစုံအတွက်အရည်အသွေးအခြေပြုအချက်အလက်များပံ့ပိုးပေးထားသည်။

## ၂.၉အမျိုးသမီးနှင့်လူ့အခွင့်အရေး




# (၉) အမျိုးသမီးများနှင့် လူ့အခွင့်အရေး

**အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက်** -
အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များ၏စီးပွားရေး၊လူမှုရေး၊ယဉ်ကျေးမှုနိုင်ငံရေးနှင့်နိုင်ငံသားဆိုင်ရာအခွင့်အရေးများကိုကာကွယ်စောင့်ရှောက်ရေး၊မြှင့်တင်ရေးနှင့်ပြည့်ဝစွာခံစားရရှိစေရန်၊

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်** - သီးခြားပြဋ္ဌာန်းထားခြင်းမရှိပါ။

**အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ**

- ၁၇.ကော်မတီ၏ယခင်အထွေထွေအကြံပြုချက် **(CEDAW/C/MMR/CO/3, para. 15)** အတိုင်းမြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည်ဘဏ္ဍာငွေချမှတ်ခြင်းနှင့်အဖွဲ့ဝင်များခန့်အပ်ခြင်းတို့နှင့်စပ်လျဉ်းသောစိုးရိမ်မှုများကိုဖြေရှင်းရန်နှင့်ပဲရစ်စည်းမျဉ်းများ (အထွေထွေညီလာခံကြေညာချက်၄၈/၁၃၄၊၁၉၉၃ခုနှစ်ဒီဇင်ဘာလ၂၀ရက်၊နောက်ဆက်တွဲ)နှင့်အပြည့်အဝလိုက်လျောညီထွေရှိစေရန်ထပ်မံသတိပေးလိုပါသည်။အမျိုးသမီးများ၏အခွင့်အရေးချိုးဖောက်ခံရခြင်းကြောင့်တိုင်ကြားလာသည့်တိုင်ကြားချက်များအပါအဝင်တိုင်ကြားစာများအားကိုင်တွယ်ဖြေရှင်းရာတွင်လျှို့ဝှက်ချက်များပေါက်ကြားခြင်းနှင့်ပတ်သက်၍စိုးရိမ်မှုများရှိခြင်းကိုအဖွဲ့ဝင်နိုင်ငံကဖြေရှင်းစေလိုပါသည်။
- ၁၉
  (က)အခမဲ့ဥပဒေအထောက်အပံ့ရရှိစေရန်လုံလောက်သောရန်ပုံငွေရှိစေရန်၊ကျေးလက်ဒေသများအထူးသဖြင့်တိုင်းရင်းသားလူနည်းစုအမျိုးသမီးများအပါအဝင်တစ်နိုင်ငံလုံးတွင်အမျိုးသမီးများတရားမျှတမှုကိုထိရောက်စွာလက်လှမ်းမီမှုမြှင့်တင်ခြင်းဖြင့်အမျိုးသမီးများရင်ဆိုင်ရသောအခက်အခဲများကိုဖယ်ရှားရန်၊
- ၁၉ (ခ)အမျိုးသမီးများ၏အသိပညာမြှင့်တင်ရေးဥပဒေနှင့်၎င်းတို့၏အခွင့်အရေးကိုတောင်းဆိုသည့်အမျိုးသမီးများနှင့်မိန်းကလေးငယ်များအပေါ်သေးသိမ်စေမှုကိုဖယ်ရှားရန်အတွက်အမျိုးသမီးနှင့်အမျိုးသားများ၏အသိပညာဗဟုသုတကိုမြှင့်တင်ပေးရန်နှင့်

- ၁၉(ဂ)အမျိုးသမီးများ၏အခွင့်အရေးကိုကာကွယ်စောင့်ရှောက်သည့်အနေဖြင့်လွတ်လပ်ေ ာဘက်လိုက်မှုကင်းသော၊ကျွမ်းကျင်မှုရှိသော၊ကျား၊မရေးရာအသိအမြင်ရှိသောတရားစီရ င်ရေးဖြစ်ပေါ်လာစေရန်အတွက်လိုအပ်သောပြုပြင်ပြောင်းလဲမှုများကိုဖော်ဆောင်ရန်။

- ၂၅ (က)မိသားစုနှင့်လူမှုအသိုင်းအဝိုင်းအတွင်းမှအမျိုးသမီးများနှင့်အမျိုးသားများ၏အခန်းက ဏ္ဍ၊တာဝန်ဝတ္တရားများနှင့်ပတ်သက်သည့်ခွဲခြားဆက်ဆံသောတရားသေအယူအဆများနှင့် ကလေးသူငယ်ထိမ်းမြားလက်ထပ်ခြင်းကဲ့သို့သောထိခိုက်နစ်နာစေသည့်အလေ့အထများ အားပပျောက်စေရန်ရည်ရွယ်၍ပြည့်စုံသည့်နည်းဗျူဟာတစ်ရပ်ချမှတ်ရန်၊

- ၂၅ (ခ) အမျိုးသမီးများနှင့်အမျိုးသားများ၏ထုံးတမ်းစဉ်လာအခန်းကဏ္ဍများအားပြန်လည်အသ က်သွင်းနေသည့်လူမှုရေးစံနှုန်းများကိုပြောင်းလဲနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်နှင့်အမျိုးသ မီးများနှင့်မိန်းကလေးငယ်များ၏အခွင့်အရေးတိုးမြှင့်ရရှိစေနိုင်သည့်အပြုသဘောဆောင်ေ ာယဉ်ကျေးမှုဓလေ့ထုံးတမ်းများအားမြှင့်တင်ပေးရန်၊

- ၂၅ (ဂ) အမျိုးသမီးများအထူးသဖြင့်လူနည်းစုတိုင်းရင်းသားများနှင့်ရခိုင်ဒေသမှမွတ်စလင်အမျိုး သမီးများအပေါ်ခွဲခြားဆက်ဆံမှုဖြစ်စေသည့်တရားသေအယူအဆများနှင့်ထင်မြင်ယူဆချ က်များပပျောက်စေရန်ဆောင်ရွက်သည့်

လုပ်ဆောင်ချက်များကိုလွတ်လပ်သောကျွမ်းကျင်သည့်အဖွဲ့အစည်းဖြင့်ပုံမှန်စောင့်ကြ ည့်လေ့လာရန်နှင့်အကျိုးဆက်ကိုအကဲဖြတ်သုံးသပ်ရန်။

- ၃၃. ကော်မတီ၏ယခင်အနှစ်ချုပ်သုံးသပ်ချက်(CEDAW/C/MMR/CO/3, paras. 31 and 33)အရ၊နိုင်ငံတွင်းနေထိုင်နေကြသူများအထူးသဖြင့်ရခိုင်ပြည်နယ်မြောက်ပိုင်းမှအမျိုးသမီး များနှင့်မိန်းကလေးများကိုနိုင်ငံသားပြုလုပ်ပေးနိုင်ရန်နှင့်၎င်းတို့၏လူ့အခွင့်အရေးကိုလွတ် လပ်စွာရရှိခံစားနိုင်ရန်အတွက်၁၉၈၂ခုနှစ်နိုင်ငံသားဥပဒေကိုပြင်ဆင်ရန်ကော်မတီကအ ကြံပြုလိုပါသည်။နိုင်ငံမဲ့အခြေအနေသို့ရောက်ရှိခြင်းမှကာကွယ်နိုင်ရန်ဒေသတွင်းပြောင်းေ

ဌွေ့နေထိုင်ကြသူများအတွက်ဒုက္ခသည်စခန်းများတွင်မွေးဖွားခဲ့ကြသည့်ကလေးသူငယ်များအားမွေးစာရင်းမဖြစ်မနေထုတ်ပေးရန်အကြံပြုလိုပါသည်။

- ၄၃.

မူဝါဒရေးဆွဲရာ၌ကျေးလက်နေအမျိုးသမီးများပါဝင်နိုင်ရေးအတွက်အကန့်အသတ်ဖြစ်နေသည့်အဟန့်အတားများအားလုံးကိုဖယ်ရှားရန်နှင့်၎င်းတို့၏စီးပွားရေးဆိုင်ရာစွမ်းပကားများမြှင့်တင်ပေးနိုင်ရန်အတွက်ပညာရေး၊အလုပ်အကိုင်နှင့်ကျန်းမာရေးအခွင့်အလမ်းများအားလက်လှမ်းမီရရှိခံစားနိုင်ရေးတို့ကိုပံ့ပိုးဆောင်ရွက်ပေးရန်ကော်မတီမှတိုက်တွန်းလိုပါသည်။မိရိုးဖလာအမျိုးသမီးများပိုင်ဆိုင်သော (သို့မဟုတ်) အသုံးပြုနေသောလယ်မြေများနှင့်နယ်မြေများကိုစီးပွားဖြစ်အသုံးချရန်ကုမ္ပဏီများ (သို့မဟုတ်) တတိယအဖွဲ့အစည်းများကိုခွင့်ပြုချက်ပေးခြင်းမပြုမီအကျိုးသက်ရောက်မှုရှိမည့်အသိုက်အဝန်းများနှင့်ထိရောက်စွာတိုင်ပင်ဆွေးနွေးရန်နှင့်သက်ရောက်ခံရမည့်အမျိုးသမီးများထံမှလွတ်လပ်ပြီး၊သိရှိနားလည်သောကြိုတင်သဘောတူညီမှုရယူရန်လည်းကော်မတီကအကြံပြုပါသည်။

- ၄၅

(က)ရခိုင်ပြည်နယ်မြောက်ပိုင်းရှိအမျိုးသမီးများ၏လွတ်လပ်စွာရွှေ့ပြောင်းသွားလာခွင့်ကိုကန့်သတ်ထားခြင်းသည်၎င်းတို့၏ပညာရေး၊အလုပ်အကိုင်၊ကျန်းမာရေးနှင့်အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအခွင့်အရေးများအား (အထူးသဖြင့်အရေးပေါ်အခြေအနေနှင့်အသက်အန္တရာယ်ကြုံတွေ့ရသည့်အချိန်များတွင်) အချိန်နှင့်တပြေးညီအပြည့်အဝရရှိခံစားနိုင်မှုမှတားဆီးဟန့်တားထားသည့်ဒေသဆိုင်ရာအမိန့်ကြေညာချက်များအားလုံးကိုဖျက်သိမ်းရန်နှင့်ကလေးမွေးဖွားမှုနှင့်သားဆက်ခြားမှုကိုကန့်သတ်ထားသည့်ဒေသဆိုင်ရာအမိန့်ကြေညာချက်များကိုဖျက်သိမ်းပေးရန်၊

- ၄၅

(ဂ)ရွှေ့ပြောင်းနေထိုင်ကြသည့်အမျိုးသမီးများနှင့်အမျိုးသမီးငယ်များသည်ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင်အခြေခံဝန်ဆောင်မှုများအားလက်လှမ်းမီရရှိစေရန်နှင့်

ရခိုင်ပြည်နယ်အစိုးရ၏ပြန်လည်နေရာချထားရေးစီမံချက်မူဘောင်တွင်၎င်းတို့အတွက်ကြိုးပမ်းဆောင်ရွက်မှုများအားထည့်သွင်းဆောင်ရွက်ရန်၊

- ၄၅(ဃ)

  "ရိုဟင်ဂျာ"နှင့်အခြားတိုင်းရင်းသားလူမျိုးစုများ၏မွေးစာရင်းရရှိစေရေးဆောင်ရွက်ပေးရန်နှင့်"ရိုဟင်ဂျာ"အမျိုးသမီးများနှင့်မိန်းကလေးများနိုင်ငံသားဖြစ်ရေးနှင့်ပတ်သက်၍ကြုံတွေ့နေရသည့်အဟန့်အတားများအားလုံးကိုဖယ်ရှားပေးရန်၊

- ၄၅(င)"ရိုဟင်ဂျာ"အမျိုးသမီးများနှင့်မိန်းကလေးများအားပညာရေး၊အလုပ်အကိုင်နှင့်ကျန်းမာရေးစောင့်ရှောက်မှုများပံ့ပိုးပေးခြင်းဖြင့်လူကုန်ကူးမှုဖြစ်ပေါ်ရခြင်း၏ပင်မအကြောင်းအရင်းများအားကြိုးပမ်းဖြေရှင်းဆောင်ရွက်ရန်၊;

- ၅၂.

  အဖွဲ့ဝင်နိုင်ငံသည်အမျိုးသမီးများဘဝတစ်လျှောက်လုံး၌၎င်းတို့၏လူ့အခွင့်အရေးနှင့်အခြေခံလွတ်လပ်မှုများကိုရရှိခံစားနိုင်ရန်မြှင့်တင်ဆောင်ရွက်ပေးနိုင်သည့်အဓိကကျသောနိုင်ငံတကာလူ့အခွင့်အရေးစာချုပ်(၉)

  ခုကိုလိုက်နာကျင့်သုံးနေကြောင်းကော်မတီမှသိရှိရပါသည်။ထို့ကြောင့်အဖွဲ့ဝင်နိုင်ငံအားနိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်၊စီးပွားရေး၊လူမှုရေးနှင့်ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်၊လူမျိုးရေးဆိုင်ရာနည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ်၊ညှဉ်းပန်းနှိပ်စက်မှုနှင့်ရက်စက်ကြမ်းကြုတ်မှု၊လူမဆန်သော (သို့မဟုတ်) ဂုဏ်သိက္ခာညှိုးနွမ်းစေသောဆက်ဆံမှု (သို့မဟုတ်) အပြစ်ပေးမှုဆိုင်ရာသဘောတူစာချုပ်၊ရွှေ့ပြောင်းအလုပ်သမားများအားလုံးနှင့်၎င်းတို့၏မိသားစုဝင်များ၏အခွင့်အရေးများအားကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာသဘောတူစာချုပ်နှင့်အခြားသဘောတူလက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဓိကလူ့အခွင့်အရေးစာချုပ်များအားအတည်ပြုပါဝင်ရေးစဉ်းစားဆောင်ရွက်ရန်တိုက်တွန်းအားပေးပါသည်။

## ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများနှင့်လုပ်ငန်းစဉ်များ-

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း၊အမျိုးသမီးမျ

ားအပေါ်အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးဥပဒေ၊ရခိုင်ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်။

## ဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ

## ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် - ၂၀၁၄ခုနှစ်တွင်ပြန်လည်ဖွဲ့စည်းခဲ့ပြီးကော်မရှင်တွင်"ဖွဲ့စည်းပုံအခြေခံဥပဒေပါပြည်သူများ၏အခြေခံအခွင့်အရေးများကိုမြှင့်တင်ပေးရေးနှင့်ကာကွယ်စောင့်ရှောက်ရေးအတွက်ရည်ရွယ်သည်" ဆိုသည့်ရည်ရွယ်ချက်ပါရှိပါသည်။

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ - အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများတွင်ဥပမာအားဖြင့်အမျိုးသမီးနှင့်လူ့အခွင့်အရေးအတွက်ရင်းမြစ်ဌာနတစ်ခုတည်ထောင်ခြင်း၊အမျိုးသမီးများဖိုရမ်ကျင်းပခြင်း၊အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အခမ်းအနားများကျင်းပခြင်း၊လူ့အခွင့်အရေးစာအုပ်များဖြန့်ဝေခြင်း၊အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေးလမ်းညွှန်ချက်များရေးဆွဲခြင်းနှင့်အမျိုးသမီးအခွင့်အရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းစသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။ (ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၃)

## အသိပညာပေးခြင်း

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ - အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကအမျိုးသမီးအခွင့်အရေး၊လူ့အခွင့်အရေးဆွေးနွေးချက်များနှင့်တိုင်းရင်းသားအမျိုးသမီးများအခွင့်အရေး၊တာဝန်ယူမှုရှိသောဒီမိုကရေစီပြည်သူလူထု၊အခြေခံလူ့အခွင့်အရေးများ၊CEDAW၊နိုင်ငံသားအခွင့်အရေး၊မြို့တော်ပညာရေး၊မသန်စွမ်းမှုနှင့်CEDAW၊မသန်စွမ်းအခွင့်အရေးများ၊လူကုန်ကူးမှု၊လူ့အခွင့်အရေးနှင့်ဒီမိုကရေစီစံနှုန်းများစသည်တို့ကိုဆောင်ရွက်လျက်ရှိပါသည်။ (ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၂-၇၃)

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**၂၀၁၄ခုနှစ်လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းနောက်ဆက်တွဲကျား/မရေးရာရှုဒေါင့်ဆိုင်ရာအစီရင်ခံစာ -**

ပြည်သူ့အင်အားဦးစီးဌာန၊အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကထုတ်ဝေထားပြီးကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကပံ့ပိုးကူညီသည်။


**ရှန်းမထွက်သာအစဉ်အလာ၊ယဉ်ကျေးမှုစံနှုန်း၊လူမှုရေးအလေ့အထများနှင့်ကျား/မတန်းတူညီမျှရေး -**

ကျား/မတန်းတူညီမျှရေးကွန်ရက်က၂၀၁၅ခုနှစ်တွင်ထုတ်ဝေထားသည့်လူမှုရေးစံနှုန်းသုတေသနကကဏ္ဍစုံအတွက်အရည်အသွေးအခြေပြုအချက်အလက်များပံ့ပိုးပေးထားသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ -**

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကလေ့လာမှုစစ်တမ်းများဆောင်ရွက်နေကြသည်။ဥပမာ-တရားမျှတမှု၊
မြေယာလက်ဝယ်ပိုင်ဆိုင်ခွင့်၊နိုင်ငံရေးပါတီများ၏အချက်အလက်စာအုပ်များ၊တရားဥပဒေစိုးမိုးရေးနှင့်တရားရေးကဏ္ဍအားလက်လှမ်းမှီရေးလုပ်ငန်းလမ်းပြမြေပုံ၊ကျေးလက်ခေါင်းဆောင်မှုနှင့်အဖွဲ့အစည်းဆိုင်ရာလေ့လာဆန်းစစ်မှုစသည်တို့ပါဝင်သည်။ **(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၃)**

## ၂.၁၀အမျိုးသမီးနှင့်မီဒီယာ




(၁၀) အမျိုးသမီးများနှင့် မီဒီယာ

**ရည်ရွယ်ချက်၊ဦးတည်ချက်နှင့်လုပ်ငန်းစဉ်များ**

**အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက်** -

အမျိုးသမီးများနှင့်အမျိုးသမီးငယ်ရွယ်များ၏အခွင့်အရေးများ၊ရပိုင်ခွင့်များနှင့်၎င်းတို့၏လူမှုအဖွဲ့အစည်းအတွက်အကျိုးပြုမှုများနှင့်ပါဝင်ဆောင်ရွက်နေမှုများကိုပြည်သူလူထုတစ်ရပ်လုံးမှကောင်းစွာသိရှိနားလည်သဘောပေါက်၍အမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးနိုင်သောလူထုဆက်သွယ်ရေးနည်းစနစ်များ၊ဖွဲ့စည်းပုံများနှင့်လုပ်ထုံးလုပ်နည်းများပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်-**

သီးသန့်ဦးတည်ချက်ပြဌာန်းထားခြင်းမရှိသော်လည်းအမျိုးသမီးစွမ်းပကားမြင့်မားခြင်းကိုတိုးမြင့်စေရန်မြင့်မားလာသည့်နည်းပညာများအသုံးပြုမှုတိုးမြှင့်ရေးအထူးသဖြင့်သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများသည်၎င်းနေရာတွင်လိုက်လျောညီထွေမှုရှိသည်ဟုယူဆနိုင်သည်။

**ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများ/ လုပ်ငန်းစဉ်များ** - မီဒီယာဥပဒေ

**ဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ**

**ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း**

ဆောင်ရွက်နေသည့်လုပ်ငန်းလမ်းပြမြေပုံတွင်မည်သည့်လှုပ်ရှားဆောင်ရွက်မှုမှမတွေ့ရပါ။

**အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား** -CEDAWအပါအဝင်

အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် စာချုပ်များအား ထုတ်လွှင့်ပြသလျက်ရှိပါသည်။ ၎င်းတို့က အမျိုးသမီးအခွင့်အရေးများ၊ ကျား/မ ရေးရာ၊ အမျိုးသားများ၏ ပါဝင်မှုနှင့်

အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုတို့အပေါ် လူထုမီဒီယာ လှုပ်ရှားမှုများလည်း ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား** - အပတ်စဉ်ထုတ်လွှင့်သည့် "*မေတို့ရေးရာသိမှတ်စရာ*"ရေဒီယိုအစီအစဉ်က ဘဝလူနေမှုနယ်ပယ်အစုံမှ ထူးချွန်ထက်မြက်သည့်အမျိုးသမီးများအား တွေ့ဆုံမေးမြန်း၍ ၎င်းတို့၏ အောင်မြင်မှုများနှင့် လူမှုအဖွဲ့အစည်းအပေါ် အကျိုးပြုဆောင်ရွက်မှုများကို ထုတ်လွှင့်ပေးနေခြင်း ဖြစ်သည်။

**ပျိုးပင်** - တရားမျှတမှုနှင့် ဥပဒေစိုးမိုးရေး တီဗွီဇာတ်လမ်းတွဲအစီအစဉ်အား ပံ့ပိုးကူညီပေးနေသည့်"နေရယ်၊ လရယ်၊ အမှန်တရားရယ်" တီဗွီဇာတ်လမ်းတွဲက လူမှုအဖွဲ့အစည်းတစ်ခုအတွင်း ဖြစ်ပေါ်နေသည့် ကျား/မအခြေပြုအကြမ်းဖက်မှု အပါအဝင် တရားရေးရာပြဿနာများအား ခုခံဖော်ပြထားပါသည်။

## အသိပညာပေးခြင်း

**မြန်မာ့အသံနှင့် ရုပ်မြင်သံကြား**-ကျား/မရေးရာထပ်တလဲလဲဖြစ်ပေါ်နေမှုများနှင့် အမျိုးသမီးများ အပေါ်ခွဲခြားဆက်ဆံခြင်းကို ဆန့်ကျင်ခြင်းနှင့် အမျိုးသမီးများအား မီဒီယာတွင် အပြုသဘောဆောင်ဖော်ပြမှုများကို အားပေးရေး အသိပညာပေးအစီအစဉ်များ ထုတ်လွှင့်လျက်ရှိပါသည်။

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**ကျား/မရေးရာနှင့် မီဒီယာ** - ဖိုယိုမီဒီယာအဖွဲ့က*မြန်မာ့မီဒီယာလောကတွင် ကျား/မရေးရာ အခြေအနေ လေ့လာမှု (၂၀၁၅) ကို* ပြုစုထုတ်ဝေထားသည်။ ထိုအစီရင်ခံစာကို ဆွီဒင်သံရုံးက ပံ့ပိုးပေးထားပြီး မီဒီယာကဏ္ဍတွင် အမျိုးသမီးများ၏ အနေအထား၊ ၎င်းတို့၏ အခန်းကဏ္ဍ၊ ကွန်ရက်များနှင့် အခြားအဖွဲ့အစည်းများတွင် ကိုယ်စားပြုမှုကဲ့သို့ မီဒီယာကဏ္ဍတွင် အမျိုးသမီးများ၏ ပုံရိပ်များကို ဆန်းစစ်ထားပြီး အမျိုးသမီးများအတွက် အကျိုးရှိစေသည်။

## ၂.၁၁အမျိုးသမီးနှင့်သဘာဝပတ်ဝန်းကျင်



(၁၁) အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်

## ရည်ရွယ်ချက်၊ဦးတည်ချက်နှင့်လုပ်ငန်းစဉ်များ

**အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက်** -

သဘာဝအရင်းအမြစ်များအားစီမံခန့်ခွဲမှုပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှု၊ရာသီဥတုပြောင်းလဲလာမှုနှင့်လိုက်လျောညီထွေဖြစ်အောင်တုန့်ပြန်ဆောင်ရွက်ခြင်းတို့တွင်အမျိုးသမီးများထိရောက်စွာပါဝင်နိုင်သည့်စနစ်များ၊ဖွဲ့စည်းပုံများနှင့်လုပ်ထုံးလုပ်နည်းများပိုမိုအားကောင်းလာစေရန်၊

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်:**

သီးခြားဦးတည်ချက်ပြဋ္ဌာန်းထားခြင်းမရှိပါ။

**အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ**သီးသန့်အကြံပြုချက်မရှိပါ။

**ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒများနှင့်လုပ်ငန်းစဉ်များ:**

မြန်မာအမျိုးသားအဆင့်သဘာဝပတ်ဝန်းကျင်မူဝါဒ၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ အမျိုးသားအဆင့် မြေယာအသုံးချရေးမူဝါဒ။

### ဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ

**ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း**

**သဘာဝပတ်ဝန်းကျင်ကဏ္ဍလုပ်ငန်းအဖွဲ့**-သစ်တောကဏ္ဍ၊ဇီဝမျိုးကွဲများ၊ကုန်းမြေနှင့်ရေထု၊ရေသယံဇာတများနှင့်ရာသီဥတုပြောင်းလဲမှုနှင်

့သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတများစီမံခန့်ခွဲရေးကိုအဓိကထားဆောင်ရွက်ပြီးအသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖူလုံရေး၊နေထိုင်ရန်နေရာ၊ရေ၊ပညာရေး၊သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့်ကာကွယ်စောင့်ရှောက်ရေး(မြေယာလက်ဝယ်ပိုင်ဆိုင်ခွင့်နှင့်ကျား/မရေးရာ) တို့အပေါ်အကျိုးသက်ရောက်မှုရှိသည့်သဘာဝပတ်ဝန်းကျင်၏ကဏ္ဍဆက်စပ်သဘောတရားများကိုလည်းထည့်သွင်းဆွေးနွေးသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကရပ်ရွာသစ်တောဥပဒေ၊ မြေယာအသုံးချရေးမူဝါဒနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒတို့အပေါ်အသိပညာပေးဆွေးနွေးလျက်ရှိပါသည်။ (ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၄)

## အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ကျား/မတန်းတူညီမျှရေးအတွက်လုပ်ငန်းများသတ်မှတ်ခြင်းနှင့်မျှဝေဆောင်ရွက်ခြင်း - တောင်ကိုရီးယားနိုင်ငံအစိုးရကလူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်း၍အမျိုးသမီးများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်သဘာဝပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေမှုရှိသည့်ထုတ်ကုန်များထုတ်လုပ်ရေးလုပ်ငန်းများကိုကျား/မတန်းတူညီမျှရေးအတွက်လုပ်ငန်းများသတ်မှတ်ခြင်းနှင့်မျှဝေဆောင်ရွက်ခြင်းအစီအစဉ်မှတဆင့်ပံ့ပိုးကူညီရန်ဆောင်ရွက်လျက်ရှိပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊မွေးမြူရေးဦးစီးဌာန** -

ဦးစီးဌာန၏ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲရေးနှင့်ငါးလုပ်ငန်းပူးပေါင်းစီမံခန့်ခွဲရေးတွင်ဂေဟစနစ်ချဉ်းကပ်နည်းအသုံးပြုရေးမဟာဗျူဟာစီမံကိန်းတွင်အမျိုးသမီးများ၏အခန်းကဏ္ဍမှာတိုးမြှင့်ပါဝင်လာလျက်ရှိသည်။

**နေရောင်ခြည်စွမ်းအင်သုံးစီမံချက်** -

မြန်မာအမျိုးသမီးနှင့်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းကအိန္ဒိယနိုင်ငံBarefoot Collegeနှင့်ပူးပေါင်း၍ဆောင်ရွက်လျက်ရှိပါသည်။တစ်နှစ်လျှင်နှစ်ကြိမ်အမျိုးသမီး(၈) ဦးစီရွေးချယ်ပြီးအိန္ဒိယနိုင်ငံBarefoot Collegeသို့စေလွှတ်၍ဆိုလာအင်ဂျင်နီယာပညာရပ်ကို(၆)လသင်ကြားစေပြီးၤင်းတို့၏ဇာတိရပ်ရွာများသို့အိမ်ထောင်စုသုံးဆိုလာစနစ်နည်းပညာများသင်ယူတတ်မြောက်ပြီးပြန်လာကြသည်။လက်ရှိတွင်အမျိုးသမီး(၄၈)ဦးအားလေ့ကျင့်သင်ကြားပေးထားပြီး ၎င်းတို့သည်နေထိုင်ရာရွာများတွင်နေအိမ်သုံးဆိုလာစနစ်များကိုတက်ကြွစွာတပ်ဆင်ပေးလျက်ရှိကြသည်။

## အသိပညာပေးခြင်း

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကအသိပညာပေးသင်တန်းများဆောင်ရွက်နေကြသည်။ဥပမာ-

ရပ်ရွာသစ်တောစီမံချက်၊ပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေး၊သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊သစ်တောများပြုန်းတီးခြင်းနှင့်သစ်တောများယိုယွင်းလာခြင်းတို့မှတဆင့်လေထုညစ်ညမ်းမှုလျှော့ချခြင်းဆောင်ရွက်မှုများအစရှိသည့်လုပ်ဆောင်ချက်များအားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ **(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၄)**

**မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်** -

အမျိုးသမီးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးသင်တန်းများပေးခြင်း

## သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကဒေသတွင်းလေ့လာမှုစစ်တမ်းများဆောင်ရွက်နေကြသည်။ဥပမာ -

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုရေးစီမံခန့်ခွဲမှုမူဘောင်၊ရေရှည်တည်တံ့ခိုင်မြဲသည့်သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေးတွင်အမျိုးသမီးများ၏အခန်းကဏ္ဍစသည်တို့ပါဝင်သည်။

**(ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြ မြေပုံစာ၇၄တွင်အသေးစိတ်ကြည့်ပါ)**

## ၂.၁၂ အမျိုးသမီးငယ်ရွယ်များ




(၁၂) အမျိုးသမီးငယ်ရွယ်များ

**အမျိုးသားအဆင့်စီမံကိန်းပါရည်ရွယ်ချက်** -

အမျိုးသမီးငယ်ရွယ်များ၏ရပိုင်ခွင့်များကိုတိုးမြှင့်ပေးရန်၊ကာကွယ်စောင့်ရှောက်ပေးရန်နှင့်ပြည့်ဝစွာရရှိစေရန်အတွက်စနစ်များ၊ဖွဲ့စည်းပုံများနှင့်လုပ်ထုံးလုပ်နည်းများကိုပိုမိုအားကောင်းလာစေရန်၊

**စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်** -

သီးသန့်ပြဋ္ဌာန်းထားခြင်းမရှိသော်လည်းအမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊အမျိုးသမီးနှင့်ကျန်းမာရေးနှင့်အမျိုးသမီးနှင့်ပညာရေးကဏ္ဍများအောက်တွင်ပါဝင်သည့်ဦးတည်ချက်များနှင့်ကိုက်ညီမှုရှိသည်။( အထက်တွင်ဖော်ပြခဲ့သည့်အခန်းများကိုကြည့်ပါ)

**အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်ပါအကြံပြုချက်များ**အထက်တွင်ဖော်ပြခဲ့သည့်အကြံပြုချက်အများစုကအမျိုးသမီးငယ်ရွယ်များနှင့်လည်းသက်ဆိုင်မှုရှိပါသည်။

**ဆီလျော်သည့်အမျိုးသားအဆင့်မူဝါဒ/လုပ်ငန်းစဉ်များ-**

ကလေးသူငယ်ဥပဒေ၊ရှေးဦးအရွယ်ကလေးသူငယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးရေးမူဝါဒ၊လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒ၊လူငယ်များ၏ကျန်းမာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၅ - ၂၀၁၈)။

**ဆောင်ရွက်ဆဲလုပ်ငန်းနမူနာများ**

**ဘတ်ဂျက်နှင့်မူဝါဒချမှတ်ခြင်း**

**လူမှုဝန်ထမ်းဦးစီးဌာန** -

လူမှုဝန်ထမ်းဦးစီးဌာန၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလူငယ်မူဝါဒကိုကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏အကူအညီဖြင့်ရေးဆွဲလျက်ရှိသည်။

**အကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

**လူမှုဝန်ထမ်းဦးစီးဌာန** -

လူမှုဝန်ထမ်းဦးစီးဌာနကအပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍အမျိုးသမီးငယ်ရွယ်များအတွက်လုပ်ငန်းစီမံချက်အတော်များများကိုဆောင်ရွက်လျက်ရှိသည်။ဥပမာအားဖြင့်-

- Terre des homes ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး၊ကဏ္ဍစုံအရေးပေါ်တုန့်ပြန်မှု၊
- Japan Heart နှင့်ပူးပေါင်း၍မသန်စွမ်းကလေးသူငယ်များပြန်လည်ထူထောင်ရေး၊အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများနှင့်မိသားစုဝင်ငွေရလုပ်ငန်းများ၊
- **The Leprosy Mission Myanmar** နှင့်ပူးပေါင်း၍ကလေးငယ်များအတွက်ရပ်ရွာအ

  ခြေပြုပြန်လည်ထူထောင်ရေးနှင့်လူတိုင်းအကျုံးဝင်ဖွံ့ဖြိုးတိုးတက်မှုအထူးသဖြင့်မသန်စွမ်းမိန်းကလေးငယ်များ၊
- **Plan International** နှင့်ပူးပေါင်း၍ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးမိခင်၊ကလေးနှင့်မွေးကင်းစကျန်းမာရေးနှင့်အာဟာရရေနှင့်တစ်ကိုယ်ရည်သန့်ရှင်းမှု၊ကလေးသူငယ်ကာကွယ်စောင်

  ့ရှောက်ရေး၊ကလေးဗဟိုပြုသဘာဝဘေးအန္တရာယ်လျော့ချရေး၊ကလေးဗဟိုပြုကဏ္ဍစုံအရေးပေါ်တုန့်ပြန်ရေးအစီအစဉ်များ၊
- **Save the Children** နှင့်ပူးပေါင်း၍ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ကလေးသူငယ်အခွင့်အရေးဆိုင်ရာအုပ်ချုပ်ရေး၊ပညာရေး၊အာဟာရနှင့်အသက်မွေးဝမ်းကျောင်းနှင့်ကဏ္ဍစုံအရေးပေါ်တုန့်ပြန်ရေး၊
- **Child Fund Myanmar** နှင့်ပူးပေါင်း၍ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်ကလေးဗဟိုပြုဖွံ့ဖြိုးတိုးတက်ရေး၊
- **Latter-Day Saints Charity** နှင့်**Community Development Assistants** တို့နှင့်ပူးပေါင်း၍မသန်စွမ်းသူများနှင့်မိဘမဲ့ကလေးများအတွက်လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးရေးနှင့်သန့်ရှင်းသည့်သောက်သုံးရေးရရှိရေး၊

- **World Vision** နှင့်ပူးပေါင်း၍ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ရပ်ရွာအခြေပြုရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး၊မသန်စွမ်းသူများအတွက်ရပ်ရွာအခြေပြုပြန်လည်ထူထောင်ရေး၊လူကုန်ကူးခံရသူများပြန်လည်လက်ခံရေးနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေး၊ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးနှင့်သဘာဝဘေးအန္တရာယ်**တုန့်**ပြန်ပြန်ရေး၊

**လူမှုဝန်ထမ်းဦးစီးဌာန** - အမျိုးသမီးနှင့်မိန်းကလေးများအတွက်အသက်မွေးအတတ်ပညာသင်ကျောင်း၄ကျောင်းကိုရန်ကုန်၊မန္တလေး၊မြိတ်နှင့်ကျိုင်းတုံတို့တွင်ဖွင့်လှစ်ထားပါသည်။ကျောင်းများတွင်ကလေးသူငယ်တရားရုံးများမှပို့လာသည့်အသက် (၁၂) နှစ်နှင့်အထက်မိန်းကလေးများ၊ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေအရပို့လာသည့်အသက် (၁၆)နှစ်မှ (၁၈)နှစ်အကြားအမျိုးသမီးငယ်များနှင့်လူကုန်ကူးခံရသူအမျိုးသမီးများအတွက်စက်ချုပ်၊ဇာထိုးပန်းထိုး၊သိုးမွေးနှင့်အထည်အလိပ်သင်တန်းများသင်ကြားပို့ချပေးလျက်ရှိပါသည်။

**ကျောင်းမနေနိုင်သည့်ကလေးများအတွက်ကနဦးဆောင်ရွက်ချက်** - ပညာရေးဝန်ကြီးဌာနကကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့်UNESCOစာရင်းအင်းအချက်အလက်ဌာနတို့နှင့်ပူးပေါင်း၍ဆောင်ရွက်ပြီးGlobal Partnership for Educationအဖွဲ့ကငွေကြေးထောက်ပံ့သည်။

**ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်** - ပညာရေးဝန်ကြီးဌာန၊မြန်မာစာပေရင်းမြစ်ဌာနကတာဝန်ယူဆောင်ရွက်ပြီးကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့်အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများအပြင်ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများဖြင့်မိတ်ဘက်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ဤအစီအစဉ်ကကျောင်းထွက်ထားသည့်ကလေးငယ်များအားကျောင်းပြန်လည်အပ်နှံရေးအခွင့်အလမ်းရရှိစေရန်နှင့်၎င်းတို့၏ပညာရေးဆက်လက်သင်ကြားနိုင်ရန်ရည်ရွယ်ခြင်းဖြစ်ပြီးရန်ကုန်၊ကချင်၊ကယား၊ရခိုင်နှင့်မွန်တို့တွင်စင်တာ(၁၁)ခုဖွင့်လှစ်ထားပါသည်။

**ကျောင်းပြင်ပ ပညာရေးအစီအစဉ် -**
ပညာရေးဝန်ကြီးဌာနကမြန်မာကျပ်ငွေ (၁)ဘီလီယံကျသင့်သည့်ကျောင်းပြင်ပ ပညာရေးအစီအစဉ်ကိုပညာမသင်ကြားနိုင်သည့်အခွင့်အရေးမရသည့်ကလေးငယ်များအတွက်ပညာသင်ကြားရန်စီစဉ်ထားသည်။ကာကွယ်စောင့ရှောက်ရန်လိုအပ်သောကလေးများကျောင်းပြင်ပပညာရေးအခွင့်အလမ်းများရရှိရန်ရည်ရွယ်သည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာသိပ္ပံ -**
သင်တန်းကျောင်း(၄)ခုရှိပြီး **(ရန်ကုန်၊မန္တလေး၊မော်လမြိုင်၊တောင်ကြီး)** ယောက်ျားလေးနှင့်မိန်းကလေးများကိုအားကစားပညာရပ်များသင်ကြားလေ့ကျင့်ပေးပြီးၡင်းတို့ကျောင်းပညာရေးဆက်လက်သင်ကြားနိုင်ရန်လည်းအကူအညီပေးသည်။

**ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့်ActionAid-**
ဆယ်ကျော်သက်များပါဝင်သည့်အစီအစဉ်ကိုကချင်၊ကယား၊ကရင်၊ရခိုင်၊မန္တလေး၊မကွေးနှင့်ဧရာဝတီတို့တွင်မိန်းကလေးငယ်များ၏စွမ်းပကားမြင့်မားရေးနှင့်မိန်းကလေးငယ်များ၏ခေါင်းဆောင်မှုအတွက်အဓိကထားဆောင်ရွက်သည်။

**အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့-**
ကလေးလုပ်သားလျှော့နည်းပပျောက်ရေးမြန်မာ့လုပ်ငန်းအစီအစဉ်ကလက်ရှိကာလကလေးလုပ်သားလျှော့နည်းပပျောက်ရေးလုပ်ငန်းများ၏လစ်ဟာချက်များကိုဗဟုသုတအခြေပြုတိုးချဲ့ဆောင်ရွက်မှု၊အသိပညာပေးခြင်းနှင့်ကောင်းမွန်သည့်ဥပဒေပြုခြင်း၊ပြည်ထောင်စုနှင့်ဒေသခံအစိုးရများ၏စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊အလုပ်သမားနှင့်အလုပ်ရှင်အဖွဲ့အစည်းများ၊အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများနှင့်ကလေးလုပ်သားလျှော့နည်းပပျောက်ရေးညှိနှိုင်းဆွေးနွေးခြင်း၊ကွန်ရက်ချိတ်ဆက်ခြင်းနှင့်အသိပညာပေးခြင်းတို့ဆောင်ရွက်နေသည့်အခြားအဓိကပါဝင်ဆောင်ရွက်နေသူများမှတဆင့်ဖော်ထုတ်သိရှိရန်နှင့်ကနဦးဆောင်ရွက်သည့်လူ့အဖွဲ့အစည်းများတွင်ကလေးလုပ်သားလျှော့နည်းပပျောက်ရေးကိုဆောင်ရွက်မှုများပြုလုပ်လျက်ရှိပါသည်။

**ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့-**
လူငယ်သတင်းအချက်အလက်ဌာနများကိုတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင်ဖွင့်လှစ်အကောင်အထည်ဖော်လျက်ရှိပြီးမိန်းကလေးများအတွက်လိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွားသားဆ

က်ခြားကျန်းမာရေးဝန်ဆောင်မှုများပံ့ပိုးပေးပြီးကျား/မအခြေပြုအကြမ်းဖက်မှုများကိုလည်းကြို
တင်ကာကွယ်ဆောင်ရွက်လျက်ရှိပါသည်။

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကမိန်းကလေးငယ်များ၏ခေါင်းဆောင်မှုကလေးသူငယ်
ကာကွယ်စောင်
့ရှောက်ရေးနှင့်ကလေးသူငယ်အခွင့်အရေးများအတွက်လုပ်ငန်းစီမံချက်များဆောင်ရွက်လျက်ရှိ
ပါသည်။ (ကျား/မတန်းတူညီမျှရေးကွန်ရက်-
အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြမြေပုံစာ၇၄)

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်**
-

အမျိုးသမီးများနှင့်မိန်းကလေးငယ်များအတွက်မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးဝန်ဆေ
ာင်မှုများပံ့ပိုးပေးသည်
့အပြင်မိန်းကလေးများကျောင်းထွက်နှုန်းလျော့နည်းရေးလည်းဆောင်ရွက်လျက်ရှိပါသည်။

## အသိပညာပေးခြင်း

**အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့** -
ကလေးလုပ်သားဆိုင်ရာအသိပညာနှင့်ဗဟုသုတများတိုးမြှင့်ပေးခြင်း

**ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့** -
မိန်းကလေးငယ်များအတွက်လိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးဝန်ဆေ
ာင်မှုများဆိုင်ရာအသိပညာဗဟုသုတများတိုးမြှင့်ပေးခြင်းနှင့်ကျား/မအ
ခြေပြုအကြမ်းဖက်မှုကိုကြိုတင်ကာကွယ်ခြင်း

**အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ** -

အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများကအသိပညာပေးလှုပ်ရှားမှုများ၊အသင်တန်းများဆောင်ရွ
က်နေကြသည်။ဥပမာ-
ခေါင်းဆောင်မှုနှင့်မိန်းကလေးငယ်အခွင့်အရေးများ၊မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးအ
သိပညာများ၊ဆယ်ကျော်သက်မိန်းကလေးများအတွက်အကူအညီများစသည်တို့ပါဝင်သည်။

**(**ကျား/မတန်းတူညီမျှရေးကွန်ရက်-အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်လုပ်ငန်းလမ်းပြ မြေပုံစာ၇၄**)**

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် -**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကလိင်ပိုင်းဆိုင်ရာနှင့်မျိုးဆက်ပွားသား ဆက်ခြားကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကမိန်းကလေးနှင့်အမျိုးသမီးငယ်ရွယ်များအတွက်လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

**သုတေသနပြုလုပ်ခြင်းနှင့်စစ်တမ်းကောက်ယူခြင်း**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် ဗဟိုစာရင်းအင်းအဖွဲ့ -** အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့နှင့် ပူးပေါင်း၍ ၂၀၁၅ခုနှစ် မြန်မာ့လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် စာသင်ကျောင်းမှ လုပ်ငန်းခွင်သို့ကူးပြောင်းခြင်းဆိုင်ရာစစ်တမ်း

**ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့**: ကဏ္ဍအလိုက် ညွှန်းကိန်းစုံ စစ်တမ်း

## ၃နိဂုံးချုပ်

ဤအစီရင်ခံစာတွင်လူမှုဝန်ထမ်းဦးစီးဌာန၊ကုလသမဂ္ဂနှင့်အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ
ကဆောင်ရွက်ထားပြီးဖြစ်သည့်လုပ်ငန်းလမ်းပြ
မြေပုံဆောင်ရွက်ချက်များမှရရှိသည့်သတင်းအချက်အလက်များကိုအနှစ်ချုပ်အားဖြင့်တင်ပြထ
ားပါသည်။အဆိုပါဆောင်ရွက်ချက်များသည်နည်းလမ်းအမျိုးမျိုးကိုအသုံးပြုထားကာအချိန်အ
မျိုးမျိုးတွင်အဆင့်စုံအချက်အလက်များကောက်ယူထားခြင်းဖြစ်ပါသည်။ထို့ကြောင့်ဤအစီရင်
ခံစာကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအော
က်တွင်မည်သည့်အဖွဲ့ကမည်သည်တို့ကိုဆောင်ရွက်နေကြောင်းပြည်
့စုံစွာဖော်ပြထားသည့်စာတမ်းတစ်ခုမဟုတ်သော်လည်းလက်ရှိတွင်အရင်းအမြစ်များကိုမည်သို့
အသုံးချနေသည်၊အမျိုးသားစီမံကိန်း၏မည်သည့်ကဏ္ဍတွင်အရှိန်အဟုန်ကောင်းကောင်းဖြင့်
လုပ်ငန်းဆောင်ရွက်မှုရှိနေသည်၊မည်သည့်နေရာများတွင်လစ်ဟာချက်များဖြစ်ပေါ်နေသည်တို့
ကိုညွှန်ပြထားသည့်စာတမ်းတစ်စောင်သာဖြစ်ပါသည်။အစီရင်ခံစာကအမျိုးသမီးများဖွံ့ဖြိုးတိုး
တက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ
နှင့် CEDAW အကြံပြုချက်များနှင့်မည်သို့ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်းဖော်ပြပါရှိသည်။
အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုအကောင်
အထည်ဖော်ဆောင်ရွက်မှုလုံးဝမရှိဟုအတော်များများကမှတ်ယူနေကြပါသည်။အဖွဲ့အစည်းဆို
င်ရာစီစဉ်မှုနှင့်လုပ်ငန်းလည်ပတ်ရန်အစီအစဉ်ချမှတ်ထားခြင်းမရှိသော်လည်းအမျိုးသမီးများဖွံ
့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း၏အောက်တွင်အကျုံးဝင်သည့်
လုပ်ငန်းဆောင်ရွက်မှုအ
မြောက်အမြားရှိနေပါသည်။သို့သော်အဆိုပါလုပ်ငန်းများသည်လက်ရှိတွင်အမျိုးသမီးများဖွံ့ဖြိုး
တိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကြောင့်ဆောင်ရွက်နေခြင်းမျိုးမဟု
တ်ခြင်းသို့မဟုတ်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံ
ကိန်းစီစဉ်ရေးနှင့်စောင်
့ကြည့်ကြီးကြပ်ရေးမူဘောင်အောက်တွင်ဝန်ကြီးဌာနနှင့်အခြားမိတ်ဘက်အဖွဲ့အစည်းများကအ
စီရင်ခံခြင်းမရှိခြင်း(သို့မဟုတ်)၎င်းလုပ်ငန်းဆောင်ရွက်ချက်များသည်အမျိုးသမီးများဖွံ့ဖြိုးတိုး
တက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်ချိတ်ဆက်မှုမရှိဟုထင်မှတ်နေခြင်း

တို့ဖြစ်ပေါ်နေပါသည်။ဆက်စပ်ဝန်ကြီးဌာနများ၏မဟာဗျူဟာများနှင့်လုပ်ငန်းစဉ်များတွင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုလိုက်လျောညီထွေစွာထည့်သွင်းစဉ်းစားဆောင်ရွက်နေခြင်းအနည်းငယ်သာတွေ့ရသည်။

**အစိုးရ၏အကောင်အထည်ဖော်မှုများတွင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုမောင်းနှင်အားတစ်ရပ်အဖြစ်အသုံးပြုခြင်း**

ဤအစီရင်ခံစာတွင်အသေးစိတ်ဖော်ပြထားသည့်လုပ်ငန်းများသည်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကြောင့်ဆောင်ရွက်နေကြခြင်းမဟုတ်ခြင်းသို့မဟုတ်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းလုပ်ငန်းဆောင်ရွက်ရေးအစီအစဉ်အရစောင့်ကြည့်လေ့လာရေးနှင့်အကဲဖြတ်သုံးသပ်ရေးမူဘောင်အရဆောင်ရွက်နေကြခြင်းမဟုတ်သော်လည်းဎင်းလုပ်ဆောင်ချက်အားလုံးကိုမဟာဗျူဟာစီမံကိန်းမှလွှမ်းမိုးမှုရှိကြောင်းထင်ရှားသည်။ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများကကောင်းစွာလှုပ်ရှားဆောင်ရွက်မှုရှိကြပြီးအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်ဆက်စပ်သည့်လုပ်ငန်းများကိုတွင်ကျယ်စွာဆောင်ရွက်နေကြသည်။ကျား/မရေးရာကိစ္စများနှင့်ပတ်သက်သောတိုက်တွန်းနှိုးဆော်စည်းရုံးခြင်း၊အသိပညာပေးအစီအစဉ်များလည်းလှုပ်ရှားနေကြသည်။ LIFT, 3MDG Fund နှင့် Joint Peace Fund ကဲ့သို့သောအလှူရှင်အများအပြားပါဝင်သည့်အလှူရှင်အဖွဲ့အစည်းကြီးများကဎင်းတို့၏လုပ်ငန်းများဒီဇိုင်းရေးဆွဲခြင်းနှင့်အဖွဲ့အစည်းအတွင်းမူဝါဒများချမှတ်ရာတွင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုအကိုးအကားအဖြစ်အသုံးပြုကြသည်။ဤဆောင်ရွက်ချက်ကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်လွန်စွာဆက်နွယ်မှုရှိပြီးလုပ်ငန်းကဏ္ဍ(၁၂)ရပ်လုံးအတွင်းဖြန့်ကျက်ဆောင်ရွက်နိုင်သည့်လုပ်ငန်းလည်းဖြစ်သည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်ပတ်သက်မှုရှိပြီးဆောင်ရွက်နေသည့်လုပ်ငန်းအများအပြားရှိပြီးအများစုကစီမံကိန်းမူဘောင်အောက်တွင်တိုက်ရိုက်ဆောင်ရွက်နေကြခြင်းမဟုတ်ပေ။ဥပမာ-

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကအသက်မွေးဝမ်းကျော
င်း၊လူမှုကာကွယ်စောင့်
ရှောက်ရေး၊လူငယ်၊လူကုန်ကူးမှု၊သဘာဝဘေးအန္တရာယ်လျော့ပါးရေး၊ရွှေ့
ပြောင်းနေထိုင်သူများပြန်လည်နေရာချထားရေးလုပ်ငန်းစီမံချက်အများအပြားကိုဆောင်ရွက်ေ
သော်လည်း၎င်းလုပ်ငန်းများကိုအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မ
ဟာဗျူဟာစီမံကိန်း၏ဦးစားပေးလုပ်ငန်းများအရတိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နေခြင်းမဟု
တ်ကြောင်းတွေ့ရသည်။အစိုးရဝန်ကြီးဌာနများနှင့်ဦးစီးဌာနများအတွင်းအဓိကဆောင်ရွက်ရန်မှ
ာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုအခြားဆီေ
လျော်သည့်အမျိုးသားအဆင့်လုပ်ငန်းစဉ်များနှင့်မဟာဗျူဟာများနှင့်ချိတ်ဆက်ရန်ဖြစ်သည်။ဥပမ
ာ- အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၇-
၂၀၂၁)၊မျိုးဆက်ပွားသားဆက်ခြားကျန်းမာရေးငါးနှစ်မဟာဗျူဟာစီမံကိန်း(၂၀၁၄-
၂၀၁၈)၊အမျိုးသားပညာရေးကဏ္ဍအစီအစဉ်(၂၀၁၆-
၂၀၂၂)၊သဘာဝဘေးအန္တရာယ်လျော့ပါးရေးမဟာဗျူဟာမူဘောင်နှင့်လုပ်ငန်းစဉ်(၂၀၁၄-
၂၀၁၈)၊တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်တို့ဖြစ်သည်။အခြားဆက်စပ်ဝန်
ကြီးဌာနများအား၎င်းတို့၏လုပ်ငန်းစဉ်များနှင့်ဗျူဟာများတွင်
(CEDAW၊အပြည်ပြည်ဆိုင်ရာပုံမှန်လေ့လာမှုစာတမ်းနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ
နှင့်အာဆီယံဒေသတွင်းကတိကဝတ်များအပါအဝင်)
အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်ချိတ်ဆက်
၍လုပ်ငန်းများဆောင်ရွက်နိုင်ရေးတွန်းအားပေးရန်မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာေ
ကာ်မတီကအဓိကကျသည့်အခန်းကဏ္ဍတွင်ပါဝင်သည်။စီမံကိန်းနှင့်ဘဏ္ဍာရေး
ဝန်ကြီးဌာန၊ဗဟိုစာရင်းအင်းအဖွဲ့မှဦးဆောင်ကျင်းပမည့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ
ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအ
မျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်ဆက်စပ်မှုရှိသည့်ဦးစားပေးလုပ်ငန်းများနှင့်ညွှန်းကိန်းမျ
ားကိုဦးစီးဌာနတွင်းလုပ်ငန်းစဉ်များတွင်ထည့်
သွင်းဆောင်ရွက်ရန်အထောက်အကူပြုမည့်အခွင့်အရေးတစ်ရပ်ဖြစ်သည်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအတွက်အဓိကစိန်ခေါ်မှုများအနက်တစ်ခုမှာရှုပ်ထွေးပြီးအခြားဝန်ကြီးဌာနများနှင့်ပူးပေါင်းဆောင်ရွက်ရမည့်စီမံကိန်းတစ်ရပ်ကိုအကောင်အထည်ဖော်ရန်အတွက်ဘဏ္ဍာရေးနှင့်နည်းပညာရင်းမြစ်များမရှိခြင်းဖြစ်သည်။လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရေးအတွက်အဓိကတာဝန်ယူဆောင်ရွက်ရမည့်ဝန်ကြီးဌာနဖြစ်သော်လည်း(၂၀၁၄-၂၀၁၅) ခုနှစ်ဘဏ္ဍာရေးနှစ်အတွက်အစိုးရဘတ်ဂျက်၏(၀.၁)ရာခိုင်နှုန်းသာရရှိသည်။လူမှုဝန်ထမ်းဦးစီးဌာနတွင်ဌာနခွဲ(၅)

ခုရှိပြီးအမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး၊အပြည်ပြည်ဆိုင်ရာဆက်ဆံရေး၊ကလေးနှင့်လူငယ်၊ပြန်လည်ထူထောင်ရေးနှင့်စီမံ/ဘဏ္ဍာဌာနခွဲတို့ဖြစ်သည်။အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲသည်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုမြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ၏လမ်းညွှန်ချက်များအရအကောင်အထည်ဖော်ရန်တာဝန်ရှိသည်။၂၀၁၅ခုနှစ်တွင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲကဦးစီးဌာနဘတ်ဂျက်၏(၁၀)ရာခိုင်နှုန်းသာရရှိသည်။ဌာနခွဲသည်ပြဿနာများအားတုန့်ပြန်

ဆောင်ရွက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဘက်အဖွဲ့အစည်းများကကမ်းလှမ်းလာသည့်အကူအညီများအရလုပ်ငန်းများကိုမနိုင်မနင်းထမ်းဆောင်နေရကြောင်းတွေ့ရသည်။အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲတွင်ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်သို့မဟုတ်မြို့နယ်အဆင့်၌ဝန်ထမ်းများမရှိဘဲထိုအဆင့်များတွင်လုပ်ငန်းဆောင်ရွက်ရန်၎င်းတို့ကဲ့သို့တာဝန်များမနိုင်မနင်းထမ်းဆောင်နေရသည့်အခြားဌာနခွဲများကဝန်ထမ်းများကိုသာအားထားနေရသည်။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကိုမောင်းနှင်အားတစ်ရပ်အဖြစ်အသုံးပြုနိုင်ရန်အစိုးရ၏အဆင့်မြင့်အရာရှိများထံမှ

အကူအညီများလိုအပ်သည်။ထို့အပြင်ရှုပ်ထွေးပြီးအခြားဝန်ကြီးဌာနများကပါဝင်ဆောင်ရွက်ရန်လိုအပ်သည့်ဤစီမံကိန်းကြီးကိုဦးဆောင်ရန်၊စောင့်ကြည့်လေ့လာရန်၊အစီရင်ခံနိုင်ရန်လူမှုဝန်ထမ်းဦးစီးဌာနအားရေရှည်များပြားသည့်နည်းပညာအကူအညီများပံ့ပိုးပေးရန်လိုအပ်သည်။

### ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ဤအစီရင်ခံစာအရအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်ရန်အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့များ၊ကုလသမဂ္ဂနှင့်အလှူရှင်အဖွဲ့အစည်းများတွင်သိသာသည့်အကူအညီနှင့်ကူညီဆောင်ရွက်လိုစိတ်ရှိကြောင်းထင်ရှားသည်။အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည်စီမံကိန်းအပေါ် စုစုစည်းစည်းနှင့်လှုပ်ရှားမှုများရှိနေပြီးစီမံကိန်း၏ညှိနှိုင်းဆောင်ရွက်ရေး၊အသိပညာပေးရေးနှင့်အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့တွင်မိတ်ဘက်အဖွဲ့အစည်းများအဖြစ်ပူးပေါင်းပါဝင်လိုစိတ်ကောင်းစွာရှိကြောင်းတွေ့ရသည်။အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများအတွင်းတွေ့ရသည့်သိသာသောနည်းပညာကျွမ်းကျင်မှုများကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းမြှင့်တင်ရေးနှင့်အကောင်အထည်ဖော်ရေးအတွက်ထိရောက်မှုတစ်ခုဖြစ်ကြောင်းလည်းတွေ့ရသည်။အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများသည်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်းလုပ်ငန်းဆောင်ရွက်ရန်ကောင်းစွာလက်လှမ်းမှီမှုရှိကြောင်းတွေ့ရသည်။မူဝါဒချမှတ်သည့်အဆင့်တွင်ကျား/မတန်းတူညီမျှရေးကွန်ရက်နှင့်အမျိုးသမီးအဖွဲ့အစည်းများကွန်ရက်တို့ကမြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီတွင်အဖွဲ့ဝင်များအဖြစ်ကိုယ်စားပြုပါဝင်နေကြသည်။

အလှူရှင်အဖွဲ့အစည်းများကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း၊CEDAWနှင့်အပြည်ပြည်ဆိုင်ရာပုံမှန်လေ့လာမှုစာတမ်းနှင့်ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်အမှတ်၁၃၂၅တို့၏ရှုထောင့်စုံတွင်လုပ်ငန်းများဆောင်ရွက်နေကြပြီးနည်းပညာနှင့်လုပ်ငန်းပိုင်းဆိုင်ရာအကူအညီများပံ့ပိုးပေးလျက်ရှိပါသည်။အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများကလည်းအလားတူပင်အမျိုးသမီးများစီးပွားရေးစွမ်းဆောင်ရည်မြင့်မားရေး၊အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊အမျိုးသမီးများတရားဥပဒေလက်လှမ်းမှီမှု၊အမျိုးသမီးများခေါင်းဆောင်မှု၊ကျား/မရေးရာကိုလည်းထည့်သွင်းစဉ်းစားထားသည့်ဘတ်ဂျက်၊နိုင်ငံရေးကဏ္ဍအတွင်းမှအမျိုးသမီးများနှင့်အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအပါအဝင်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်ဆက်စပ်မှုရှိသည့်လုပ်ငန်းအတော်များများကိုပံ့ပိုးကူညီနေကြသည်။သို့ရာတွင်လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရာတွင်ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်ပွင့်လင်းမြင်သာစွာလုပ်ဆောင်ရန်အတွက်အထူးလိုအပ်သည်။သို့မှသာယခုဖြစ်ပွားလျက်ရှိသောလုပ်ဆောင်ချက်များလုပ်ဆောင်ရာတွင်တူညီ

ဝေလုပ်ဆောင်ချက်များအားထပ်တလဲလဲလုပ်ဆောင်နေကြခြင်း၊လုပ်ဆောင်ချက်များတစ်စုတစ်စည်းတည်းမရှိပဲတကွဲတပြားစီဖြစ်ခြင်းကြောင့်ဌာနရှိအရင်းအမြစ်များမှ
မနိုင်ဝန်ထမ်းနေရသည့်အတွက်ဝန်ပိစေခြင်းတို့ကိုဆက်လက်မဖြစ်ပေါ်စေရန်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းပြဋ္ဌာန်းစဉ်ကတည်းကအခြားဆက်စပ်မှုရှိသည့်ကျား/မရေးရာကတိကဝတ်များနှင့်လုပ်ငန်းအစီအစဉ်များကလည်းအစိုးရ၊အရပ်ဘက်အဖွဲ့အစည်းများနှင့်အလှူရှင်များ၏အချိန်နှင့်အရင်းအမြစ်များကိုရရှိနိုင်ရန်အပြိုင်အဆိုင်ကြိုးစားလာကြသည်။အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကဤလုပ်ငန်းများအားလုံးကိုညှိနှိုင်းရေးအကူအညီပေးနိုင်သည့်မူဘောင်တစ်ရပ်ကိုပံ့ပိုးပေးနိုင်ရန်အလားအလာရှိသော်လည်းဤလုပ်ငန်းများအားလုံးသည်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်သဘောတရားအရဖြစ်စေ၊လက်တွေ့အရဖြစ်စေချိတ်ဆက်ဆောင်ရွက်နေခြင်းမရှိသေးပါ။

လုပ်ငန်းများတွင်ကုလသမဂ္ဂCEDAWကော်မတီအကြံပြုချက်များ၊စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅၊အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးလုပ်ငန်းများ၊အာဆီယံအမျိုးသမီးရေးရာကော်မတီနှင့်အာဆီယံအမျိုးသမီးနှင့်
ကလေးသူငယ်အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးနှင့်မြှင့်တင်ရေးကော်မရှင်ဆိုင်ရာကတိကဝတ်များ၊ပဋိပက္ခများအတွင်းလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအဆုံးသတ်ရေးကတိကဝတ်များကြေငြာစာတမ်းနှင့်အပြည်ပြည်ဆိုင်ရာပုံမှန်လေ့လာမှုစစ်တမ်းပါအကြံပြုချက်များလည်းပါဝင်သည်။အဖွဲ့အစည်းအစုံကချမှတ်ထားသည့်အကြံပြုချက်များအားလုံးကိုသီးခြားစီအကောင်အထည်ဖော်ရမည်ဆိုပါကမတူညီသည့်အမျိုးသားအဆင့်လုပ်ငန်းစီမံချက်(၇)
ခုရေးဆွဲခြင်းဖြင့်သာအဆုံးသတ်ရမည်ဖြစ်ပါသည်။ရှင်းလင်းသည့်လုပ်ငန်းစီမံချက်တစ်ရပ်၊စောင်
ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းမူဘောင်နှင့်အရင်းအမြစ်ကျခံသုံးစွဲရေးအစီအစဉ်တစ်ရပ်ရှိထားမှသာပြည်ထောင်စုအဆင့်၊တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တို့တွင်လုပ်ငန်းအကောင်အထည်ဖော်မှုကိုအထောက်အကူပြုနိုင်မည်ဖြစ်ပြီးအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆို

င်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအောက်တွင်လုပ်ငန်းများအားညှိနှိုင်းဆောင်ရွက်နိုင်
မည်ဖြစ်သည်။

ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်စဉ်လုပ်ငန်းစီမံချက်တစ်ရပ်ကိုရေးဆွဲပြီးအမျိုးသမီးများဖွံ့ဖြိုးတိုး
တက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း၏နယ်ပယ်အချို့တွင်လုပ်ငန်းများစတင်
လည်ပတ်ဆောင်ရွက်ထားနိုင်သည်။မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာလုပ်ငန်းကော်မ
တီကိုထပ်မံဖွဲ့စည်းမည်ဖြစ်သည်။နည်းပညာကော်မတီသည်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး
ဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းလုပ်ငန်းစီမံချက်ရေးဆွဲခြင်း၊စောင်
့ကြည့်လေ့လာခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းမူဘောင်တစ်ရပ်ချမှတ်ခြင်း၊မူဝါဒနှင့်ဥပဒေများအ
ားပြန်လည်သုံးသပ်ခြင်း၊အခြားအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာစီမံကိန်းနှင့်အညီ
အခြားအမျိုးသားအဆင့်လုပ်ငန်းစဉ်များနှင့်မဟာဗျူဟာများအားဆောင်ရွက်ရန်အဓိကမူဝါဒေ
ရေးရာအဆင့်သတင်းပေးခြင်း၊အသိပညာပေးရာတွင်အသုံးပြုသည့်သင်ခန်းစာများအားပြန်လ
ည်ပြင်ဆင်ရေးဆွဲခြင်းနှင့်ကျား/မရေးရာတာဝန်ခံယူမှုရှိသည့်
့ဘတ်ဂျက်လုပ်ငန်းများကိုဆောင်ရွက်နိုင်မည်ဖြစ်သည်။မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရ
ာကော်မတီသည်လက်ရှိဆောင်ရွက်ဆဲလုပ်ငန်းများအားအရှိန်အဟုန်တိုးမြှင်
့နိုင်ပြီးစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅နှင့်စီဒေါအကြံပြုချက်များနှင့်လိုက်လျောညီေ
ထွမှုရှိသည့်လက်ရှိတွင်သိသာသည့်အရှိန်ရပြီးဖြစ်သောလုပ်ငန်းများသို့မဟုတ်သိသိသာသာအာ
းနည်းနေသည့်လုပ်ငန်းကဏ္ဍများအတွက်လုပ်ငန်းတစ်ခုသို့မဟုတ်လုပ်ငန်းအစုတစ်စုအ
ခြေပြုနည်းပညာလုပ်ငန်းအဖွဲ့များစတင်ဖွဲ့စည်းခြင်းဖြင့်လုပ်ငန်းများရှေ့ဆက်နိုင်သည်။မြန်မာ
နိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီနှင့်ကျား/မတန်းတူညီမျှရေးနှင့်အမျိုးသမီးစွမ်းပ
ကားမြင့်မားရေးလုပ်ငန်းအဖွဲ့သည်အဖွဲ့အစည်းအချင်းချင်းနှင့်ဝန်ကြီးဌာနအချင်းချင်းလုပ်ငန်း
များအပေါ်ချိတ်ဆက်ဆောင်ရွက်မှုတိုးမြှင့်ရန်အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်သည်။ကနဦး
ဆောင်ရွက်ရမည့်လုပ်ငန်းနယ်ပယ်များသတ်မှတ်ထားပြီးဖြစ်သော်လည်းအခွင့်အလမ်းရသည်
နှင့်တစ်ပြိုင်နက်အခြားလုပ်ငန်းစုများအားဖော်ထုတ်သတ်မှတ်နိုင်သည့်
ပြောင်းလွယ်ပြင်လွယ်မှုလည်းရှိရန်လိုသည်။

ဤအစီရင်ခံစာပါတွေ့ရှိချက်များအားအခြေခံ၍အကြံပြုထားသည့်ကနဦးဖွဲ့စည်းရန်လိုအပ်ေ
ဝနည်းပညာလုပ်ငန်းအဖွဲ့များမှာ-

### အမျိုးသမီးနှင့်မိန်းကလေးငယ်များအပေါ်အကြမ်းဖက်မှု-

ဤဦးစားပေးလုပ်ငန်းနှင့်စပ်လျဉ်း၍CEDAW အကြံပြုချက်များစွာရှိပြီးစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅တွင်လည်းအမျိုးသမီးများအပေါ်အကြမ်းဖက်မှုများလျော့နည်းပပျောက်စေရမည်ဟုပါရှိပါသည်။ဤနည်းပညာလုပ်ငန်းအဖွဲ့သည်ရှိရင်းစွဲအောင်မြင်ပြီးဖြစ်သည့်အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းများအားညှိနှိုင်းဆောင်ရွက်ပေးနိုင်ပြီးၾင်းတို့သည်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းအကောင်အထည်ဖော်မှု၊CEDAWအကြံပြုချက်များနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များအစီရင်ခံစာအတွက် အထောက်အကူပြုဆောင်ရွက်နေကြောင်းသေချာစေရမည်။ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏အမျိုးသမီးနှင့်မိန်းကလေးငယ်များအတွက်ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်တွင်အမျိုးသမီးနှင့်မိန်းကလေးငယ်များအပေါ်အကြမ်းဖက်မှုဆိုင်ရာအမျိုးသားအဆင့်လုပ်ငန်းစီမံချက်တစ်ရပ်ရေးဆွဲရန်ပြဋ္ဌာန်းပါရှိပါသည်။ဤအချက်ကနည်းပညာလုပ်ငန်းအဖွဲ့အတွက်အစီအစဉ်တစ်ရပ်ရေးဆွဲရန်အခွင့်အလမ်းတစ်ခုဖြစ်နေသည့်အတွက်နောက်ထပ်စင်ပြိုင်ဖြစ်စဉ်တစ်ခုနှင့်အစီအစဉ်တစ်ခုမရှိသင့်တော့ကြောင်းအကြံပြုပါသည်။

### အမျိုးသမီးနှင့်ကျန်းမာရေး/ အမျိုးသမီးနှင့်ပညာရေး/ မိန်းကလေးငယ်များ -

အလားတူပင်ကျန်းမာရေးနှင့်ပညာရေးအတွက်CEDAWအကြံပြုချက်အမြောက်အမြားရှိပါသည်။ကျန်းမာရေးနှင့်ကျား/မရေးရာအတွက်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များတွင်ပြဋ္ဌာန်းထားသည့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဦးတည်ချက်များလည်းရှိပါသည်။ဤနည်းပညာလုပ်ငန်းအဖွဲ့သည်အမျိုးသားကျန်းမာရေးစီမံကိန်းနှင့်အမျိုးသားအဆင့်ပညာရေးကဏ္ဍလုပ်ငန်းအစီအစဉ်ကဲ့သို့သောဆောင်ရွက်ဆဲအစီအစဉ်များနှင့်ဗျူဟာများ၏အောင်မြင်သည့်ရလဒ်များကိုအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းနှင့်ချိတ်ဆက်ဆောင်ရွက်သင့်သည်။သီးသန့်အစီအစဉ်များထပ်မံရေးဆွဲခြင်းထက်ဤနည်းပညာလုပ်ငန်းအဖွဲ့ကလက်ရှိကျန်းမာရေးနှင့်ပညာရေးကဏ္ဍလုပ်ငန်းအဖွဲ့များနှင့်၎င်းတို့၏နည်းပညာလုပ်ငန်းအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သင့်သည်။

### အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေး-

ငြိမ်းချမ်းရေးကမြန်မာနိုင်ငံအစိုးရ၏အမျိုးသားဦးစားပေးလုပ်ငန်းဖြစ်ပြီးအမျိုးသမီးများဖွံ့ဖြိုး

တိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း၊CEDAWနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များတွင်အမျိုးသမီးနှင့်ဆိုးဖြတ်ချက်ချမှတ်ရေးကဏ္ဍတစ်ခုအဖြစ်ပါဝင်သည်။အမျိုးသားအဆင့်အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးလုပ်ငန်းစီမံချက်တစ်ရပ်ရေးဆွဲရန်အတွက်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နေသဖြင့်အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သည့်ဆောင်ရွက်ချက်တစ်ရပ်ကိုဤဦးစားပေးလုပ်ငန်းအတွက်ဆောင်ရွက်နိုင်သည်။ဤလုပ်ငန်းကအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းပါအမျိုးသမီးနှင့်အရေးပေါ်အခြေအနေများ၊အမျိုးသမီးနှင့်ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့်နှင့်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့်လုပ်ငန်းယန္တရားတို့နှင့်တိုက်ရိုက်သက်ဆိုင်မှုရှိသည်။လက်ရှိတွင်အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအဓိကအဖွဲ့တစ်ခုဖွဲ့စည်းရန်အစီအစဉ်များစီစဉ်ထားပြီးဖြစ်၍ထိုဆောင်ရွက်ချက်များကနည်းပညာလုပ်ငန်းအဖွဲ့ဖွဲ့စည်းရန်ဖြစ်လာနိုင်သည်။

## အမျိုးသမီးနှင့်စီးပွားရေး/ အမျိုးသမီးနှင့်အသက်မွေးဝမ်းကျောင်း -

အစိုးရအသစ်၏ဦးစားပေးလုပ်ငန်းများမှာအလုပ်အကိုင်ဖန်တီးရေးနှင့်စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်သည်။စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅ပါဦးတည်ချက်များတွင်လစာရသည့်အလုပ်နှင့်လစာမရသည့်အလုပ်များ၏တန်ဖိုးကိုပြည်သူ့ရေးရာဝန်ဆောင်မှုများမှတဆင့်အသိအမှတ်ပြုပေးရန်၊အခြေခံအဆောက်အအုံနှင့်လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒများနှင့်အမျိုးသမီးများအားစီးပွားရေးရင်းမြစ်များတွင်တန်းတူအခွင့်အရေးပေးရန်အတွက်ပြုပြင်ပြောင်းလဲရေးတို့ပါဝင်သည်။CEDAWကအလုပ်အကိုင်နှင့်အလုပ်အကိုင်ဆိုင်ရာအခွင့်အရေးများအတွက်အကြံပြုချက်ပေးထားသည်။လက်ရှိတွင်ဤလုပ်ငန်းကဏ္ဍအတွက်ညှိနှိုင်းဆောင်ရွက်မှုအနည်းငယ်သာရှိကြောင်းတွေ့ရသည်။ထို့အပြင်သီးသန့်စီမံချက်များရေးဆွဲနေမည့်အစားဤနည်းပညာလုပ်ငန်းအဖွဲ့ကလက်ရှိလုပ်ငန်းအဖွဲ့ခွဲများနှင့်၎င်းတို့၏နည်းပညာအဖွဲ့များနှင့်ချိတ်ဆက်ဆောင်ရွက်သင့်သည်။

## အဆိုပြုရှေ့လုပ်ငန်းစဉ်များ

### ၁. အဆင့်မြင့်အဆင့်မူဝါဒရေးရာဦးစားပေးများ၊ဦးတည်ချက်များနှင့်ညွှန်းကိန်းများသတ်မှတ်ခြင်း

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိဗဟိုစာရင်းအင်းအဖွဲ့ကစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅အတွက်အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတစ်ရပ်ကိုကျင်းပရန်စီစဉ်လျက်ရှိပါသည်။ဤအလုပ်ရုံဆွေးနွေးပွဲကစဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များကိုအစိုးရကအောာ

င်မြင်အောင်ဆောင်ရွက်ရာတွင်ဝန်ကြီးဌာနများအတွင်းအဆင့်မြင့်အဆင့်မူဝါဒရေးရာဦးစားပေးများနှင့်ညွှန်းကိန်းများဖော်ထုတ်နိုင်ရန်ရည်ရွယ်သည်။ဤအလုပ်ရုံဆွေးနွေးပွဲကစီဒေါအကြံပြုချက်များနှင့်အာဆီယံကတိကဝတ်များအတွက်အဆင့်မြင့်အဆင့်မူဝါဒရေးရာဦးစားပေးများနှင့်ညွှန်းကိန်းများဖော်ထုတ်နိုင်ရန်လည်းအလားအလာရှိသည်။

## ၂. လုပ်ငန်းလည်ပတ်ရေးအစီအစဉ်

ဤအဆင့်မြင့်အဆင့်မူဝါဒရေးရာဦးစားပေးများနှင့်ညွှန်းကိန်းများကိုသက်ဆိုင်ရာဝန်ကြီးဌာနများကတာဝန်ယူရမည်ဖြစ်ပြီးအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းဆိုင်ရာကုန်ကျစရိတ်ပါထည့်သွင်းရေးဆွဲထားသည့်ငါးနှစ်လုပ်ငန်းစီမံချက်တစ်ရပ်အကောင်အထည်ဖော်ရေးအတွက်အခြေခံအဖြစ်မှတ်ယူနိုင်သည်။မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီ၏ဦးဆောင်မှုဖြင့်အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း၏လုပ်ငန်းလည်ပတ်ရေးစီမံချက်တွင်CEDAWအပြည်ပြည်ဆိုင်ရာပုံမှန်လေ့လာမှုစာတမ်း၊အာဆီယံကတိကဝတ်များ၊စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်အမှတ်၅နှင့်အမျိုးသမီး၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးဆိုင်ရာကတိကဝတ်များကိုထည့်သွင်းရေးဆွဲနိုင်သည်။စေ့င်

့ကြည့်လေ့လာရေး၊အကဲဖြတ်သုံးသပ်ရေးနှင့်သင်ယူရေးမူဘောင်တစ်ရပ်ထားရှိခြင်းဖြင့်ဤလုပ်ငန်းနှင့်ကတိကဝတ်တစ်ခုချင်းစီအတွက်အစီရင်ခံရာတွင်အထောက်အကူဖြစ်စေမည်ဖြစ်သည်။

## ၃. ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာကော်မတီအောက်ရှိနည်းပညာအဖွဲ့များသည်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီးဖွံ့ဖြိုးတိုးတက်ရေးမိတ်ဘက်အဖွဲ့အစည်းများ၏အကူအညီနှင့်ဦးစားပေးလုပ်ငန်းများအပေါ်အစီရင်ခံရမည်ဖြစ်သည်။နည်းပညာလုပ်ငန်းအဖွဲ့များသည်ငါးနှစ်လုပ်ငန်းစီမံချက်အကောင်အထည်ဖော်ရေးနှစ်အလိုက်အစီအစဉ်များရေးဆွဲရန်တာဝန်ရှိသည်။

## နောက်ဆက်တွဲ၁ - တွေ့ဆုံမေးမြန်းခဲ့သူများ

| အမည် | ရာထူး | ဌာန |
|---|---|---|
| မြန်မာနိုင်ငံအစိုးရ | | |
| ဒေါက်တာဝင်းမြတ်အေး | ပြည်ထောင်စုဝန်ကြီး | လူမှုဝန်ထမ်း၊က |

| | | |
|---|---|---|
| ဒေါက်တာစန်းစန်းအေး | ဒုတိယညွှန်ကြားရေးမှူးချုပ် | လူမှုဝန်ထမ်းဦး |
| ဒေါ်နော်သဝါး | ညွှန်ကြားရေးမှူး | အမျိုးသမီးဖွံ့ဖြိ |
| ဒေါ်သန်းသန်းဝင်း | ဒုတိယညွှန်ကြားရေးမှူး | ။ |
| ဒေါ်ယဉ်ယဉ်ပြုံး | ဒုတိယညွှန်ကြားရေးမှူး | ။ |
| ဒေါ်ဖြိုးသုနန္ဒာအောင် | လက်ထောက်ညွှန်ကြားရေးမှူး | ။ |
| ဒေါ်ရီရီရွှေ | လက်ထောက်ညွှန်ကြားရေးမှူး | လူမှုဝန်ထမ်းဦး |
| ဒေါ်အေးအေးသင်း | ဦးစီးအရာရှိ | ။ |
| ဒေါ်ခင်မေဝင်းကျော် | ဦးစီးအရာရှိ | ။ |
| ဦးတေဇာဝင်း | ဦးစီးအရာရှိ | ။ |
| ဒေါ်ရီမွန် | ဦးစီးအရာရှိ | ။ |
| ဒေါက်တာမျိုးကိုကို | လက်ထောက်ဆရာဝန် | ပြည်သူ့ကျန်းမာ |
| ဒေါ်ခင်မျိုးလွင် | လက်ထောက်ညွှန်ကြားရေးမှူး/<br>ကျား/မရေးရာလုပ်ငန်းအဓိကဆောင်ရွက်ပေးမည့်သူ | ပညာရေးသုတေ |
| ဒေါ်ထွေးကြည် | ဒုတိယညွှန်ကြားရေးမှူး/<br>ကျား/မရေးရာလုပ်ငန်းအဓိကဆောင်ရွက်ပေးမည့်သူ | ကယ်ဆယ်ရေး |
| ဒေါ်စိုးစိုးဦး | လက်ထောက်ညွှန်ကြားရေးမှူး/<br>ကျား/မရေးရာလုပ်ငန်းအဓိကဆောင်ရွက်ပေးမည့်သူ | ကျေးလက်ဒေသ |
| ဒေါ်အေးအေးမော် | ဦးစီးအရာရှိ/ကျား/မရေးရာလုပ်ငန်းအဓိကဆောင်ရွက်ပေးမည့်သူ | အလုပ်သမားည |
| ဒေါ်မြင့်မြင့်ကြည် | လက်ထောက်ညွှန်ကြားရေးမှူး/<br>ကျား/မရေးရာလုပ်ငန်းအဓိကဆောင်ရွက်ပေးမည့်သူ | သတင်းအချက် |
| ဒေါ်စိုးရင်ပြုံး | ဦးစီးအရာရှိ/ကျား/မရေးရာလုပ်ငန်းအဓိကဆောင်ရွက်ပေးမည့်သူ | မြန်မာ့အသံနှင့် |
| ဒေါက်တာခန့်ဇော် | ညွှန်ကြားရေးမှူးချုပ် | ကျေးလက်ဒေသ |
| ဒေါက်တာကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ် | ကယ်ဆယ်ရေး |
| ဒေါ်ညိုညိုအေး | ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျေးလက်ဒေသ |
| ဒေါက်တာသီတာတင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | သတင်းအချက် |

| | | |
|---|---|---|
| ဦးမိုင်မြင့်အောင် | ဒုတိယညွှန်ကြားရေးမှူးချုပ် | မြန်မာ့အသံနှင့် |
| ဒေါ်မိုးသူဇာအောင် | ညွှန်ကြားရေးမှူး (ရုပ်မြင်သံကြား) | မြန်မာ့အသံနှင့် |
| ဦးသန်းလွင် | ညွှန်ကြားရေးမှူး (မြန်မာ့အသံ) | မြန်မာ့အသံနှင့် |
| ဒေါ်စန်းစန်းဦး | ဒုတိယညွှန်ကြားရေးမှူး | မြန်မာ့အသံနှင့် |
| ဒေါက်တာဝါဝါမောင် | ညွှန်ကြားရေးမှူးချုပ် | ဗဟိုစာရင်းအင် |
| ဒေါ်ခင်မာအေး | ဒုတိယညွှန်ကြားရေးမှူးချုပ် | ॥ |
| ဒေါက်တာအေးအေးမွန် | ညွှန်ကြားရေးမှူး | ॥ |
| လွှတ်တော်ကိုယ်စားလှယ်များ | | |
| ဒေါ်ရွှေရွှေစိန်လတ် | လွှတ်တော်ကိုယ်စားလှယ် | အမျိုးသားလွှတ် |
| နော်လှလှစိုး | လွှတ်တော်ကိုယ်စားလှယ် | အမျိုးသားလွှတ် |
| အရပ်ဖက်နှင့်ဒေသခံအစိုးရမဟုတ်သောအဖွဲ့အစည်းများ | | |
| ဒေါ်ပန်စီထွန်းသိန်း | ဒါရိုက်တာ | ဒေသခံရင်းမြစ် |
| ဒေါ်ဂျူလီယာမာရစ် | အထွေထွေအတွင်းရေးမှူး | ဗမာ့အမျိုးသမီး |
| ဒေါ်စန္ဒာသန့် | ဒါရိုက်တာ | လူမှုရေး၊စီးပွား |
| ဒေါ်မေစံပယ်ဖြူ | ဒါရိုက်တာ | ကျား/မတန်းတူ |
| Cate Buchanan | ငြိမ်းချမ်းရေးဖော်ဆောင်မှုအကြီးတန်းအကြံပေး | ငြိမ်း (Shalom) |
| Gerry Fox | အဖွဲ့ခေါင်းဆောင် | ပျိုးပင် |
| ဒေါ်စုစုငယ် | စောင့်ကြည့်လေ့လာရေးမန်နေဂျာ | ပျိုးပင် |
| အလှူရှင်အဖွဲ့အစည်းများ | | |
| Annabelle Regal | အစီအစဉ်မန်နေဂျာ -<br>အရပ်ဖက်လူမှုအဖွဲ့အစည်း၊အစိုးရမဟုတ်သောအဖွဲ့များ | မြန်မာနိုင်ငံဆိုင် |
| Ben Powis | လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးအကြံပေး | DFID |
| Melanie Littlejohn | ပထမအတွင်းဝန် | ဩစတြေးလျသံ |
| စိုင်းအောင်ကျော်မြင့် | အကြီးတန်းစီမံချက်အရာရှိ | ဩစတြေးလျသံ |

| | | |
|---|---|---|
| Nora E. Pinzon | ဒုတိယစီမံချက်အရာရှိ | USAID |
| ဒေါ်မြင့်မြင့်ကြူ | စီမံချက်ဖွံ့ဖြိုးရေးကျွမ်းကျင်ပညာရှင် | USAID |
| Silja Rajander | ကောင်စစ်ဝန် | ဖင်လန်နိုင်ငံသံ |
| Tomas Lundström | ကောင်စစ်ဝန် | ဆွီဒင်နိုင်ငံသံရုံး |
| **အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သောအဖွဲ့အစည်းများ** | | |
| Elizabeth Armstrong | ညွှန်ကြားရေးမှူး | ငြိမ်းချမ်းရေးအ |
| Birke Herzbruch | ဌာနေကိုယ်စားလှယ် | Trocaire |
| Stav Zotalis | ဌာနေကိုယ်စားလှယ် | Care Interna |
| ဒေါ်နီလာထွန်း | အမျိုးသားအဆင့်ကျား/မရေးရာအကြံပေး | Care Interna |
| Kim Ninh | ဌာနေကိုယ်စားလှယ် | အာရှဖောင်ဒေး |
| Jasmine Burnley | အသိပညာပေးနှင့်ဆက်သွယ်ရေးညွှန်ကြားရေးမှူး | Oxfam |
| ပိုးအိဖြူ | ကျား/မရေးရာမူဝါဒအကြံပေး | Oxfam |
| **ကုလသမဂ္ဂ** | | |
| Janet Jackson | ဌာနေကိုယ်စားလှယ် | **ကမ္ဘာ့ကုလသမ** |
| Jean D'Cunha | အဖွဲ့ခေါင်းဆောင် | ကုလသမဂ္ဂကျ |
| Kaori Ishikawa | ဒုတိယဌာနေကိုယ်စားလှယ် | **ကမ္ဘာ့ကုလသမ** |
| ဆိုင်းအောင်စိန်မြင့် | အမျိုးသားအဆင့်အရာရှိ (ကျား/မရေးရာ) | **ကမ္ဘာ့ကုလသမ** |
| Jane Davies | ပညာရေးကျွမ်းကျင်ပညာရှင် (မူဝါဒ) | ကုလသမဂ္ဂကေ |

Alliance for Gender Inclusion in the Peace Process (2015) Women, Peace and Security Policy-making in Myanmar: Context and Recommendations

Asia Development Bank, UNFPA, UNDP and UN Women (2016) Gender Equality and Women's Rights in Myanmar: A Situation Analysis, Manila:ADB

Gender Equality Network (2015) Behind the Silence: Violence Against Women and their Resilience Myanmar. Yangon: Gender Equality Network

Gender Equality Network (2015b) Raising the Curtain: Cultural Norms, Social Practices and Gender Equality in Myanmar. Yangon: Gender Equality Network

Global Justice Center & Leitner Center for International Law and Justice (2015) Promises not Progress: Burma's National Plan for Women Falls Short of Gender Equality and CEDAW

Ministry of Social Welfare, Relief and Resettlement (2013) National Strategic Plan for the Advancement of Women (2013-2022)

Ministry of Immigration and Population (2015), Population and Housing Census of Myanmar, 2014

Ministry of Social Welfare, Relief and Resettlement (2016) 'Reforming Myanmar National Committee for Women's Affairs'

Minoletti, P. (2014) Women's Participation in the sub-National Governance of Myanmar, Myanmar Development Research Institute – Centre for Economic and Social Development and The Asia Foundation.

Minoletti, P. (2016) Gender (in)Equality in the Governance of Myanmar: Past, Present, and Potential Strategies for Change

Oxfam, Care, Trocaire and ActionAid (2011) Women and Leadership in Myanmar

Peace Support Fund (2016) The women are ready: an opportunity to transform peace in Myanmar, PSF.

The Asia Foundation (2014) Myanmar 2014: Civic Knowledge and Values in a Changing Society, Myanmar: The Asia Foundation

The Burma Myanmar UPR Forum (2015) 2nd Cycle Universal Periodic Review: Myanmar UPR 2015 – Information on the Status of the Human Rights Situation in Myanmar

Welsh, B. and Huang, K. (2016) Myanmar's Political Aspirations & Perceptions: 2015 Asian Barometer Survey Report, Taiwan: Centre for East Asia Democratic Studies National Taiwan University

Zainudeen, A. and Galpaya H. (2015) Mobile phones, internet and gender in Myanmar, GSMA and Lirne Asia